# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၁၁]


**ဒါန၃ တော်မင်္ဂလ မုတ္တမံ**

**စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လှူဒါန်းမည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ကြည့်ရှုစစ်ဆေး

စာမျက်နှာ-၃

**ယနေ့ ပတ်စရာ**



### လူလိုသိသူ လူကိုရွေးပါ

မဲဆန္ဒရှင်ပြည်သူများသည်
သူတို့ဘက်ကရှိသူ၊
သူတို့ဘက်ကိုကြည့်သူ၊
လူလိုသိသူ
ပြည်သူ့ကိုယ်စားလှယ်
ကိုသာ အလိုရှိသင့်

မျိုးသာထက်၏ဆောင်းပါး

စာမျက်နှာ-၆

### ရေဘေးသင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးအပြင် ပြန်လည်ထူထောင်ရေးကို ခြောက်လအထိ ဆက်လက်ပံ့ပိုးသွားမည်

စာမျက်နှာ-၁၂



## မြစ်သာမြစ်အတွင်း ခုန်ဆင်းသွားတဲ့ရွာကျောက္ကာစုပေါင်းအားဖြင့်ရွာသစ်တည်မည်

**ကလေး ဩဂုတ် ၁၁**

သနပ်ခါးကို ခပ်ပျစ်ပျစ်ဖျော်ထားသည့် အရောင်ရှိသော ရွှံ့နွံများက စိုသည့်နေရာတွင်စို၊ အပေါ်ယံခြောက်သည့်နေရာက ခြောက်ဖြင့် ရှိနေသည်ကို အမှုမထားဘဲ ပုဆိုးပိုင်းကိုဝတ်ဆင်ထားသည့် ဦးမောင်မောင်က ခါးလယ်အထိ နစ်မြုပ်နေသည့်ရွှံ့နွံထဲတွင် တစ်စုံတစ်ရာကို ကြိုးစားရှာဖွေနေသည်။

"တော်ပါတော့တော်ရေ၊ အခုလောက်ရှိ မြစ်သာမြစ်တင်မကဘူး၊ ချင်းတွင်းရော၊ ရေပါ ဘင်္ဂလားပင်လယ်ထဲ မျောလောက်ရောပေါ့"ဟု မိန်းမ၏ အော်ပြောသံကိုလည်း မကြားသယောင်ပြုသည်။ သူရှာဖွေနေသည်မှာ မိုးမကျမီ လေးတင်မှ ဝယ်ယူထားသည့် လွှအသစ်စက်စက်လေးကိုပင် သူတို့မိသားစုအတွက် ကယ်ဆယ်ရေးရရှိထားသည့်

စာမျက်နှာ ၅ ကော်လံ ၁

သတင်းဆောင်းပါး
ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကိုယ်ချင်းစာတရား

တစ်ဦးကတစ်ဦးအပေါ် သနားခြင်း၊ ကြင်နာခြင်းတည်းဟူသော အကြောင်းတရားတို့သည် ကိုယ်ချင်းစာတရား၏ အခြေခံဇာစ်မြစ်ပင်ဖြစ်၏။ ဤလောက၌ ဘေးဒုက္ခရောက်ကြသူအပေါင်းတို့အား အသိဉာဏ်ရှိသော လူသားများဖြစ်ကြသည့်အလျောက် သနားကြင်နာတတ်ကြသည်။ စာနာတတ်ကြသည်။ ဤသည်ပင်လျှင် ကိုယ်ချင်းစာတရားဖြစ်၏။ ကိုယ်ချင်းစာတရားဖြင့် အချင်းချင်းရိုင်းပင်း ကူညီကြလေ့ရှိသည်။

လူသားအချင်းချင်း ဘေးဒုက္ခရောက်နေကြသူများအား ကိုယ်ချင်းစာစိတ်ဖြင့် ဖေးမကူညီကြခြင်းသည် ကောင်းသောအလေ့အထတစ်ရပ်ပင်ဖြစ်၏။ နေ့စဉ်နှင့်အမျှ သတင်းစာ၊ ရုပ်မြင်သံကြားတို့၌ မြင်တွေ့နေရသောရေဘေး အန္တရာယ်နှင့်ရင်ဆိုင်နေရသော ပြည်သူအပေါင်းတို့၏ဘဝကို စာနာသနားမိ၏။ ငါတို့မိသားစုသည် သူတို့မိသားစုကဲ့သို့ ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော် ငါတို့မည်သို့ နေကြမည်နည်းဟု စာနာထောက်ထားမိ၏။ ကိုယ်ချင်းစာမိ၏။

လွန်ခဲ့သော ဇွန်၊ ဇူလိုင်လများအတွင်း မြန်မာနိုင်ငံအဝန်း မိုးအဆက်မပြတ်ရွာသွန်းခဲ့၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုတို့၌ လူဦးရေတစ်သန်းကျော်တို့သည် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ အများစုမှာ ကိုယ်လွတ်ရုန်းပြေးခဲ့ကြရသည်။ ပစ္စည်းပစ္စယများအားလုံးဆုံးရှုံးခဲ့ကြရသည်။ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးအစစအရာရာဒုက္ခများနှင့် ရင်ဆိုင်ကြရသည်။ မိအိုဖအိုများနှင့် ကလေးများအပါအဝင် ဘေးဒုက္ခနှင့်ရင်ဆိုင်ကြရကုန်၏။ ကယ်ဆယ်ရေးအလှမ်းဝေးသောကျေးရွာများတွင် ရေပင် သောက်စရာမရှိဖြစ်ကြရသည်။ နောက်ပိုင်းမှအရေးပေါ်ကယ်ဆယ်ရေးအကူအညီများ ရရှိလာခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ပြည်သူအပေါင်းတို့က မိမိတို့တတ်စွမ်းသရွေ့ ပေးကမ်းလှူဒါန်းကြကုန်၏။ ကျပ်သိန်းရာထောင်ချီ၍ လှူဒါန်းကြသူများရှိသလို မိမိတို့ချွေးနဲ့စာဖြင့် တတ်စွမ်းသရွေ့လှူဒါန်းသူများလည်း အများအပြားပင်ရှိသည်။ လူငယ်လူရွယ်လေးများက တစ်လမ်းဝင်တစ်လမ်းထွက် အလှူခံပေးကြသည်ကိုလည်း တွေ့ရသည်။ ရုပ်ရှင်နှင့်ဂီတ၊ သဘင်အစရှိသဖြင့် အနုပညာရှင်များကလည်း တတ်စွမ်းသရွေ့ အလှူငွေနှင့်ပစ္စည်းများကောက်ခံ၍ လှူဒါန်းပေးကြသည်ကိုလည်း တွေ့ရသည်။ ရုပ်သံမီဒီယာအဖွဲ့အစည်းများ၊ တစ်ဦးချင်းလှူဒါန်းသူများ၊ အဖွဲ့အစည်းများအလိုက် လှူဒါန်းမှုများ အများအပြားပင် တွေ့မြင်ကြားသိနေရသည်။

လှူဒါန်းမှုတစ်ခုသည် ငွေကြေးဥစ္စာပြည့်စုံခြင်း၊ မပြည့်စုံခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့် မသက်ဆိုင်ပါ။ သဒ္ဓါတရားသည်သာလျှင် အခြေခံဖြစ်ပါသည်။ မိမိတို့တတ်စွမ်းသရွေ့ ကူညီနိုင်ပါသည်။ ငွေအားသာမက လုပ်အားဖြင့်လည်းကူညီနိုင်ပါသေးသည်။ လုပ်အားဖြင့် ကူညီခြင်းသည်ပင်လျှင် ပရဟိတကုသိုလ်အလုပ်ဖြစ်၍ လှူဒါန်းမှုနှင့်အတူတူပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ကိုယ်ချင်းစာတရားဖြင့် ဖေးမကူညီ လုပ်ကိုင်သွားကြမည်ဆိုလျှင် အခက်အခဲများကို ကျော်လွှားနိုင်ကြမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

“ မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ”

## အခြေခံကုန်ပစ္စည်းများကို သင့်တင့်သောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်စေရေး စည်းဝေး



**ရန်ကုန် ဩဂုတ် ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရေဘေးသင့်ဒေသများတွင် အခြေခံစားသောက်ကုန်ပစ္စည်းများကို သင့်တင့်သော ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်စေရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ကုန်သည်/စက်မှုအသင်းချုပ် တတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သည်/စက်မှု အသင်းချုပ်နှင့် သက်ဆိုင်ရာ ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရေဘေးသင့်ပြည်သူများ စားဝတ်နေရေးအတွက် အခြေခံစားသောက်ကုန် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး၊ ဆက်စပ်လုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍများအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ မြန်မာနိုင်ငံရှိ ရေဘေးသင့်ဒေသပေါင်း ၁၉ ခုတွင် ဆန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် သင့်တင့်မျှတသောဈေးနှုန်းဖြင့် လက်ကားဖြန့်ဝေနိုင်ရေး၊ ဆီလုပ်ငန်းရှင်များအသင်း၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် ဆားလုပ်ငန်းရှင်များ အသင်းတို့ကလည်း ပဲ၊ ဆီ၊ ဆားနှင့် အခြေခံစားသောက်ကုန်တို့ကို အဆိုပါနေရာများမှတစ်ဆင့် လက်ကားဖြန့်ဝေသွားရေးတို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကုန်သည်/ စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများ ပူးပေါင်းကာ ကော်မတီတစ်ရပ်ဖွဲ့စည်း၍ လက်လီစနစ်ဖြင့် ဝယ်ယူလိုသူများအား ပြန်လည်ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်သွားနိုင်ရေး၊ ရေဘေးသင့်ဒေသများသို့ ပို့ဆောင်မည့် စားသောက်ကုန်ပစ္စည်းများအား ပင်လယ်ကမ်းရိုးတန်း ရေကြောင်းအသင်းနှင့် ကုန်သေတ္တာတင်မော်တော်ယာဉ်အသင်းများမှ ဈေးနှုန်းသက်သာစွာ သယ်ယူပို့ဆောင်နိုင်စေရေး အစီအစဉ်များ ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း(MO-GSS)မှ ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ကူညီရန်အတွက် အလှူငွေကျပ် သိန်း ၁၅၀ နှင့် အမေရိကန်ဒေါ်လာ ၄၀၀ ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်တက်ရောက်သည်။

စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများက ရေဘေးသင့်ဒေသရှိ ပြည်သူများသို့ အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ တိုက်ရိုက်လှူဒါန်းလျက်ရှိပြီး ယနေ့အထိ စွမ်းအင်ဝန်ကြီးဌာနနှင့် ကုမ္ပဏီအသင်းအဖွဲ့ ၃၉ ခုမှ ယခုလှူဒါန်းမှုအပါအဝင် စုစုပေါင်း ငွေကျပ် သုံးရာရှစ်ဆယ့် ငါးသိန်း သုံးသောင်းနှင့် အမေရိကန်ဒေါ်လာ ၄၀၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၂၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၉.၀၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၈.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂.၉၂ |

ခင်ရတနာ-စုစည်းသည်။

၃-၈-၂၀၁၅ မှ ၅-၈-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၄၉ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၅၁ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လှူဒါန်းမည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယသမ္မတ ဦးညွှန့်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေး ဧက ၅၀၀ စံပြစိုက်ခင်း သိုလှောင်ရုံများ၌ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် 4TV နွေးထွေးသောကမ်းလက်များအစီအစဉ်တို့မှ ထောက်ပံ့လှူဒါန်းမည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ စုစည်းထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



အဆိုပါ ပေးပို့လှူဒါန်းသွားမည့်ပစ္စည်းများမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ အိမ်သုံးပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ပုံးကြီး ၅၀၀၀၊ 4TV နွေးထွေးသောကမ်းလက်များအစီအစဉ်မှ အိမ်သုံးပစ္စည်း ၃၃ မျိုးပါ ပလတ်စတစ်ပုံးကြီး ၁၀၀၀၊ အိမ်သုံးပစ္စည်း ၁၉ မျိုးပါ ပလတ်စတစ်ပုံးအသေး ၁၀၀၀ နှင့် တစ်လီတာဝင် ရေသန့်ဘူး ခြောက်ဘူးပါ ကတ် ၄၀၀ တို့ဖြစ်ရာ ၎င်းပစ္စည်းများကို ချင်းပြည်နယ် ဟားခါးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် တမူးမြို့၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့၊ ရခိုင်ပြည်နယ် မင်းပြားမြို့နှင့် မြောက်ဦးမြို့များရှိ ရေဘေးသင့်ပြည်သူများထံ တိုက်ရိုက်ပို့ဆောင်ထောက်ပံ့လှူဒါန်းပေးသွားမည်ဖြစ်ပြီး ကျန်ရေဘေးသင့် ဒေသများသို့လည်း စဉ်ဆက်မပြတ် ပေးပို့ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် 4TV နွေးထွေးသောကမ်းလက်များ အစီအစဉ်တို့က ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းပုံးများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၄/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်စိုးအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁၁ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၆ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၈ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၂၉၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၈၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၄၅၄ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၃၅ ဦး စုစုပေါင်း ၄၅၆၉ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၈၀ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၆၈ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ညောင်တုန်းမြို့ သဲအင်းဂူဝိပဿနာကျောင်းသို့ အလှူငွေများလှူဒါန်း

**ညောင်တုန်း ဩဂုတ် ၁၁**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ဦးဆောင်သောအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် သဲအင်းဂူဝိပဿနာကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံပြီး သဲအင်းဂူကျောင်းတိုက်ဆရာတော်အား ငွေကျပ်သိန်း ၅၀ လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၀သိန်းနှင့် လူသုံးကုန်၊ စားသောက်ကုန်နှင့် ဆေးဝါး စသည့် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။



**မအူပင်ခရိုင် (ပြန်/ဆက်)**

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ်(၂/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**
**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်ထုတ်ပြန်ခြင်း**

၁။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်(တနင်္လာနေ့)တွင် ပြုလုပ်ရန်ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးကို နိုင်ငံတစ်ဝန်း ဒေသအတော်များများ၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေများအရ ရွှေ့ဆိုင်းပါကြောင်းနှင့် ပြန်လည်ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ဤရုံး၏ ၃-၈-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၁၅)ဖြင့် အသိပေးထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ သက်ဆိုင်ရာအဖွဲ့အစည်းများက ကယ်ဆယ်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ လွှတ်တော်အနေဖြင့်လည်း ဆောင်ရွက်ရမည့် ဥပဒေကြမ်းများအပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အချိန်မီဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၃။ သို့ပါ၍ ခေတ္တရွှေ့ဆိုင်းထားသည့် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီခွဲအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
နာယက

# ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၃/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**
**ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်ထုတ်ပြန်ခြင်း**

၁။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်(တနင်္လာနေ့)တွင် ပြုလုပ်ရန်ကြေညာထားသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတစ်ဝန်း ဒေသအတော်များများ၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေများအရ ရွှေ့ဆိုင်းပါကြောင်းနှင့် ပြန်လည်ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ဤရုံး၏ ၃-၈-၂၀၁၅ ရက်စွဲပါကြေညာချက်အမှတ် (၂/၂၀၁၅) ဖြင့် အသိပေးထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ သက်ဆိုင်ရာ အဖွဲ့အစည်းများက ကယ်ဆယ်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ လွှတ်တော်အနေဖြင့်လည်း ဆောင်ရွက်ရမည့်ဥပဒေကြမ်းများအပါအဝင် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ အချိန်မီဆက်လက်ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။

၃။ သို့ပါ၍ ခေတ္တရွှေ့ဆိုင်းထားသည့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ

# ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၄/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**
**ပထမအကြိမ်အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆက်လက်ကျင်းပရန် ခေါ်ယူခြင်း**

အမျိုးသားလွှတ်တော်၏ ၃-၈-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၃/၂၀၁၅)ဖြင့် ရွှေ့ဆိုင်းထားသည့် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်(အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ အကြံပေးအဖွဲ့မှ အနာဂတ်မြန်မာ့ရေဆိုင်ရာ မျှော်မှန်းချက်နှင့် ရေကြီးရေလျှံမှုနှင့်ပတ်သက်သည့် အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုများ လျော့နည်းသက်သာစေရေးအတွက် ကာလတိုကာလရှည် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ညွှန်ကြားမှုဖြင့်ကော်မတီ၏အကြံပေးအဖွဲ့မှ ၂၀၄၀ မြန်မာ့ရေဆိုင်ရာ မျှော်မှန်းချက်နှင့် ရေကြီးရေလျှံမှုနှင့် ပတ်သက်သည့် အထူးအစည်းအဝေးကို ဇူလိုင်နောက်ဆုံးပတ်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးတွင် မိုးရေခံစုဆောင်းသိုလှောင်ရေးနှင့် Flood Hazard Map ပြုစုရေး၊ ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် GIS နည်းပညာဖြင့် အချိန်နှင့်တစ်ပြေးညီ ရှာဖွေတွက်ချက်သည့် GIS ပညာရှင်များ



အဖွဲ့နှင့် အကြံပေးအဖွဲ့တို့ပူးပေါင်းဆောင်ရွက်ရေး၊ Flood Hazard Map ပြုစုရေးအတွက် လူဦးရေ၊ ကျွဲ၊ နွား၊ စိုက်ပျိုးရေဆိုင်ရာစသည့် လိုအပ်သည့် အချက်အလက်များကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ဆက်သွယ်တောင်းခံရေး၊ ရေကြီးမှုကာကွယ်ရေးအတွက် အကြံပြုချက်များစုစည်းရေးတို့အတွက် ဆွေးနွေးခဲ့သည်။

အကြံပေးအဖွဲ့က ပြုစုတင်ပြသည့် ၂၀၄၀ မြန်မာ့ရေဆိုင်ရာ မျှော်မှန်းချက်နှင့် ရေနှင့်ပတ်သက်သည့် သဘာဝဘေးအန္တရာယ်များမှ ရေရှည်လျော့နည်းသက်သာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံကိန်းများတွင် ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကြံပြုချက်များကိုပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က နိုင်ငံတစ်ဝန်း ဆန်အရောင်းဆိုင်များဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁၁**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်စီစဉ်မှုဖြင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးဆိုင်ရာ ကုမ္ပဏီများ၊ စက်ပိုင်များ၊ ကုန်သည်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် နိုင်ငံတစ်ဝန်းရှိ မြို့နယ်များတွင် ဆန်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဖွင့်လှစ်သွားမည့် မြို့နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)နှင့် ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)၊ မကွေးတိုင်းဒေသကြီးတွင် ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်နှင့်လယ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုမြို့နှင့် မုံရွာမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပြည်မြို့၊ မင်းလှမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ နတ်တလင်းမြို့နယ်နှင့် သာယာဝတီမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဇလွန်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ မြောင်းမြမြို့နယ်နှင့်ဓနုဖြူမြို့နယ်၊ နေပြည်တော်တွင် ပျဉ်းမနားမြို့၊ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့နယ်တို့ဖြစ်သည်။

ဆန်အရောင်းဆိုင်များတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ညွှန်ကြားမှုနှင့်အညီ အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်ကိုသင့်တင့်မျှတသော ဈေးနှုန်းဖြင့် စားသုံးသူများအတွက်လည်းကောင်း၊ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသူများကို လည်းကောင်း၊ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်၊ အလေးချိန်မှန်စွာဖြင့် ရောင်းချပေးမည်ဖြစ်သဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံး ဖုန်း-၀၁-၂၁၈၂၆၆၊ ၀၁-၂၁၈၂၆၈၊ ၀၉-၇၃၀၂၃၆၈၈ နှင့်ဖြစ်စေ၊ ဆန်စပါး ကုန်စည်ဒိုင်များ၊ မြို့နယ်အသီးသီးရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးများတွင်ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည့် နေရာများတွင်ပါ ဆက်လက်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မတူပီမြို့နယ်အတွက် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာ (WFP) က ရိက္ခာများ ထောက်ပံ့

**မတူပီ ဩဂုတ် ၁၁**

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာ (WFP) အစီအစဉ်ဖြင့် ထောက်ပံ့လှူဒါန်းသောဆန်များကို ချင်းပြည်နယ်မတူပီမြို့ လူမှုဖွံ့ဖြိုးရေးအသင်း (ACRD) အဖွဲ့က ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက တစ်ဆင့်ပေးအပ်လှူဒါန်းရာ လေးရပ်ကွက်အတွက် အိတ် ၂၀၊ ခိုဘွေရပ်ကွက်အတွက် အိတ် ၅၀၊ စန်ဘောင်ရပ်ကွက်အတွက် အိတ် ၁၅၀ နှင့် လောင်ဗန်းရပ်ကွက်အတွက် အိတ် ၈၀၊ စုစုပေါင်း အိတ် ၃၀၀ ကို တာဝန်ရှိသူများက ပြည်သူများထံ ဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့အပြင် မတူပီမြို့ နယ်မြေခံတပ်များက ကုလားပဲ အိတ် ၄၀၊ ဆီ ၅၈ ဖာနှင့် ဆား ၂၁၅ ထုပ် ထပ်မံလှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက် လုပ်ပိုင်ခွင့်စာလွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

**မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက် (Sovereign rating) သတ်မှတ်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့နှင့် ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက် လုပ်ငန်းစဉ်အတွက် ပူးတွဲအကြံပေးမည့် အင်္ဂလန်နိုင်ငံအခြေစိုက် Standard Chartered Bank နှင့် အမေရိကန်နိုင်ငံ အခြေစိုက် Citi Bank တို့အကြား လုပ်ပိုင်ခွင့်စာလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel၊ Grand Ball Room ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။**




**ဒုတိယသမ္မတ ဦးညဏ်ထွန်း မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက် သတ်မှတ်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့်လုပ်ငန်းအဖွဲ့နှင့် ပူးတွဲအကြံပေးမည့် အင်္ဂလန်နိုင်ငံအခြေစိုက် Standard Chartered Bank နှင့် အမေရိကန်နိုင်ငံ အခြေစိုက် Citi Bank တို့အကြား လုပ်ပိုင်ခွင့်စာလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ Thailand and Greater Mekong, Standard Chartered Bank ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စလင်းကော့ခ်၊ Thailand၊ Myanmar၊ Laos and Cambodia, Citi Bank ၌ နေကိုယ်စားလှယ် မစ္စတာ ဒယ်ရမ်ဘာကလီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက်ရရှိရေး အဓိကရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံ၏ လက်ရှိရောက်ရှိနေသည့် အဆင့်နေရာကိုသိရှိပြီး အားနည်းချက်များရှိနေသည့် နယ်ပယ်များကို မဟာဗျူဟာကျကျ ပြုပြင်ခြင်းဖြင့် ကောင်းမွန်စွာ အစပျိုးနိုင်ရန်ဖြစ်ပါကြောင်း၊ ဤနယ်ပယ်များကို ရှာဖွေသတ်မှတ်ပြီး တိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်ရန် ကမ္ဘာ့အထင်ကရဘဏ်ကြီးနှစ်ခုမှ ပူးတွဲကူညီပေးသွားမည်ဖြစ်၍ အားရကျေနပ်မိပါကြောင်း၊ သိသာထင်ရှားသည့်ရလဒ်များရရှိရန် မိမိတို့အပိုင်းမှ ဆောင်ရွက်ပေးနိုင်သည့် ကိစ္စမှန်သမျှကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Thailand and Greater Mekong, Standard Chartered Bank ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စ လင်းကော့ခ်၊ Thailand၊ Myanmar၊ Laos and Cambodia, Citi Bank ၌နေကိုယ်စားလှယ် မစ္စတာ ဒယ်ရမ်ဘာကလီတို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ မစ္စလင်းကော့ခ်နှင့် မစ္စတာ ဒယ်ရမ်ဘာကလီတို့က မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်ချက် လုပ်ပိုင်ခွင့်စာလွှာ၌ လက်မှတ်ရေးထိုးကြသည်။

ထိုသို့ မြန်မာနိုင်ငံအတွက် ငွေကြေးဆိုင်ရာ အဆင့်သတ်မှတ်နိုင်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်၌ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာနိုင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုပိုမိုရရှိလာနိုင်ကြောင်း၊ နောင်တစ်ချိန်တွင် အဆင့်တိုးတက်လာသည်နှင့် အတိုးနှုန်းသက်သာသည့် နိုင်ငံတကာချေးငွေများ လွယ်ကူစွာ ရရှိနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာအရင်းအနှီးဈေးကွက်မှတစ်ဆင့် နိုင်ငံတကာ ချေးငွေသက်သေခံ လက်မှတ်များရောင်းချပြီး အရင်းအနှီးများရယူနိုင်မည့် အခွင့်အလမ်းများရရှိလာနိုင်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတကာချေးငွေသက်သေခံ လက်မှတ်များရောင်းချရန် စီစဉ်ထားခြင်း မရှိသေးသော်လည်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိရန်နှင့် နိုင်ငံတကာ ဈေးကွက်၌ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာစေရန် အဓိကရည်ရွယ်ကြောင်း၊ လက်မှတ်ရေးထိုးခဲ့သည့် လုပ်ပိုင်ခွင့်စာလွှာအရ အဆိုပါဘဏ်နှစ်ခုအနေဖြင့် မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာအဆင့် သတ်မှတ်ရန်လိုအပ်သောပြင်ဆင်မှုများပြုလုပ်ရာတွင် အကြံဉာဏ်များပေးခြင်း၊ နိုင်ငံတကာအဆင့် သတ်မှတ်သည့် အေဂျင်စီများက အသုံးပြုသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပဏာမအဆင့် သတ်မှတ်မှု ဆောင်ရွက်ခြင်း၊ အဆင့်သတ်မှတ်သည့် အေဂျင်စီများနှင့် အစပျိုးဆွေးနွေးမှုများပြုလုပ်ခြင်း၊ အဆင့်သတ်မှတ်ရေး လုပ်ငန်းစဉ်အတွက် အချိန်ဇယားနှင့် အစီအစဉ် အသေးစိတ်ပြုစုရာတွင် အကြံဉာဏ်ပေးခြင်း စသည့်ကိစ္စ များကို အဓိကအကြံပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

### ရွှေဖုံးမှ

တာပေါ်လင်အပြာရောင်လေးကိုအသုံးပြုကာ သပ်ရပ်သည့် လေးတိုင်စင်ကယ်ဆယ်ရေးတဲကလေး အမြန်ထိုးချင်လှုပြီ။

ကလေး-ကလေးဝ ကားလမ်းသည် မိုင် ၂၀ ဝန်းကျင်သာ ရှိသော်လည်း ပုံမှန်အားဖြင့်စနစ်တကျနှင့် ရာသီမရွေးသွားလာရန်အတွက် အဆင်သင့်ဖြစ်ခဲ့သည်မှာဆယ်စုနှစ်တစ်ခုတောင် မရှိသေး။ လမ်းပန်းဆက်သွယ်ရေးကောင်းရုံရှိသေး အခုလို သဘာဝကပ်ဘေးကြီးကြုံရသည်ကြောင့် လမ်းတစ်လျှောက်ရွှံ့နွံများက အပြည့်နေရာယူထားပြီဖြစ်သည်။

“ပတ်ဝန်းကျင်ရွာတွေထဲမှာတော့ ကျွန်တော်တို့ရွာက အဆိုးဆုံးပဲဗျ။ ခင်ဗျားလို သတင်းထောက်မပြောနဲ့၊ ကယ်ဆယ်ရေးအဖွဲ့တွေတောင် နှစ်ဖွဲ့ပဲရောက်သေးတယ်။ ဒီနေ့မှ လမ်းပေါက်တာ” ဟု ဦးမောင်မောင်က ပြောပြီး နေအိမ်နှင့်အတူ ပျောက်ဆုံးသွားခဲ့ရသော လှေတစ်ချောင်းအပေါ် သံယောဇဉ်မကုန်ဟန်ဖြင့် မြစ်သာမြစ်ရေပြင်သို့ တံတွေးတစ်ချက် ထွေးထည့်လိုက်သည်။

“ရေက ချက်ချင်းကြီး တိုးလာတာဗျ။ ကျွန်တော့်အိမ်တက်လုပ်ဖို့အတွက် တစ်ရွာလုံးဖိတ်ထားတာ အလှူမတိုင်ခင် နှစ်ရက်ရောက်တော့ ကျွန်တော့်အိမ်ဆို အစတောင်ရှာမရတော့ဘူးဗျို့။ မရှုးသွားရုံတစ်မယ် ကျန်ခဲ့တယ်။ ကျွန်တော့်အိမ်မြေနေရာကတော့ တစ်ဝက်က ရေထဲမှာ၊ ပြန်ဆောက်ဆိုရင် ဘယ်လိုဆောက်ရမယ်တောင် မသိတော့ဘူးဗျာ” ဟု ကလေးမြို့နယ် ကျောက္ကာကျေးရွာမှ ဒေသခံ ဦးမင်းထွန်းနိုင်က ပြောကြားသည်။

နေထိုင်လာခဲ့သည့် နှစ်ပေါင်း ၈၆ နှစ် အတွင်း ရေမကြာခဏကြီးဖူးသော်လည်း အိမ်တိုင်ဖိနပ်ခုံအထိသာရေတိုးခဲ့သည့်အတွက် ရေကြီးခြင်းသတိပေးချက်သည် သူတို့ရွာလေးကို စိတ်မပူစေခဲ့ပါ။ အိမ်ခေါင်တိုင်သို့ အရေးကြီးသည့် စာရွက်စာတမ်းများနှင့်တကွ ငွေကြေးအချို့ကို ထိုးပစ်ခဲ့ပြီး အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် တောင်စောင်းပေါ်သို့ တက်လာခဲ့ကြသည့်ကျောက္ကာ ဒေသခံအများစုသည် ပြင်းထန်လှသည့် ရေစီးများအကြား မျက်စိရှေ့တင် တရိပ်ရိပ်မြင့်တက်လာသည့်ရေပြင်ကို တောက်တစ်ခေါက်ခေါက်ဖြင့်ကြည့်ရင်း မိမိတို့အိမ်များ ရေစီးကြားမျောပါသွားသည်ကို ကြုံခဲ့ ကြရသည်။ ဇူလိုင်လကုန်မှစတင်ကာ ချင်းတွင်းမြစ်၏စိုးရိမ်ရေမှတ်သည် မုံရွာကို စံချိန်တင်ပေးသကဲ့သို့ ၁၁၄၂ စင်တီမီတာအထိ မြင့်တက်လာခြင်းသည် ကလေးဒေသခံများအဖို့ ထူးဆန်းအံ့ဩဖွယ်ရာ တောင်မှမြောက်သို့ ပြန်လည် မြင့်တက်လာသည့်ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ကြသည်။

မြစ်ရေဝင်လမ်းကြောင်းများ ပုံမှန်မဟုတ်ခြင်းနှင့် မြစ်ကြောင်းများကျဉ်းမြောင်းခြင်း၊ မိုးကြီးခြင်းနှင့် မုန်တိုင်းဝင်ရောက်ခြင်းများကြောင့် မြစ်ကမ်းတစ်လျှောက်နှင့် တောင်ရိုးများတစ်လျှောက်မှတိုက်စားခဲ့သော မြေဆီလွှာများသည် နုန်းမြေများအဖြစ် ရေကျသွားသော်လည်း နှစ်ပေမှငါးပေအထိ ရွှံ့နွံများကိုချန်ပစ်ခဲ့ရာ ရွာအဖြစ် ပြန်လည်ထူထောင်ရန် အခက်အခဲများ ဖြစ်နေခဲ့ရပြီ။

ရေဘေးဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရပြီး ရွာလုံးကျွတ်နေထိုင်ရန်ခက်ခဲသည့် ရွာများအနက် ကျောက္ကာရွာသည်လည်း အပါအဝင်ဖြစ်ပြီး ကလေး-ကလေးဝလမ်းတစ်ဝက်ခရီး အေးချမ်းသော တောင်ယာလုပ်ကိုင်သူ၊ ရေလုပ်ငန်းနှင့် တစ်နိုင်တစ်ပိုင် ရေနံလုပ်ငန်းလုပ်ကိုင်သူများအတွက် သူတို့မြေနေရာသည် ကမ်းပါးပြိုမှုကြောင့် မည်သူမျှ ပြန်လည်နေထိုင်လိုစိတ်မရှိကြတော့ကြောင်း ရွာသူရွာသားများက သဘောထားတူညီစွာ ဖြေကြားသည်။

“အိမ်ခြေစုစုပေါင်း ၁၆၉ လုံးမှာ ရေထဲကိုမျောပါသွားတာက အိမ်ခြေ ၁၁၀ နဲ့ မူလတန်းလွန်ကျောင်းဆောင်၊ ဆရာမနေအိမ်တို့ဖြစ်ပါတယ်။ ရေဘေးသင့်ပြီးအိမ်ရာပျောက်ဆုံးသွားသူတွေထဲမှာ ၁၂ နှစ်အောက်ကလေးတွေ ၁၂၈ ဦး ပါဝင်ပါတယ်။ လတ်တလောပြဿနာက နေစရာမရှိတာဖြစ်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် အိမ်သာတွေ မရှိသလောက်ဖြစ်နေပြီး တောထဲမှာပဲ ပြဿနာကိုရှင်းနေကြရတော့ကူးစက်ရောဂါဖြစ်ပွားမှာကို စိုးရိမ်နေရတယ်”ဟု ဒေသခံ ဦးတင်ထွန်းက ပြောကြားသည်။

ဒေသခံများ၏ပြောကြားချက်အရ မြစ်သာမြစ်သည် သူတို့ရွာတစ်ရွာလုံးကို ၁၅ နာရီဝန်းကျင်အတွင်းမှာပင် ရေစီးသန်စွာဖြင့် ဆွဲယူသွားကြောင်း၊ တောင်ကမ်းပါးယံများမှတစ်ဆင့် ကြည့်နေရုံသာဖြစ်ခဲ့ပြီး ဖြစ်ခါစ ဇူလိုင်၂၈ရက်မှ ဩဂုတ် ၄ရက်ကျမှပင် ရေများပြန်လည်ကျဆင်းသွားသော်လည်း မြေများပြိုသွားသဖြင့် ရွာအကျယ်အဝန်းတစ်ခြမ်းသာ ကျန်ရှိတော့ကြောင်း သိရသည်။

“ကျောက္ကာက မနေ့ကမှ လမ်းပေါက်တော့ ကျွန်မတို့အဖွဲ့ရောက်ဖြစ်တယ်။ အဖြစ်များတာက သဲဝဲစားတဲ့ ဒေသခံတွေ အများကြီးရှိနေပါတယ်။ ရွှံ့နွံတွေနဲ့ သဲမြေတွေကြောင့် အရေပြားပြဿနာတွေအများကြီး ဖြစ်ပွားတယ်။ အသက်ရှစ်ဆယ်ကျော်အဖွားအိုတစ်ဦး နှစ်ပတ်လုံးလုံး လက်ကျိုးတဲ့ဒဏ်ရာနဲ့ ဒီအတိုင်းနေနေခဲ့တာကို တွေ့ရတယ်။ မီးဖွားဖို့ကာလရောက်နေတဲ့မီးနေသည်တစ်ဦး အရေးပေါ်စောင့်ရှောက်မှုလိုအပ်တာကို တွေ့ရတယ်။ ကျွန်မတို့က ကျန်တဲ့သူတွေအတွက်တော့ ဆေးတွေပေးခဲ့တယ်။ လိုအပ်တာတွေလည်း လုပ်ပေးခဲ့တယ်။ အဘွားအိုနဲ့ ကိုယ်ဝန်သည်ကိုတော့ ကလေးဆေးရုံကိုခေါ်လာပေးခဲ့တယ်။ ကလေးကို ညကခွဲမွေးဖြစ်တယ်။ ကံကောင်းလို့ ကလေးရော မိခင်ရော ကျန်းမာတယ်။သူတို့အတွက် လိုအပ်တဲ့ဆေးနဲ့ ငွေကြေးတွေကူညီပေးဖြစ်တယ်” ဟု ကမ္ဘောဇလုပ်ငန်းစုမှ လှူဒါန်းပေးသည့် ယာဉ်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လိုက်လံပေးအပ်နေသူ ပင်လုံနှင့် SSC ဆေးရုံများမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကြည်ကြည်ဌေးက ပြောကြားသည်။

ကျောက္ကာရွာကလေး တွင် ဩဂုတ် ၁၁ ရက်အထိ ဆီ ၁၀ ပိသာပုံး နှစ်ပုံးကိုသာဆီ ထောက်ပံ့မှု ရရှိသေးသဖြင့် ဆီလှူဒါန်းနိုင်ရန် အလှူရှင်များကို စောင့်မျှော်လျက်ရှိသည့်အပြင် လမ်းပေါက်သွားသည့် ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဆန်အိတ်အနည်းငယ်နှင့် အဝတ်အစားအနည်းငယ်ခန့်ကိုသာ လက်ခံရရှိသေးကြောင်းနှင့် ကလေးမြို့ နေသာကျောင်းတိုက် ဆရာတော်၏ ပံ့ပိုးကူညီမှုဖြင့် ဆယ်လုံးတွဲ ယာယီရေလောင်းအိမ်သာများ တည်ဆောက်ရန်ရှိကြောင်း သိရသည်။

“နိုင်ငံတော်က အထောက်အပံ့ကတော့ လုံးဝမရရှိသေးပါဘူး။ စာရင်းကတော့ကောက်ယူသွားပါပြီ။ ပြင်ပ ပရဟိတအဖွဲ့အနည်းငယ်တော့ စတင်လာရောက်ကြပါပြီ။ ကျွန်တော်တို့ရွာက အခြားရွာတွေလို နွံနစ်တာတင်မကဘူးခင်ဗျ။ မြေပြိုသွားတာကြောင့် ရွာကိုပျောက်သွားတာပါ။ စားရေးကတစ်ရွာလုံးစုပေါင်းပြီး ခြိုးခြံချွတာစားမယ်ဆိုရင် အဆင်ပြေနိုင်ပေမယ့်နေစရာအတွက်ကတော့ အတော့်ကို စိုးရိမ်နေရပါပြီ။ မြေနေရာကို သက်ဆိုင်ရာမှာတောင်းဆိုသွားဖို့ စိတ်ကူးထားတယ်” ဟု ကျောက္ကာကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ “နေရာသစ်သာရခဲ့မယ်ဆိုရင် စုပေါင်းအားနဲ့ တည်ဆောက်သွားမှာပါ။ စာသင်ကျောင်းအပါအဝင် ကျေးရွာတစ်ရွာရဲ့လိုအပ်ချက်တွေကို အလှူလည်းခံမယ်၊ ကိုယ်တိုင်လည်းစုပေါင်းပြီးတည်ဆောက်မယ်။ လက်ရှိနေရာကတော့ မြစ်သာမြစ်တစ်ချိန်လုံး ကမ်းပြိုနေတာကြောင့် နေထိုင်ရေးကိုအဓိကထားပြီး စဉ်းစားပေးကြစေချင်တယ်” ဟု ကျောက္ကာကျေးရွာ ရွာဦးကျောင်းဆရာတော်က မိန့်ကြားသည်။ ရွာပေးမီးဖြင့် ယခင်က မီးရောင်မြင်ရသော်လည်း ရေဘေးကြုံတွေ့ပြီးနောက် မီးပြန်လင်းရန်မှာ လပေါင်းများစွာ အလှမ်းဝေးနေတော့မည်ဖြစ်သော်လည်း နိမ့်ကျသည့်အခြေအနေများကို ဝမ်းမနည်းဘဲ အကူအညီများတောင်းခံခြင်း၊ ကိုယ်တိုင်ကြိုးစားတည်ဆောက်ခြင်းဖြင့် စံပြကျေးရွာဖြစ်လာသည်အထိ ကြိုးပမ်းသွားရန်အတွက် ကလေးမြို့ ရေဘေးကယ်ဆယ်ရေးများကို စွမ်းစွမ်းတမံဆောင်ရွက်နေသည့် နေသာကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မိက၏အားပေးစကားကြောင့် ပိုမိုအားရှိလာကြောင်း ဦးမောင်မောင်က ပြောကြားသည်။ မြစ်သာမြစ်ကမ်းနဖူးမှ ကျောက္ကာကျေးရွာကလေး တစ်နည်းတစ်ဖုံ ပြန်လည်နိုးထလာရန်နှင့် ရေဘေးသင့်ဒေသမှ ဒေသခံများဘဝ ပြန်လည် ထူထောင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်နေပြီဖြစ်ပြီး အလှူရှင်များ၏ အထောက်အပံ့နှင့် စိတ်ဓာတ်ခွန်အားများကြောင့်လည်း ဒေသခံများအဖို့အား ဆေးတစ်ခွက်ပင်ဖြစ်ပါကြောင်း။

---

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ ပဥ္စမပွဲစဉ်(ပြင်ဦးလွင်)၌ ကျင်းပမည်

ပြင်ဦးလွင် ဩဂုတ် ၁၁

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် CB Bank Ltd မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ်ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် အပျော်တမ်းအဆင့် အမျိုးသမီးဂေါက်သီးအားကစားသမားများသည် ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် လူဦးရေကန့်သတ်ထားသောကြောင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဖုန်း(၀၉၂၀၃၃၇၆၇၁၊ ၀၉၂၆၂၅၅၂၄၅၂၊ ၀၉၂၅၄၇၂၅၀၈၁) နှင့် ပြိုင်ပွဲကျင်းပမည့် ပြင်ဦးလွင်ဂေါက်ကွင်းတို့၌ ဩဂုတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားကာ အမည်စာရင်းကြိုတင်ပေးသွင်းထားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များ သွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့မှ ပြင်ဦးလွင်မြို့သို့ ဩဂုတ် ၂၃ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအနေဖြင့် Professional ကစားသမားများအတွက် ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် အမျိုးသမီးများအတွက်ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသောကစားသမားများကို ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# လူလိုသိသူ လူကိုရွေးပါ



မျိုးသာထက်

အစိုးရအာဘော်ဟု ပြည်သူအများ သိထားသည့် အစိုးရသတင်းစာ(ဝါ) ပြည်သူ့ဘဏ္ဍာငွေဖြင့် ထုတ်ဝေနေသော သတင်းစာများသည် အသွင်သဏ္ဌာန်ရောအနှစ်သာရပါ ပြောင်းလဲထုတ်ဝေနေသည်ကို တွေ့ရသည်။ လက်ရှိ ပြန်ကြားရေးဝန်ကြီးလက်ထက်တွင် ခပ်ရဲရဲလုပ်ဆောင်လာခြင်းလည်းဖြစ်သည်။ ဝန်ကြီးသည် သမ္မတ၏ပြောရေးဆိုခွင့်ရှိသူဖြစ်ပြီး မီဒီယာပါးဝသူလည်းဖြစ်သဖြင့် သတင်းစာကို ပြောင်းလဲပုံဖော်ခွင့်ကို ပြုခဲ့သူဖြစ်သည်။ ဝန်ကြီး၏တိုက်တွန်းမှုဖြင့် ကျွန်တော်လည်း ဆောင်းပါးတချို့ကို အစိုးရသတင်းစာသို့ ရေးပို့ဖြစ်ခဲ့သည်။ ယခုလည်း အကြောင်းပေါ်သဖြင့် ရေးရပါသည်။

ဤတွင် ဆောင်းပါးခေါင်းစဉ်နှင့် ပတ်သက်၍ စတင်ရှင်းရန်လိုသည်။ အစိုးရသတင်းစာများ ပုံပြောင်းနေသဖြင့် နာမည်ကျော်စာရေးဆရာများ ဝင်ရေး

**မည်သူ့ကို ရွေးမည်လဲဟုဆိုလျှင် အထက်တွင်ဆိုခဲ့သည့်အတိုင်း မဲဆန္ဒရှင် ပြည်သူ့အကျိုးထမ်းဆောင်မည့်သူ၊ မိမိနှင့်ထပ်တူ သို့မဟုတ် ပို၍ပင် ယုံကြည်ထိုက်သူကို ရွေးရမည်သာဖြစ်သည်။ ထိုသူ မည်သူလဲ။ မည်သူမှန်းမသိဘဲ မည်ကဲ့သို့ ကိုးစားမည်နည်း၊ ယုံကြည်ရမည်နည်း**

ကြသည်။ လွတ်လပ်စွာရေးနိုင်သော်လည်း သူတို့က စာရေးသားမှု အတတ်ပညာဖြင့် လှပစွာရေးသည်၊ ဝေဖန်သည်၊ ကျွန်တော်လည်း သဘောကျသည်။

ကျွန်တော်က သတင်းစာဆရာဖြစ်သဖြင့် တဲ့တိုးပြောသည်။ သတင်းစာဖတ်သူများ ကျွန်တော့်ဆောင်းပါးကို မဖြစ်မနေဖတ်စေရန် ခေါင်းစဉ်ကို ပြင်းပြင်းပေးသည်။ ခေါင်းစဉ်ဖတ်လိုက်သည်နှင့် "ဘာလဲဟ"ဖြစ်စေရန် ကျွန်တော်အားထုတ်သည်။ ဒါသည်ပင် သတင်းစာအတတ်ပညာတစ်ပိုင်း ဖြစ်သည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက် တနင်္ဂနွေနေ့တွင် ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာထားသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုအနက်မှ ၁၂ ခုတွင် ရေကြီးရေလျှံခဲ့ပြီး ယခုအခါ အချို့ဒေသများတွင် ရေကျသွားခဲ့သော်လည်း ပြန်လည်ထူထောင်ရေးကိစ္စများ များစွာလုပ်ဆောင်ရန် ကျန်သေးသည်။ တောင်သူလယ်သမားများ အချိန်မီထွန်ယက်စိုက်ပျိုးရဦးမည်။ ပြန်လည်ထူထောင်ရေးကို အစိုးရက အများဆုံးပံ့ပိုးဆောင်ရွက်ရမည်ဖြစ်ပြီး အစိုးရနှင့်နီးစပ်သော လုပ်ငန်းရှင်ကြီးများ၊ စေတနာရှင်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှအလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများက ကူညီကြရန်လိုသည်။ ကူညီဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရသည်။ ပြန်လည်ထူထောင်ရေးအတွက် အချိန်ယူရမည်ဖြစ်သော်လည်း ရွေးကောက်ပွဲရက်ကိုမရွှေ့ပါဟု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြောသည်။

သို့ဆိုလျှင် မိုးထဲရေထဲမှာပင် ရွေးကောက်ပွဲဝင်မည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများ မဲဆွယ်ကြပေတော့မည်။

မဲဆွယ်စည်းရုံးရေးကာလကို အကြမ်းဖျင်းအားဖြင့် ရွေးကောက်ပွဲရက်မတိုင်မီ နှစ်လဖြစ်သည်ဟု နားလည်ထားကြသည်။ ယခုရက်ပိုင်းသည် ရွေးကောက်ပွဲအတွက် တရားဝင်မဲဆွယ်စည်းရုံးရေးကာလ မဟုတ်သေးပါ။ သို့သော် မဲဆွယ်မှုများသည် မသိမသာမှသည် သိသိသာသာအထိ စတင်နေကြပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ခဲ့သော ကိုမန်ဆိုင်ကလုန်းမုန်တိုင်းက ဇူလိုင်လကုန်ပိုင်းတွင် မြန်မာနိုင်ငံကို အဖျားခတ်လိုက်သောအခါ မူလက ကောင်းနေသောမိုးကို ရေပိုတိုးစေလိုက်သဖြင့် ဩဂုတ် ၁၀ ရက်အထိ သိရသမျှ လူတစ်သန်းနီးပါး ရေဘေးဒဏ်ထိထားပြီး သေဆုံးသူဦးရေ ၁၀၀ ခန့်ရှိခဲ့သည်။

**လူလိုသိသူ**

လွှတ်တော်အရပ်ရပ်ရွေးကောက်ပွဲများတွင် ပါဝင်အရွေးခံကြမည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများသည် မည်သို့သော ကိုယ်စားလှယ်လောင်းများ ဖြစ်သင့်ပါသလဲ။ ပထမအကြိမ်လွှတ်တော် သက်တမ်းမှာလည်း ကုန်လုနီးဖြစ်လာချိန်တွင် ပြည်သူများသည် ငါးနှစ်တာအတွေ့အကြုံအရ ၎င်းတို့လိုလားသည့် ပြည်သူ့ကိုယ်စားလှယ်လောင်းကို ရုပ်လုံးဖော်နိုင်ကြပြီဖြစ်သည်။ ပြည်သူများ၏ အတွေ့အကြုံများအရ ပြည်သူ့ကိုယ်စားလှယ်လွှတ်တော်အမတ်သည် ဘုရင်ကဲ့သို့ ပြည်သူနှင့် အဟပ်ကွာသူမဟုတ်ရပါ။ အချောင်သမားကဲ့သို့ မိမိအကျိုးပဓာနထားသူမဟုတ်ရပါ။ ပြည်သူကို မျက်နှာမမူသူမဟုတ်ရပါ။ တိုင်းပြည်အကျိုးမကြည့်သူ မဟုတ်ရပါ။ ပြည်သူကဲ့သို့ ခံစားသူ၊ သိသူ၊ တစ်သားတည်းရှိသူ၊ ပြည်သူ့အကျိုးဆောင်ရွက်သူ ဖြစ်ရသည်။

လူကို မြန်မာအဘိဓာန်က နာမ်အနေနှင့် အဓိပ္ပာယ်သုံးခုပြုဆိုသည်။ ၁။ တွေးခေါ်ဉာဏ်ရှိသော ခြေနှစ်ချောင်းသတ္တဝါ၊ ၂။ တစ်စုံတစ်ဦး၏ ဘက်သား၊ ၃။ ယောကျာ်း။ ယောကျာ်းဟု အဓိပ္ပာယ်ဖွင့်ဆိုသော်လည်း မိန်းမကိုလည်း ထည့်သွင်းရမည်ဖြစ်သည်။ သာမန်လူပင် တွေးခေါ်ဉာဏ်ရှိပြီးဖြစ်ရာ ပြည်သူ့ကိုယ်စားပြု ပြည်သူ့အကျိုးဆောင်မည့် လွှတ်တော်အမတ်များက တွေးခေါ်ဉာဏ်ရှိရမည်မှာ ပြောစရာပင်မလိုသော အကြောင်းဖြစ်သည်။ စာရေးသူက ဤနေရာတွင် **"တစ်စုံတစ်ဦး၏ ဘက်သား"** အဓိပ္ပာယ်ကို ယူသည်။ ပြည်သူ့ကိုယ်စားလှယ်ဆိုပါမှ မည်သူ့ဘက်သား ဖြစ်ရမည်နည်း။ ပြည်သူ့ဘက်သားသာ ဖြစ်ရမည် မဟုတ်လော။ လူလိုသိသူဆိုသည်မှာ တစ်စုံတစ်ဦး၊ တစ်ဖွဲ့တစ်ပါတီအကျိုးထက် ပြည်သူ့အကျိုးကို ကြည့်သူကို ဆိုချင်သည်။ မဲဆန္ဒရှင်ပြည်သူများသည် သူတို့ဘက်ကရှိသူ၊ သူတို့ဘက်ကို ကြည့်သူ၊ လူလိုသိသူ ပြည်သူ့ကိုယ်စားလှယ်ကိုသာ အလိုရှိသင့်သည်။

မဲဆန္ဒရှင်ပြည်သူများသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီးချိန်မှစတင်ပြီး အထွေထွေရွေးကောက်ပွဲ ငါးကြိမ်ကြုံပြီးဖြစ်သည်။ ပထမသုံးကြိမ်ကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်း အာဏာမသိမ်းခင် ကြုံခဲ့ဖူးပြီး ၁၉၉၀ မှ ၂၀၁၀ ကြား ဒီဘက်ခေတ် နှစ်ပေါင်း၂၀ တွင် နှစ်ကြိမ်ကြုံခဲ့ပြီးဖြစ်သည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများအတွက် ဆဋ္ဌမအကြိမ်မြောက် ကြုံတွေ့ရမည့် လွှတ်တော်အရပ်ရပ်ရွေးကောက်ပွဲများဖြစ်ပြီး အာဏာရပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အဓိကအတိုက်အခံပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အင်န်အယ်လ်ဒီပါတီ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် အခြားပါတီများ စသည်ဖြင့် စုစုပေါင်း ပါတီပေါင်း ၉၀ ကျော် ၁၀၀ နီးပါး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ စနစ်တကျ ဖွဲ့စည်းတည်ထောင်ထားသည့် ပါတီကအရေးကြီးသလို ပြည်သူ့ကိုယ်စားလှယ်ကောင်းများ ရရှိရေးမှာ သာ၍ပင်အရေးကြီးသည်။

ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် အစွမ်းပြ

အမတ်များနှင့် မည်ကာမတ္တအမတ်များကို ပြည်သူများ မျက်ဝါးထင်ထင် မြင်တွေ့၊ ထိထိရှရှကြားသိ၊ မှတ်မှတ်ရရ မှတ်သားထားကြပြီးဖြစ်သည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ လွှတ်တော်မင်းသားကြီးဟုပင်ဆိုထိုက်သည့် သယံဇာတ အမတ် တရားလွှတ်တော်ရှေ့နေ ဦးသိန်းညွန့်သည် လွှတ်တော်တွင်း အစွမ်းပြခဲ့သူဖြစ်သည်။ သူသည် ပြည်သူ့ဘက်တော်သား ဖြစ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်အမတ် ဒေါက်တာညိုညိုသင်းသည်လည်း ရန်ကုန်ပြည်သူတို့ရင်တွင်းရောက်ခဲ့သူဖြစ်သည်။ ထိုသို့သော မှတ်မှတ်ထင်ထင်အစွမ်းပြခဲ့သူ လွှတ်တော်အမတ်များ များစွာရှိပါသည်။ သူတို့လို ပြည်သူ့ကိုယ်စားလှယ် လွှတ်တော်အမတ်များကို ပြည်သူတို့ အလိုရှိကြမည်ဖြစ်သည်။

မည်သည့်ပါတီရောက်ရောက်၊ နောက်ဆုံး ပါတီနောက်ခံမရှိဘဲ တစ်သီးပုဂ္ဂလဖြစ်ပါစေ၊ ပြည်သူ့ကိုယ်စားလှယ်ကောင်းသည် ပြည်သူ့အကျိုးကို စွမ်းသမျှနှင့်အမြင့်ဆုံး ထမ်းဆောင်ကြမည်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူသည် သူနှင့်ထပ်တူ သို့မဟုတ် သူ့ထက်ပို၍အားကိုးထိုက်သူ ပြည်သူ့ကိုယ်စားလှယ်ကို သူ့ကိုယ်စားလွှတ်တော်တွင်းတွင် ရှိစေချင်မည်ဖြစ်သည်။ လူအရေးကြီးမကြီးထင်ရှားသည့် ဥပမာတစ်ခုကို ဤတွင် ရှင်းလင်းစေရန် ပေးလိုသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူများက နှစ်လိုကြသည်မှာ အားကိုးထိုက်သည့်သူ၊ သူတို့အကျိုးကို လိုလားသူ၊ သူတို့နှင့်ထပ်တူ သို့မဟုတ် သူတို့ထက်ပိုပြီး အမြော်အမြင်ရှိသူဟု သတ်မှတ်ကြ၍သာဖြစ်သည်။ လူအရေးမကြီးဟုဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူသည် အခြားလူများနှင့် အဘယ့်ကြောင့် ခြားနားကြမည်နည်း။ အတူတူပါပဲဟု ဆိုကြရုံသာ ရှိကြပါလိမ့်မည်။

**လူကိုရွေးပါ**

မဲဆန္ဒရှင်ပြည်သူများသည် မိမိတို့မဲဆန္ဒနယ်မှသည် တိုင်းပြည်နှင့် လူထုအတွက် မည်သူသည် အကောင်းဆုံး ထမ်းဆောင်နိုင်မည်နည်းဆိုသည်ကို စဉ်းစားဆုံးဖြတ်ရန် ရက်ပိုင်းသာအချိန်ရတော့မည်။ ရွေးကောက်ပွဲရက်ကို မပြောင်းလဲပါက ရက်ပေါင်း ၉၀ ပင် မလိုတော့ပါ။ မဲဆန္ဒနယ်တစ်ခုတွင်းရှိ မဲဆန္ဒရှင်ပြည်သူတစ်ဦးသည် မိမိကိုကိုယ်စားပြုမည့် အနိမ့်ဆုံး ပြည်သူ့ကိုယ်စားလှယ်လောင်းသုံးဦးနှင့် လူနည်းစုတိုင်းရင်းသားမဲဆန္ဒရှင်ဖြစ်ပါက ကိုယ်စားလှယ်လောင်းလေးဦးကို မဲပေးရွေးချယ်ရမည်ဖြစ်သည်။

**မည်သူ့ကို ရွေးမည်လဲဟုဆိုလျှင် အထက်တွင်ဆိုခဲ့သည့်အတိုင်း မဲဆန္ဒရှင်ပြည်သူ့အကျိုး ထမ်းဆောင်မည့်သူ၊ မိမိနှင့်ထပ်တူ သို့မဟုတ် ပို၍ပင် ယုံကြည်ထိုက်သူကို ရွေးရမည်သာဖြစ်သည်။ ထိုသူ မည်သူလဲ။ မည်သူမှန်းမသိဘဲ မည်ကဲ့သို့ ကိုးစားမည်နည်း၊ ယုံကြည်ရမည်နည်း။**

နိုင်ငံတကာတွင်တော့ ပြည်သူ့ကိုယ်စားလှယ်လောင်းများသည် ပြည်သူ့ထောက်ခံမှုရရန် သို့တည်းမဟုတ် မဲရရှိရန် စည်းရုံးရေးဆင်းရသည်၊ ရွေးကောက်

**လူသည် ပထမ၊ ပါတီအလံနှင့် အမှတ်တံဆိပ်သည် ဒုတိယဖြစ်သင့်သည်။ လူနှင့်ပါတီ ထပ်တူကျမှု မဲဆန္ဒရှင်ပြည်သူများ ကံကောင်းသည်ဟု ဆိုရချိမ့်မည်**

ပွဲအောင်နိုင်ရေး မဟာဗျူဟာနှင့် နည်းဗျူဟာများ ဖော်ဆောင်ရသည်၊ ရွေးကောက်ပွဲရန်ပုံငွေများ ရအောင်ရှာရသည်၊ ရွေးကောက်ပွဲရန်ပုံငွေကို သန့်သန့်ရှင်းရှင်းနှင့် အမှီအခိုကင်းစွာဖြင့် မြောက်မြားစွာ ရှာနိုင်သူသည် စည်းရုံးရေးကောင်းသူ (တစ်နည်း) လူထုထောက်ခံမှုများသူဟု ယေဘုယျ မှတ်ယူနိုင်သည်။ ရန်ပုံငွေများသည် ပြည်သူ့ကိုယ်စားလှယ်အဖြစ် အခွင့်အရေးရသည်နှင့် ပြန်လည်အကျိုးပြုပါမည်ဆိုသော ရန်ပုံငွေထည့်ဝင်သူနှင့် ကိုယ်စားလှယ်လောင်းကြား အမှီအခို၊ အပေးအယူပါသော ရန်ပုံငွေဆိုလျှင် မကောင်းပါ။ ထိုသို့ လုပ်ဆောင်ထားသည်ကို သိသည်နှင့် ပြည်သူ့ကိုယ်စားလှယ်လောင်း၏ ယုံကြည်ထိုက်မှု ရေချိန်ကျဆင်းနိုင်သည်။ နိုင်ငံအချို့တွင် တစ်ဦးချင်းရန်ပုံငွေထည့်ဝင်မှု၏ အမြင့်ဆုံးပမာဏကိုကန့်သတ်ထားခြင်းများရှိသည်။ ရန်ပုံငွေနှင့်သုံးစွဲငွေများကို စာရင်းရှင်းတမ်းထုတ်ပြန်ရသည်။

ပြည်သူ့ကိုယ်စားလှယ်လောင်းသည် သူချည်းတော်ရုံမျှဖြင့်လည်း ရွေးကောက်ပွဲအောင်နိုင်သည် မဟုတ်ပါ။ သူ့တွင် အောင်နိုင်ရေးအဖွဲ့ရှိရသည်၊ အောင်နိုင်ရေးမန်နေဂျာ၊ လူထုဆက်ဆံရေးမှူး၊ ရန်ပုံငွေရှာဖွေရေးတာဝန်ခံ စသည်ဖြင့် ဆိုင်ရာအကူအဖွဲ့ဝင်များ ထားရှိရသည်။ ကိုယ်စားလှယ်လောင်းသည် လူထုတွေ့ဆုံပွဲများ၊ မီဒီယာဆက်ဆံရေး (ရွေးကောက်ပွဲဆိုင်ရာ ဒီဘိတ်များတွင် ဝင်ရောက်ပြောဆိုခြင်း၊ အင်တာဗျူးဖြေကြားခြင်း)၊ ထင်သာမြင်သာကြော်ငြာများနှင့် လူမှုကွန်ရက်များမှတစ်ဆင့် လူထုကြား အမြဲရှိနေစေရန် ဖန်တီးထားရှိခြင်း၊ ပြည်သူ့ကိုယ်စားလှယ်လောင်းနှင့်မဲဆန္ဒရှင် ပြည်သူများကြား ရွေးကောက်ပွဲဝင်ရောက်မည်ဟု ကြေညာပြီးချိန်မှ အရွေးခံရပြီးနောက် သက်တမ်းကုန်ထမ်းဆောင်ပြီးချိန်အထိ မပြတ်တမ်းထိတွေ့၊ ဆက်သွယ်၊ ဖြေကြားနိုင်သော ချန်နယ် (ဆက်သွယ်ရေးလမ်းကြောင်း)ဖွင့်ထားပေးနိုင်ရမည်။

မဲဆန္ဒရှင် ပြည်သူအများစုသည် လက်ကိုင်မိုဘိုင်းလ်ဖုန်း ကိုင်လာနိုင်ပြီး လူမှုကွန်ရက်မီဒီယာဖြစ်သည့် ဖေ့စ်ဘုတ်ပေါ်တက် ဝေဖန်လေကန်နိုင်နေသောခေတ်တွင် မြန်မာပြည်သူများသည် အစိုးရဝန်ကြီးများ၊ နိုင်ငံရေးသမားများနှင့် အပြန်အလှန် ပြောဆိုဝေဖန်နိုင်နေသော အချိန်ကာလဖြစ်နေရာ ယင်းမဲဆန္ဒရှင်ပြည်သူများမှာ မိမိတို့နှင့် မရင်းနှီး၊ မသိကျွမ်း၊ မချိတ်ဆက်ထားနိုင်သော ပြည်သူ့ကိုယ်စားလှယ်လောင်းကို ရွေးရမည်ဆိုလျှင် ဉာဏ်နည်းရာကျပါသည်။ မဲစာရင်းတွင် အမည်စာရင်းပါဝင်ပြီး မဲပေးခွင့်ရရှိစေရန် နည်းမျိုးစုံဖြင့် ကြိုးစားထားကြရသော မဲဆန္ဒရှင်ပြည်သူများ၏ တန်ဖိုးများစွာထိုက်တန်သည့် အသည်းကြားက မဲတစ်ပြားကို ပေါ့ပေါ့ပဲပဲ အလေးမထား သုံးစွဲရာရောက်နိုင်ပါသည်။

မဲဆန္ဒရှင်ပြည်သူသည် သူနှင့်ထပ်တူ ရင်ဘတ်ချင်းညီညာ၍ အားကိုးအားထားဖွယ် ချစ်ခင်နှစ်သက်လက်ခံနိုင်သူ၊ အရှုပ်အရှင်းကင်းပြီး သမိုင်းကြောင်းကောင်းသော အများအကျိုးဆောင်ရွက်မည့်သူ၊ အရွေးမခံရခင်ကတစ်မျိုး အရွေးခံရပြီးနောက် ဘယ်သို့လိုက်ကာ ဘယ်မှာဖမ်းရမည်ကိုပင် မသိနိုင်တော့လောက်အောင် ကင်းကွာသွားခြင်းမျိုး မဖြစ်စေဘဲ သူတို့နှင့် အစဉ်အမြဲ အတူလက်တွဲ မခွဲတမ်းချိတ်ဆက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်အစား ပါတီတစ်ခု၏ အလံ၊ အမှတ်တံဆိပ်ကိုသာ မျက်နှာမူ ရွေးချယ်ရမည်ဆိုသည်မှာ နားလည်ရခက်သလို ခေတ်လည်းမမီ၊ လက်တွေ့လည်းကျမည် မဟုတ်ပေ။ **လူသည် ပထမ၊ ပါတီအလံနှင့် အမှတ်တံဆိပ်သည် ဒုတိယဖြစ်သင့်သည်။ လူနှင့်ပါတီ ထပ်တူကျမှု မဲဆန္ဒရှင်ပြည်သူများ ကံကောင်းသည်ဟု ဆိုရချိမ့်မည်။** ထို့ကြောင့် မဲဆန္ဒရှင်ပြည်သူ၏ အသည်းကြားက မဲတစ်ပြားသည် ခံစားချက်ပါရမည်မှန်သည်၊ သို့သော် ဆင်ခြင်ဉာဏ်ကိုလည်း သုံးအပ်သည်။ မဲဆန္ဒရှင်ပြည်သူကို တစ်ခွန်းတည်း အကြံပြုခွင့်ရခဲ့မည်ဆိုပါမူ **"လူလိုသိသူ လူကိုရွေးပါ"**ဟု ရဲရဲတင်းတင်း ပြောချင်သည်။

**မျိုးသာထက်သည် DVB ဒီဘိတ်ရုပ်သံအစီအစဉ် တင်ဆက်သူဖြစ်သည်။ (စာတည်း)**

## (၇)ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ ဆေးယဉ်ပါးတီဘီ အကြံပေးကော်မတီအစည်းအဝေးကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

(၇)ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ ဆေးယဉ်ပါးတီဘီ အကြံပေး ကော်မတီအစည်းအဝေး (Seventh Meeting of the SEA Regional Advisory Committee on MDR-TB WHO/SEARO, Mandalay,Myanmar) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီဝင် ဆရာဝန်ကြီးများ၊ တာဝန်ရှိသူများက အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ တက်ရောက်လာသူများက မိတ်ဆက်ခြင်း၊ (၆)ကြိမ်မြောက် ဆေးယဉ်ပါး တီဘီရောဂါတိုက်ဖျက်ရေး အကြံပေးကော်မတီ အစီရင်ခံစာကို အတည်ပြုခြင်း၊ ကွင်းဆင်းတွေ့ရှိချက်များကို ဆွေးနွေးခြင်း၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ဆေးယဉ်ပါးတီဘီတိုက်ဖျက်ရေးနှင့် ပတ်သက်သော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ ဆေးယဉ်ပါးတီဘီတိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး ၂၀၁၅ ခုနှစ် ဧပြီတွင်ကျင်းပခဲ့သော ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆေးယဉ်ပါးတီဘီ တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆန်းစစ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဆန်းစစ်သည့် အစီရင်ခံစာအပေါ် ဆွေးနွေးခြင်း၊ ၂၀၁၅ ဧပြီတွင်ကျင်းပခဲ့သော GLI/GDIအစည်းအဝေးများ၏ အစီရင်ခံစာအပေါ် တင်ပြခြင်း၊ တီဘီဆေးအသစ်များနှင့် MDR-TB ကုထုံးအသစ်နှင့်ပတ်သက်၍ ဘေးထွက်ဆိုးကျိုးများကို စောင့်ကြည့်သည့်စနစ်အား တင်ပြခြင်းနှင့် လူတိုင်း ဆေးယဉ်ပါးတီဘီ ကုသရေးဌာနများသို့ လက်လှမ်းမီစေရေး၊ ဆေးယဉ်ပါးတီဘီရောဂါကုသမှု လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးမှုများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီသို့ အလှူငွေများလာရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီသို့ ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောက်အမှတ် (၆)သို့ "ဝ" အထူးဒေသ(၂)မှ လှူဒါန်းငွေကျပ်သိန်း ၆၀၀ ကို ဗဟိုကော်မတီဝင် ဦးအောင်မြင့်နှင့် မိုင်းလားအထူးဒေသ (၄) မှ လှူဒါန်းငွေကျပ် သိန်း ၆၀၀ ကို ရန်ကုန်ရုံးတာဝန်ခံ ဦးကျော်ကျော်အောင်တို့က မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြရာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က အလှူငွေများကို လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။




**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အစ္စရေးနိုင်ငံက လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁**

အစ္စရေးသံအမတ်ကြီး H.E .Mr. Daniel Zonshine ဦးဆောင်သော အစ္စရေးသံရုံးမှအဖွဲ့သည် ဩဂုတ် ၇ ရက်က သာယာဝတီခရိုင်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ အစ္စရေးနိုင်ငံနှင့် အစ္စရေးပြည်သူများ၏ကိုယ်စား ရေဘေးသင့်ပြည်သူများသို့ ခေါက်ဆွဲခြောက်ထုပ်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လိုအပ်သောပစ္စည်းအိတ်များ၊ ဆေးစိမ်ခြင်ထောင်များနှင့် ဆေးဝါးများကို လှူဒါန်းခဲ့သည်။

ထိုဒေသတွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခု ဖွင့်လှစ်ထားပြီး ရေဘေးသင့်ပြည်သူ ၂၄၀၀ ကျော်ကို ကယ်ဆယ်ထားရှိကြောင်း သိရသည်။

သံအမတ်ကြီးသည် ထိုဒေသရှိ ကယ်ဆယ်ရေးစခန်းနှစ်ခုသို့ သွားရောက်ခဲ့ပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားခဲ့ကာ မိသားစုဝင် ၂၅၀ ကျော်ကိုလည်း ကိုယ်တိုင်လှူဒါန်းခဲ့သည်။ သံရုံးမှအဖွဲ့ဝင်များသည် သာယာဝတီတိုက်နယ်ဆေးရုံသို့လည်းသွားရောက်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအတွက် ဆေးဝါးများ လှူဒါန်းခဲ့သည်။

အစ္စရေးနိုင်ငံနှင့် အစ္စရေးပြည်သူများ၏ကိုယ်စား အစ္စရေးသံအမတ်ကြီးက မြန်မာပြည်သူများသို့ သူ၏စာနာထောက်ထားမှုကို ထုတ်ဖော်ပြောကြားခဲ့ပြီး အစ္စရေးနိုင်ငံအနေဖြင့် မြန်မာရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ဆက်လက်၍ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(မြန်မာ့အလင်း)**



# ကောလင်းဒေသ စပါးစိုက်ပျိုးနိုင်ရေး၊ ပြန်လည်တည်ထောင်နိုင်ရေးဆောင်ရွက်

**ကောလင်း ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် စပါးစိုက်ပျိုးနိုင်ရေး၊ ပြန်လည်တည်ထောင်ရေး လုပ်ငန်းများကို ရေကျလာသဖြင့် အရှိန်ဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဩဂုတ်လတွင် မိုးရေကြီးနစ်မြုပ်ဒေသများကို နိုင်ငံတော်က မျိုးစပါးတစ်ဧက တစ်တင်းနှုန်းဖြင့် လယ်ထွန်စက်များနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးရာ ကျေးရွာ ၄၆ အုပ်စု မိုးစပါးစိုက်ပြီး ၂၅၅၂၁ ဧကနှင့် ပျိုးခင်း ၁၀၂၇ ဧက ရေနစ်မြုပ်ခဲ့သောဧကကို ကျွဲ၊ နွား မရှိသူများအား ဦးစားပေးအခမဲ့ စက်ကိရိယာများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကသာခရိုင်မြို့အတွင်းမှ မျိုးစပါး ၂၀၄၇၈ တင်းကို ဝယ်ယူ၍ ဖြန့်ဝေရာ ၁၇၂၉၅ တင်းကို တောင်သူများထံ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးရုံးမှ သိရသည်။ ကျေးရွာ ၃၂ အုပ်စုရှိ တောင်သူဦးရေ ၃၇၂၂ ဦး လယ်ပျက်စီးဧက ၁၆၉၆၈ အားလည်း ဖြန့်ဝေပေးနိုင်ခဲ့ပြီး တောင်သူ ၂၂၄၀ ပျက်စီးဧက ၈၅၅၃ ဧက စပါးတင်းပေါင်း ၈၅၅၃ တင်းထုတ်ပေးရန် ကျန်ရှိတော့ကြောင်း၊ ထို့ပြင် မြေယာပြုပြင်ပြီး စက်မှုလယ်ယာထွန်စက်ဖြင့် ထွန်ယက်၍ ကျေးရွာ ၁၀ အုပ်စုရှိ ဧက ၈၇၁ ဒသမ ၅၀ ကိုလည်းကောင်း၊ သဲများဖုံးလွှမ်းသော လယ် ၃၃ ဧက ကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးမှ ဗီယက်နမ်နည်းပညာ မျိုးစေ့ချ ကိရိယာဖြင့် ဧက ၁၀၇ ဒသမ ၀၀ ကျေးရွာအုပ်စု ၂၅ ရွာကို ထွန်စက်များဖြင့် ဧက ၁၆၂၀ ဒသမ ၀၀ ကိုလည်းကောင်း၊ ခိုင်းကျွဲနွားများဖြင့် ကျေးရွာ ၂၇ အုပ်စုတွင် ဧက ၁၈၈၉ ဒသမ ၀၀ ကိုလည်းကောင်း ဩဂုတ် ၁၀ ရက်ထိ စိုက်ပျိုးထားရှိမှုစာရင်းတွင် သိရသည်။

ထို့ပြင် ဩဂုတ် ၁၁ ရက်မှာလည်း ကောလင်းမြို့နယ်တွင် မိုးစပါးပြန်လည်စိုက်ပျိုးရန်အတွက် ဧက ၇၈၇၀ ပျိုးထောင်၍ စိုက်ခင်းအနေဖြင့် စိုက် ၄၄၄၆ ဧကနှင့် တိုက်ရိုက်အစေ့ချ ၁၀၀၇ ဧက စုစုပေါင်း ၅၄၅၃ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးရုံးမှ သိရသည်။

**ငွေအိုး(ကသာ)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

**၂၀၁၅ ခုနှစ် ဩဂုတ် ၁၁ ရက်**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်းဧက | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၄၈၅၀ | ၁၀၀၉၅ | ၁၄၃၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၃၇ |
| ၅။ | ချင်းပြည်နယ် | ၃၇၅၃ | ၃၃၅၉ | ၃၄၁၆ | ၁၈၄၈ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၆၉၀၅ | ၁၈၁၇၉၁ | ၁၃၈၇၅၂ | ၈၇၇၇၇ | ၈၃၈၀ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | - |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၆၇၀ | ၂၆၆၄၁၁ | ၁၂၀၆၂၀ | ၄၂၆၄၉ | - |
| ၉။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၈၉၀၁၀ | ၉၆၈၄၆ | ၆၅၈၅၈ | ၂၀ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၄၄ | ၁၇ | ၅ |
| ၁၁။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၃၉၀ | - | - |
| ၁၂။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၄၇၃၀၇ |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | ၉၄၁၀၅ | ၄၉၃၄၃ | ၂၁၆၀၇ | ၂၂၄၂ | ၃၀ |
| ၁၄။ | ရှမ်းပြည်နယ် | ၁၂၅၆၁ | ၁၁၉၈၁ | ၂၇၄၄ | ၁၅၆၉ | ၁၅၃ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | ၂၅၆၅၄၄ | ၈၉၀၆၈ | ၇၂၀၃၃ | ၅၂၁၃၁ | ၁၈ |
| စုစုပေါင်း | | ၁၃၆၇၅၇၄ | ၁၀၂၇၆၂၅ | ၇၄၅၃၇၆ | ၄၈၁၅၇၃ | ၅၇၃၈၉ |

# ညောင်တုန်းမြို့ ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများ မြစ်ရေကျသဖြင့် နေအိမ်များသို့ ပြန်လည်ရောက်ရှိ

**ညောင်တုန်း ဩဂုတ် ၁၁**

ညောင်တုန်းမြို့ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၄ အုပ်စု၊ ကျေးရွာခွဲပေါင်း ၃၀၈ ရွာရှိသည့်အနက် ကမ်းနားပိုင်းနေထိုင်သည့်မြို့ပေါ်ကိုးရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၆၂ ရွာ မြစ်ရေမြင့်တက်မှုကြောင့် ဘုန်းကြီးကျောင်းများသို့ ရေဘေးရှောင်နေထိုင်ခဲ့ရာ ဩဂုတ် ၁၁ ရက် နံနက်မှစ၍ မြစ်ရေ ၂၄ ဒသမ ၄၅ ပေအဆင့်သို့ ကျဆင်းသွားပြီး မြို့ပေါ်ရပ်ကွက်များမှ မိသားစုများ မိမိတို့ခေတ္တနေထိုင်ခဲ့ရာ ဘုန်းကြီးကျောင်းများကို သန့်ရှင်းရေးဆောင်ရွက်ပြီး မိမိတို့နေအိမ်များသို့ စိတ်အေးချမ်းသာစွာဖြင့် ပြန်လည်နေထိုင်ရန် နေအိမ်များသန့်ရှင်းခြင်း၊ စိုက်ပျိုးသီးနှံပင်များကို ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေကျသွားသဖြင့် မိမိနေအိမ်ပြန်သော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးများတွင် ပျက်စီးဆုံးရှုံးခြင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက စာရင်းကောက်ယူ၍ ထောက်ပံ့ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ညနေ ၆ နာရီတွင် တိုင်းထွာချက်အရ ညောင်တုန်းမြစ်ရေသည် ၂၄ ဒသမ ၄ ပေသို့ ကျဆင်းသွားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေပြန်လည်ကျဆင်းသွားသဖြင့် လျှပ်စစ်မီးလိုင်း ပြန်လည်တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်

**ညောင်တုန်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် စိုးရိမ်ရေမှတ်ကျော်လွန်ကာအန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက်သို့ ကျော်လွန်နေပြီး လိမ္မော်ရောင်အဆင့် အန္တရာယ်အဆင့်အနေအထားသို့ ရောက်ရှိလာသောကြောင့် လျှပ်စစ်မီးလိုင်းများ အန္တရာယ်ကင်းရှင်းစေရေးနှင့် ရေဝင်နစ်မြုပ်သောဒေသများရှိ နေအိမ်များမှ လျှပ်စစ်မီးလိုင်းများနှင့် မီတာပုံးများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက စနစ်တကျဖြုတ်သိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဩဂုတ် ၁၀ ရက်မှစတင်၍ ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းခဲ့ရာ အန္တရာယ်စိုးရိမ်ဖွယ်ရာမရှိသဖြင့် ရေနစ်မြုပ်နေသော ဒေသများရှိ နေအိမ်များမှဖြုတ်သိမ်းလျှပ်စစ်မီတာများ၊ လျှပ်စစ်မီးလိုင်းများ ပြန်လည်တပ်ဆင်ပေးခြင်း၊ ဓာတ်အားပုံမှန်ပြန်လည်ဖြန့်ဖြူးရေးလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်နှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ပြန်လည်တပ်ဆင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ကျောင်းသုံးစာရေးကိရိယာများ ဆက်သွယ်လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၁**

ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ လှူဒါန်းနိုင်ကြောင်း၊ ထိုသို့လှူဒါန်းရာတွင် ပစ္စည်း(သို့မဟုတ်)ငွေသားဖြင့် ရေဘေးသင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများသို့ ဖော်ပြထားသည့် နှုန်းထားများအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်-

| စဉ် | အမျိုးအမည် | ဈေးနှုန်း | (၁)ဒါဇင်ဈေးနှုန်း |
|---|---|---|---|
| (က) | ဗလာစာအုပ် | ၁၂၅/အုပ် | ၁၅၀၀/ |
| (ခ) | ခဲတံ | ၇၀/ချောင်း | ၈၅၀/ |
| (ဂ) | ဘောပင် | ၁၀၀/ချောင်း | ၁၂၀၀/ |
| (ဃ) | ခဲဖျက် | ၄၅/ ခု | ၅၄၀/ |
| (င) | ချွန်စက် | ၇၀/ ခု | ၈၄၀/ |

**(သတင်းစဉ်)**

# ကျောင်းသုံးစာသင်ခုံများ လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၁**

ရေဘေးသင့်အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာသင်ခုံများအား ဖော်ပြထားသည့်ပုံစံများနှင့် ဈေးနှုန်းများအတိုင်း လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းထောက်ပံ့မှုများကို ပစ္စည်းဖြင့်ဖြစ်စေ၊ ငွေသားဖြင့်ဖြစ်စေ ရေဘေးသင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်-

**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ပြုလုပ်သော**
**မူလတန်း ကျောင်းသား ကျောင်းသူများအတွက် တစ်ယောက်ထိုင် စာသင်ခုံ(အနိမ့်) (စုံ)**




| အမျိုးအစား | ပလတ်စတစ် |
|---|---|
| စားပွဲတန်ဖိုး (၁)လုံး | ၁၉၉၅၀/-ကျပ် |
| ထိုင်ခုံတန်ဖိုး (၁)လုံး | ၃၁၅၀/-ကျပ် |
| စာသင်ခုံတစ်စုံ တန်ဖိုး | ၂၃၁၀၀/-ကျပ် |

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စာသင်ခုံများ**
**မူလတန်း ကျောင်းသား ကျောင်းသူများအသုံးပြုရန် (၄)ယောက်တွဲစာသင်ခုံ(နိမ့်)**




| အမျိုးအစား | အခင်း (သစ်သား) တိုင်/တန်း(သံ) |
|---|---|
| စားပွဲ /ထိုင်ခုံ (စုံ) (တွဲလျက်) | ၃၈၇၀၀/- ကျပ် |
| ကျောင်းသား တစ်ဦးနှုန်း | ၉၆၇၅/-ကျပ် |
| စာသင်ခုံ(၁)စုံလျှင် ဝင်ဆံ့ကျောင်းသား | (၄)ဦး |

**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ပြုလုပ်သော အလယ်တန်း/အထက်တန်းဆင့်**
**ကျောင်းသား ကျောင်းသူများအတွက် တစ်ယောက်ထိုင် စာသင်ခုံ(အမြင့်) (စုံ)**




| အမျိုးအစား | ပလတ်စတစ် |
|---|---|
| စားပွဲတန်ဖိုး (၁)လုံး | ၂၁၀၀၀/-ကျပ် |
| ထိုင်ခုံတန်ဖိုး (၁)လုံး | ၅၇၇၅/-ကျပ် |
| စာသင်ခုံတစ်စုံ တန်ဖိုး | ၂၆၇၇၅/-ကျပ် |

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စာသင်ခုံများ**
**အလယ်တန်း/အထက်တန်း ကျောင်းသား ကျောင်းသူများအသုံးပြုရန် (၄)ယောက်တွဲစာသင်ခုံ(မြင့်)**




| အမျိုးအစား | အခင်း (သစ်သား) တိုင်/တန်း(သံ) |
|---|---|
| စားပွဲ /ထိုင်ခုံ (စုံ) (တွဲလျက်) | ၄၃၀၀၀/- ကျပ် |
| ကျောင်းသား တစ်ဦးနှုန်း | ၁၀၇၅၀/-ကျပ် |
| စာသင်ခုံ(၁)စုံလျှင် ဝင်ဆံ့ကျောင်းသား | (၄)ဦး |

**မူလတန်း ကျောင်းသား ကျောင်းသူများအတွက်**
**ပလတ်စတစ် (၂)ယောက်တွဲစာသင်ခုံ(စုံ)**




| အမျိုးအစား | ပလတ်စတစ် |
|---|---|
| စားပွဲတန်ဖိုး (၁)လုံး | ၈၄၀၀/-ကျပ် |
| ထိုင်ခုံတန်ဖိုး (၂)လုံး | ၃၁၅၀/-ကျပ် |
| စာသင်ခုံတစ်စုံ တန်ဖိုး | ၁၁၅၅၀/-ကျပ် |
| ကျောင်းသား တစ်ဦးနှုန်း | ၅၇၇၅/-ကျပ် |
| စာသင်ခုံ(၁)စုံလျှင် ဝင်ဆံ့ကျောင်းသား | (၂)ဦး |

**(သတင်းစဉ်)**

# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေးအတွက်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၁**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၁၀ ရက် နံနက် ၁၁ နာရီက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၊ သံအမတ်ကြီး မစ္စတာ ဟုန်လျန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အဆိုပါ ဝန်ကြီးရုံး၊ မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်လများအတွင်း ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်မှုများ၊ တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်နေမှုများ၊ ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ အရေးပေါ်ကယ်ဆယ်ရေးအတွက် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်မှုအခြေအနေများ၊ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများ၏ အခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ဘက်မှ အရေးပေါ်ကူညီပေးမှုများ၊ မကြာမီဖွင့်လှစ်မည့် မြန်မာနိုင်ငံရှိ တစ်ခုတည်းသော ဟင်္သာတမြို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်း (Disaster Management Training Center)အတွက် သင်တန်းနည်းပြဆရာများ၊ နည်းပညာနှင့် အကူအညီပေးနိုင်မှုများ၊ ရေကြီးရေလျှံမှုပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးကိစ္စများအတွက် အကူအညီပေးနိုင်မှုများ၊ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ခြင်းအပါအဝင် လုပ်ငန်းစဉ် ရှစ်ခုပါ မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်နှင့်စပ်လျဉ်း၍ အဖွဲ့အစည်းနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး သန့်ရှင်းရေးဆောင်ရွက်

**သရက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စမ်းအိုင်ကျေးရွာတွင် ဧရာဝတီမြစ်ရေကြီးချိန်က နစ်မြုပ်ခဲ့၍ အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ မြစ်ရေကျချိန်တွင် နုန်းများတင်ကျန်ခဲ့သဖြင့် ကျောင်းသားကျောင်းသူများ အချိန်မီပညာသင်ကြားနိုင်ရေးအတွက် နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးသူရိန်စိုးနှင့် ဗိုလ်ကြီးဇော်ဇော်ဟန်တို့ ဦးစီး၍ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများသည် ဩဂုတ် ၁၀ ရက်က တင်နေသောနုန်းများ ရှင်းလင်းဖယ်ရှား၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်စိုး၊ ဆရာ ဆရာမများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၁ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၁ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၂၅၇၅၄၄ စုမှ လူဦးရေ ၁၁၅၂၈၇၉ ဦး ရေဘေးသင့်ခဲ့ပြီး ၁၀၃ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၈၂၂၂၁၃၅၀၊ အရေးပေါ် အစားအစာတန်ဖိုးငွေကျပ် ၂၁၆၄၉၈၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၆၉၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၂၅၁၁၁၄၀၁၆ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၈၈၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၁၀၇၃၅၁၉၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ
၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၁- ၈ -၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | တဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၁၄၅၄ | |
| ၂။ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၁** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၁ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၃၄၀၃၈ | ၂၂၃၆၄၁ | ၁၁ | ၃၂၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၄၂၀၅၀၀ | ၈၀၀၀၀၀ | ၆၉၂၉၃၂၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၀၇ | ၁၀၀၈ | ၇၅၀၆ | ၉ | - | - | - | ၁၇၅၉၅၄၆ | ၅၀၀၀၀၀ | ၂၂၅၉၅၄၆ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၄ | ၁၅၂၄၃ | ၁၁ | ၇၇၀၄၄၅၀ | ၁၆၂၀၀ | ၄၉၀၀၀၀၀ | ၁၉၂၁၁၀၇၈ | ၁၁၀၀၀၀၀ | ၃၂၉၃၁၇၂၈ | |
| ၅။ | ချင်းပြည်နယ် | ၁၁၁၉ | ၁၅၃၆ | ၇၆၇၈ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၃ | ၁၆၇၂၈ | ၉၈၁၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၅၂၃၀၂၀၀ | ၁၃၆၈၂၈၅၀ | - | - | - | ၁၈၉၁၃၀၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၁၁ | ၁၇၅၃၁ | ၆၇၇၅၁ | ၂ | - | - | - | ၂၈၈၂၉၈၂၀ | - | ၂၈၈၂၉၈၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂၇၁၀ | ၆၃၇၄၄ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၆၀၂၃၃၅၀ | - | ၁၆၁၇၈၃၃၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၂၄၁ | ၉၅၁၈၀ | ၃၇၉၄၁၀ | - | ၁၄၇၂၆၇၀၀ | - | - | ၈၆၇၂၁၃၀ | - | ၂၃၃၉၈၈၃၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၂၉၀၁ | ၁၀၆၄၆ | - | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **ပေါင်း** | **၁၄၈၃၄** | **၂၄၈၁၅၉** | **၁၁၃၇၉၆၈** | **၉၆** | **၇၈၆၇၄၀၀၀** | **၁၇၈၅၇၀၅၀** | **၁၀၆၆၅၀၀၀၀** | **၂၃၅၄၀၈၄၃၆** | **၈၁၀၀၀၀၀** | **၄၄၆၆၈၉၄၈၆** | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၁၅၂၃၉** | **၂၄၂၃၀၅** | **၁၁၅၂၈၇၉** | **၁၀၃** | **၈၂၂၂၁၃၅၀** | **၂၁၆၄၉၈၃၀** | **၁၄၆၉၅၀၀၀၀** | **၂၅၁၁၁၄၀၁၆** | **၈၈၀၀၀၀၀** | **၅၁၀၇၃၅၁၉၆** | |

# ရေဘေးသင့်မိသားစုများနှင့်အတူပါရှိလာသည့် ကျွဲ၊ နွားများအား အစာရေစာများ ဖြည့်တင်းပေးခြင်းနှင့် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**မြင်းခြံ ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးသင့်မိသားစုများနှင့်အတူ ကျေးရွာ ၂၁ ရွာမှ ကျွဲ၊ နွား ၁၆၉၃ ကောင် ပါရှိလာခဲ့သည်။ ထိုကဲ့သို့ပါရှိလာသည့် ကျွဲနွားတိရစ္ဆာန်များအနက် ကျေးရွာရှစ်ရွာရှိ ကျွဲ၊ နွားကောင်ရေ ၁၃၂၆ ကောင်သည် မူလကျေးရွာများတွင် အစာဂိုဒေါင်များသို့ ရေဝင်ရောက်မှုရှိခြင်း၊ စားကျက်မြေများ ပျက်စီးခြင်းတို့ကြောင့် အစာရေစာခက်ခဲမှု ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့အစာရေစာ ခက်ခဲမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီးတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်းတို့မှ မြင်းခြံမြို့နယ် စခန်းလေးခုရှိ ကျွဲ၊ နွားတိရစ္ဆာန် ၁၃၂၆ ကောင်အတွက် ဝါစေ့ခွံ ၁၄၁၀ ပိဿာ၊ ဖွဲနု ၁၄၂၀ ပိဿာနှင့် ကောက်ရိုးရှစ်တန်ကို ဩဂုတ် ၈ ရက်မှစတင်၍ ရေဘေးသင့်စခန်းများသို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ ညောင်ဦးခရိုင်၊ တောင်ရွာနောင်၊ ကြအိုကျွန်း၊ လက်ထုတ်ကျွန်း၊ အုန်းနဲချောင်းကျွန်း၊ သူကောင်းတည်ကျွန်းရှိ ကျေးရွာငါးရွာတို့မှ ကျွဲ၊ နွားကောင်ရေ ၂၉၂၉ ကောင်အတွက်လည်း ဝါစေ့ခွံ ပိဿာ ၁၅၉၀၊ ဖွဲနု ပိဿာ ၁၅၈၀ တို့အား ပေးပို့ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း မြင်းခြံမြို့နယ် ကျေးရွာရှစ်ရွာရှိ ကျွဲ၊ နွားကောင်ရေ ၁၃၂၆ ကောင်အတွက် တစ်ပတ်စာ ဝါစေ့ဖတ် ၁၈၅၆၄ ပိဿာနှင့် ညောင်ဦးမြို့နယ် ကျေးရွာငါးရွာရှိ ကျွဲနွား ကောင်ရေ ၂၉၂၉ ကောင်အတွက် ငါးရက်စာ ဝါစေ့ခွံ ပိဿာ ၂၉၂၉၀ ကို ဝယ်ယူပေးပို့ထောက်ပံ့ခဲ့သည်။

တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် ရေဘေးသင့် မိသားစုများနှင့်အတူပါလာသည့် မြင်းခြံမြို့နယ်မှ ကျွဲနွားတိရစ္ဆာန် အကောင် ၁၅၄၀၊ ညောင်ဦးမြို့နယ်မှ ကျွဲ၊ နွား အကောင် ၁၃၇၀ တို့အား လည်ချောင်းကျွံ၊ ဒေါင့်သန်းရောဂါ ကာကွယ်ဆေးများကိုရေဘေးသင့်စခန်းများအလိုက် လိုက်လံထိုးနှံပေးခဲ့သည်။

ကျွဲ၊ နွားများ အစာရေစာပြတ်လပ်မှုနှင့် ကာကွယ်ဆေး ထိုးနှံခြင်းများအပေါ် တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးကပြောကြားရာတွင် "အဓိကကတော့ မြစ်ရေဝင်တဲ့ဒေသတွေက ကိုင်းလုပ်ငန်းတွေ လုပ်ကိုင်ရပြီး ကျွဲနွားတွေနဲ့သာ ထွန်ယက်ရတယ်။ ထွန်စက်ကိရိယာများ မရှိဘူး။ အခုလို ရေဘေးသင့်လာတော့ တိရစ္ဆာန်များပါ ရွှေ့ပြောင်းလာရတယ်။ လူတွေက နားခိုစခန်းတွေရှိတယ်။ နီးစပ်ရာ အိမ်တွေမှာလည်း တည်းခိုလို့ရတယ်။ တိရစ္ဆာန်တွေကျတော့ တော်တော် ဒုက္ခရောက်တယ်။ မိုးထဲရေထဲမှာ နေရတဲ့အတွက် ရောဂါဖြစ်ဖို့တော်တော်များတယ်။ အစာရေစာကလည်း ကျွဲစာ၊ နွားစာ မပါလာတဲ့အတွက် ခက်ခဲတယ်။ မြစ်ရေမြင့်တက်လာတဲ့အတွက် ရှိတဲ့ဂိုဒေါင်တွေလည်း ပျက်စီးနိုင်တယ်။ သဘာဝမြက်ခင်းတွေလည်း နွံတွေဖုံးတော့ အစာရေစာ ခက်ခဲတဲ့အတွက် မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းတို့နဲ့ ညှိနှိုင်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစီအစဉ်နဲ့ အခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကျော်ဇင်(မုံရွာ)



## ကောလင်းမြို့နယ်၌ရေကြီးနစ်မြုပ်လယ်များ အချိန်မီစိုက်ပျိုးနိုင်ရေး စက်ယန္တရားများဖြင့် ရေမြောင်းများ ပြန်လည်တူးဖော်

**ကောလင်း ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဝါးရုံခုံအုပ်စုအတွင်းရှိ ရေမကျသေးသည့် လယ်ဧက ၁၅၀၀ ကျော်ကို ရေကျသွားစေရန်နှင့် စိုက်ပျိုးရာသီအမီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဩဂုတ် ၁၀ ရက်မှစတင်ပြီး စက်ယန္တယားများဖြင့် လမ်းဦးစီးဌာနက လယ်စိုက်ကွင်းများဘေးရှိ ရေမြောင်းများကိုတူးဖော်လျက်ရှိသည်။ လုပ်ငန်းဆောင်ရွက်နေမှုကို အမြန်ပြီးစီးနိုင်ရေးအတွက် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက ကွင်းဆင်းကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးမြေများရေကျသွားပါက သင့်တော်သည့်စိုက်ပျိုးနည်းဖြင့် အမြန်ဆုံးပြန်လည်စိုက်ပျိုးရန်ပြောကြားခဲ့ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

# ဟသ်ာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့နယ်များ၌ ရေကျသော်လည်း စိုးရိမ်ရေအမှတ်ကျော်လွန်

**နေပြည်တော် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ် စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း မြို့အလိုက် သတ်မှတ်စိုးရိမ်ရေအမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

**(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ




ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ




ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ငဝန်မြစ်၏ နေ့အလိုက်ရေမှတ်များ




# ရေတိုက်စား၍ ပျက်စီးသွားသောတံတားများ ပြုပြင်ပြီးစီး

**ဝက်လက် ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လမ်းဦးစီးဌာနက မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စား၍ ပျက်စီးသွားသောတံတားများကို ပြန်လည်ပြုပြင်ပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

ရွာသာကြီး-ဝက်လက်-ရှိမ်းမ ကားလမ်းပေါ်ရှိ တံတားအမှတ်(၆/၃) အရှေ့ဘက် ချဉ်းကပ်လမ်းမြေ ရေတိုက်စားပဲ့ကျခြင်း၊ မုံရွာ-အရာတော်-ရွှေဘိုဖြတ်လမ်း တံတားအမှတ် (၁/၃၉)မှာ ချဉ်းကပ်လမ်းဘေးမြေ ရေတိုက်စားပဲ့ကျခဲ့ပြီး၊ တံတားအမှတ် (၆/၃၈) တောင်ပံနံရံပြိုကျခြင်းနှင့် အဆိုပါလမ်းပေါ်ရှိ ရွှေပန်းကုံးရွာနှင့် သမရိုးရွာအကြား တံတားအမှတ် (၅/၃၈) ကွန်ကရစ်တံတားငယ်မှာ ပြိုကျသွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပျက်စီးသွားသောတံတားအမှတ် (၆/၃၈) တောင်ပံနံရံများကို ကျောက်ကြီး၊ ပီပါခွံ၊ သဲအိတ်များဖြင့်ကာရံထားခြင်း၊ တံတားအမှတ် (၁/၃၉) နှင့် (၆/၃) တို့အား မျှောများဖြင့်တုတ်ရိုက်ပြီး ကျောက်ကြီး၊ ပီပါခွံ၊ သဲအိတ်များဖြင့် ကာရံထားခြင်း၊ ပြိုကျသွားသောတံတားအမှတ် (၅/ ၃၈) ကွန်ကရစ်တံတားအစား ဘေလီတံတားသစ်ပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် ယာဉ်များဖြတ်သန်းသွားလာနေကြပြီဖြစ်ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်ရေး စီစဉ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၁**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်ထောက်ပံ့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းမှ တစ်ခေါက်ဖြင့် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ဆန်အိတ်နှင့် စားသုံးဆီများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ သုံးခေါက်ဖြင့် ဆန်အိတ်၊ အဝတ်အထည်၊ ဆေးဝါးမျိုးစုံ၊ ကယ်ဆယ်ရေးပစ္စည်း၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများနှင့် ရေသန့်စက်တို့ကိုလည်းကောင်း ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သရက်မြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နိုင်ရေးအတွက် ယနေ့ နံနက် ၈ နာရီက နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာမှ ဝန်ထမ်းများစုပေါင်း၍ တောင်မင်းတည်းရပ်ကွက်ရှိ အောင်စေတီဘုရားတောင်ဘက်မှ တိုးချဲ့ကွက်သစ်လမ်း၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျသွားပြီးနောက် ရွှံ့နွံများနှင့် အမှိုက်သရိုက်များ ကျန်ရှိနေမှုကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်ပျက်စီး ရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာ့မီးရထား၊ တိုင်းအမှတ်(၂) မန္တလေး-မြစ်ကြီးနား လမ်းပိုင်း ကံကြီး-ဇော်ချောင်း မိုင် (၅၂၀/၂၂-၂၃) တံတားအမှတ်-၂၈၁ အနီး ရေတိုက်စားထားသော ၂၅ ပေ နေရာကို ရေရှည်တည်မြဲမှုရှိစေရန် ကျောက်ကျင်း ၄၅ ကျင်း ချခြင်း၊ တံတားအမှတ်-၂၈၂ ၌ ထပ်မံရေတိုက်စားခြင်းမှ ကာကွယ်ရန် မြစ်ကြီးနားဘက် တောင်ပံများတွင် ကျောက်ကြီးများချခြင်းနှင့် ချပ်သင်း-ကံကြီးကြား၌ ကျောက်များ ပြန်ထည့်ခြင်း၊ လမ်းမပါကင်ရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

တိုင်းအမှတ်(၆) လက်ပံတန်း-သာရဝေါလမ်းပိုင်း၊ ညောင်ဝိုင်း- ခမုံဆိပ် ဘူတာကြား မိုင်(၅၈/၈-၉)ရှိ တံတားအမှတ်-၁၅ A (၃' × ၄၀') ၏ သာရဝေါဘက်ခြမ်း ကမ်းကပ်ခုံ A(2) နှင့် တောင်ပံနံရံ နှစ်ဖက်စလုံး ရေထဲသို့ ပြိုလဲသွားခြင်း၊ ရေလယ်တိုင်အမှတ်(၂) P(2) နှင့် ကမ်းကပ်ခုံအမှတ်(၂) A (2)ကြားရှိ ရထားလမ်း သံပေါင်ထိပ် ရေထဲသို့ ပြုတ်ကျပြီး ရေလယ်တိုင်အမှတ်(၂) P(2) ဘက် တိုင်ပေါ်တင်ကျန်ခြင်းကို ဩဂုတ် ၁၀ ရက် နံနက် ၂ နာရီက ဖြစ်ပွားခဲ့သည်။ တံတားအမှတ်(၁၅) A ၏ အောက်ခြေ၌ သဲအိတ် ၁၀၀ ချခြင်း၊ ကျောက်ကြီး (၆" × ၉") ၄၉ ကျင်းချခြင်းများ ဆောင်ရွက်သည်။

တိုင်းအမှတ်(၉) မင်းဘူး-သရက်လမ်းပိုင်း၊ ကြာကန်-သရက်ကြား မိုင် (၂၈၇/၉-၁၀) ၌ အင်ဂျင်နီယာ(၃) (သံလမ်း/သရက်)နှင့် လုပ်သား ခုနစ်ဦးအဖွဲ့က တောင်ပြိုမြေဖုံးနေခြင်းကို ရှင်းလင်းပြီး လမ်းပိုင်းကို ဩဂုတ် ၁၀ ရက် နံနက်က ဖွင့်လှစ်ပြီးဖြစ်သည်။

တိုင်းအမှတ်(၉) သရက်-ဘုရားပေါ်လမ်းပိုင်း၊ ကံမ-ညောင်ကိုင်းကြား မိုင်(၂၄၂/၁-၂) နှင့် မိုင် (၂၄၀/၁၅-၁၆) တို့၌ အင်ဂျင်နီယာ(၃) (သံလမ်း/ကံမ)နှင့် လုပ်သား ၁၂ ဦးအဖွဲ့မှ တောင်ပြိုမြေများ ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်ခဲ့ပြီး မိုင် (၂၄၃/၅-၆)နှင့် မိုင် (၂၄၃/၁၀-၁၁) တို့၌ မြေများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းပြီးစီးပါက လမ်းပိုင်းကို ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီတွင် ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရန် မူဆယ်မြို့နယ် ကုန်တင်/ကုန်ချကော်မတီရုံးက ပစ္စည်းများလွှဲပြောင်းပေးအပ်

**မူဆယ် ဩဂုတ် ၁၁**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကူညီထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီခွဲက မိုင်းယု(၁၀၅)မိုင် ကုန်တင်/ ကုန်ချကော်မတီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး အလှူခံရရှိထားသောပစ္စည်းများ၊ ဆန် ၂၆ အိတ်၊ ရေသန့်ဘူး ရှစ်ကတ်၊ အဝတ်အစား ၃၄ ထုပ်၊ အိုးခွက်ပန်းကန် သုံးထုပ်၊ ဖိနပ် ကျား/မ စီး သုံးအိတ်၊ ဆေးနှင့် ဆေးပစ္စည်း နှစ်အိတ်၊ ကော်ဖီထုပ်ကြီးတစ်ထုပ်၊ ပဲပုပ်ကြီးသုံးပုလင်း စုစုပေါင်း တန်ဖိုးငွေကျပ် ၆၃၀၃၀၀၀ ကို မူဆယ်မြို့နယ် ကုန်တင်/ကုန်ချ ကော်မတီရုံးမှ ဦးစီးအရာရှိ ဦးဝင်းခိုင်က လွှဲပြောင်းပေးအပ်ပြီး မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အဆိုပါပစ္စည်းများနှင့် ငွေသားများကို လက်ခံယူ၍ ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများထံသို့လည်းကောင်း၊ အခြားအနယ်နယ်အရပ်ရပ်မှ ရေဘေးသင့်ပြည်သူများထံသို့လည်းကောင်း ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၀၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၅. ၁၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၂. ၁၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၂. ၀၀' |
| ၆။ | ကိုးပင်ကန် | ၉၇၆၄ | ၃. ၃၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၁၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၅၅' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၁. ၁၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၆၀' |
| ၁၂။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၄. ၀၀' |
| ၁၃။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၃၀' |
| ၁၄။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၅၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၆။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၂၀' |
| ၁၇။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၈။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၃၀' |
| ၁၉။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၇၅' |
| ၂၀။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၂၁။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၇၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၃၃' |
| ၂၃။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၁၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၆၀' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၅' |
| ၂၇။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၁. ၁၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၉၀' |
| ၂၉။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၆. ၂၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၃၁။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၆. ၁၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၂၀' |
| ၃၃။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀. ၂၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၄၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၅၅' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၁၀' |

**(သတင်းစဉ်)**

# တိမ်းမှောက်မှုဖြစ်ပွားခဲ့သည့် ရွှေလီဦးမော်တော်ယာဉ်ဖြင့် လိုက်ပါစီးနင်းခဲ့သည့် ခရီးသည်များ၏စကားသံများ

ရန်ကုန်မြို့မှ လားရှိုးမြို့သို့ ထွက်ခွာလာသည့် ရွှေလီဦးမော်တော်ယာဉ်သည် သြဂုတ် ၁၀ ရက် ညနေ ၆ နာရီက ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၁၀၅ မိုင် နှစ်ဖာလုံ၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ဖြစ်ပွားသည့်နေရာ၌ သေဆုံးသူ ခုနစ်ဦး၊ ဖြူးပြည်သူ့ဆေးရုံကြီး၌ တစ်ဦးသေဆုံးခဲ့ပြီး ယနေ့တွင် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီး၌ တစ်ဦးထပ်မံသေဆုံးခဲ့ရာ စုစုပေါင်းသေဆုံးသူ ကိုးဦးနှင့် ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိခဲ့ကြသည့် လူနာများသည် ဖြူးမြို့ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့တွင် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိခဲ့သည့် လူနာများ၊ အကူအညီပေးခဲ့ကြသူများ၊ ဆေးရုံအုပ်နှင့် အမြန်လမ်းရဲတပ်ဖွဲ့မှူးတို့အား တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။

**မေး- ညီညီထွန်းနှင့်အဖွဲ့**
**ဓာတ်ပုံ - ဟန်မျိုးထက်**


မဇာနည်ခိုင်


ဇင်ကိုကို


ကိုခင်မောင်ဝင်း


ကိုရဲမင်းထက်


ဒေါက်တာဇော်လွင်

**ကိုစိန်ဝင်းကြည်**
**ကမ်းစောက်ကျေးရွာ၊**
**မော်လမြိုင်ကျွန်းမြို့နယ်**
**ဧရာဝတီတိုင်းဒေသကြီး**

ကားထွက်ထွက်ချင်းမှာတော့ ကျွန်တော်ကားမူးလို့ ခေါင်းကြည်ဆေးသောက်ပြီး အိပ်ပျော်သွားတယ်။ ကားက ဝီကနဲဆိုကြားပြီးတော့ လိမ့်သွားတဲ့အချိန်မှာ လန့်နိုးလာတယ်။ အဲဒီအချိန်မှာ မျက်စိမှိတ်ထားလိုက်တယ်။ ကျွန်တော့်ကိုယ်ကျွန်တော် သေပြီလို့ မှတ်လိုက်တယ်။ ကားလည်းရပ်သွားရော မျက်လုံးဖွင့်ကြည့်လိုက်ပြီး ကျွန်တော့်ရှေ့က ကျွန်တော့်သူငယ်ချင်းနဲ့ တံခါးကို တွန်းထွက်တယ်။ ကျွန်တော့် ညီမလေးကိုလည်း ဆွဲထုတ်တယ်။ ပြီးတော့ ကျွန်တော့်ရင်ဘတ်က အောင့်လာပြီး သတိလစ်သွားတယ်။

ကျွန်တော်တို့က တစ်ရွာတည်း ကိုးယောက်အဖွဲ့ပါ။ ကိုးယောက်စလုံး လားရှိုးမှာ အလုပ်သွားလုပ်ဖို့ သွားကြတာပါ။ သုံးယောက်ကတော့ ဆုံးသွားပါပြီ။ ကျွန်တော်ကတော့ ဓာတ်မှန်ရိုက်ကြည့်တော့ ဘာမှ မဖြစ်ဘူးပြောပါတယ်။

ကားမှောက်ပြီး တစ်နာရီလောက်ကြာတဲ့အချိန်မှာ ကြက်ခြေနီတွေ၊ တပ်မတော်သားတွေ မြို့နယ်က လူငယ်တွေဝိုင်းပြီး ဆောင်ရွက်ပေးကြလို့ ဆေးရုံကို ရောက်လာတာပါ။

**မဇာနည်ခိုင်၊ မိတ္ထီလာမြို့**

ကျွန်မက မိတ္ထီလာကပါ။ ဒီကားက အတော်မြန်မြန် မောင်းတယ်။ အဲဒီလိုမောင်းလို့လည်း ကျွန်မဘေးက ဘေးမှန်တံခါး ပွင့်ထွက်သွားတယ်။ အဲဒါကြောင့် ပြန်ပိတ်ခဲ့ရတယ်။ အမြန်မောင်းတော့ ဘီးပေါက်တဲ့ အချိန်မှာ အရှိန်မထိန်းနိုင်တော့ဘဲ လမ်းလယ်ကျွန်းကို ဝင်တိုက်တယ်။ ပြီးတော့ တစ်ဖက်လမ်းကို ရောက်ပြီး ပက်လက်လန်သွားတယ်။ အတော်ဝေးဝေးရောက်သွားတယ်။

ကားမှောက်သွားတော့ ကျွန်မလည်း ဘေးမှန်တစ်ဖက်ပွင့်ထွက်လာတဲ့ နေရာကနေ တွန်းထွက်လာခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်မက ပါးစပ်ကနေ သွေးတွေ အန်နေတယ်။

ကူညီမယ့်သူတွေက ၇ နာရီထိုးခါနီးလောက် ရောက်လာပြီး ဆေးရုံ ပို့ပေးတယ်။ အခုဆေးရုံမှာ ကျွန်မခေါင်းမှာ ဖုတွေ အများကြီးပဲ။ ဆေးရုံမှာ ဆေးသွင်းပေးတာပဲရှိတယ်။ အခုကျောတွေမှာ စပ်နေတယ်။ ဘာမှလည်း လုပ်မပေးဘူး။ နာလည်း နာပါတယ်။ ကျွန်မအမေကလည်း အသည်းအသန်ဖြစ်နေတော့ အမေတစ်ခုခုဖြစ်မှာ စိုးတယ်။ အိမ်ကိုလည်း အကြောင်းမကြားရဲဘူး။

ကုန်းလမ်း ပို့ဆောင်ရေးလုပ်ငန်းရှင်အသင်းကတော့ လူနာတွေဆီ လာပါတယ်။ ထောက်ပံ့ပေးသွားပါတယ်။ ကားတွေ မောင်းတဲ့သူတွေအနေနဲ့ သတိတွေထားပြီး မောင်းစေချင်ပါတယ်။

**ဇင်ကိုကို**
**မော်လမြိုင်ကျွန်းမြို့**

ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းကပါ။ ကားဘယ်လို မောင်းနေတယ်ဆိုတာတော့ ကျွန်တော်အိပ်ပျော်နေတော့ မသိလိုက်ဘူး။ လားရှိုးကို သွားပြီးတော့ အလုပ်လုပ်မလို့ပါ။ ကားမှောက်ပြီး သတိပြန်ရတဲ့ အချိန်မှာ အကုန်လုံး ရုတ်ရုတ်သဲသဲဖြစ်နေပါပြီ။ ပြန်ပြီး သတိရတဲ့အချိန်မှာ ကုန်းပြီး အပြင်ကို ထွက်ပါတယ်။ ညီမလေးကိုလည်း ရအောင်ကယ်ထုတ်ပါတယ်။ ကယ်တော့ ကယ်ပေမယ့် ညီမလေးက ဆေးရုံရောက်တော့ ဆုံးသွားပါတယ်။ ညီမလေးရော၊ အစ်မနှစ်ယောက်ပါ ဆုံးသွားပါတယ်။ အစ်မတွေက နေရာမှာတင် သေဆုံးပါတယ်။

ကျွန်တော်တို့ ဆေးရုံရောက်တော့ ည ၉ နာရီလောက်ရှိပါပြီ။ ကျွန်တော်တို့က အစ်မတွေကို စောင့်ရင်း ကျန်နေတဲ့အတွက်ကြောင့်ပါ။ ကျွန်တော်ကတော့ လက်မှာရယ်၊ ခေါင်းတစ်ချက် ဒဏ်ရာရပါတယ်။ ကယ်ဆယ်ရေးကတော့ ဖြစ်ပြီးမကြာခင်ရောက်လာတာပါ။

ကားမောင်းတဲ့သူတွေ ကားမောင်းရင် သတ်မှတ်တဲ့ နှုန်းထားနဲ့ မောင်းကြပါ။ ကျွန်တော်တို့ကတော့ ကိုယ်တွေ့ကြုံခဲ့ရတယ်။ အစ်မတွေနဲ့ ညီမလေးလည်း သေဆုံးသွားခဲ့တယ်။ ဒါမျိုးတွေ ကြုံခဲ့ရတော့ ဝမ်းနည်းရပါတယ်။ ဒါ့ကြောင့် ကားမောင်းရင် အာရုံတွေမများဘဲ သတိရှိစေချင်ပါတယ်။

**ကိုခင်မောင်ဝင်း**
**လက်ထောက်မန်နေဂျာ**
**IKBZ အာမခံလုပ်ငန်း**

ကားမှောက်မှု ဖြစ်စဉ်ကြောင့် အခုချိန်ထိ ကိုးယောက် သေဆုံးသွားပါတယ်။ သေသွားတဲ့ သူတွေအားလုံးအတွက် သူတို့နဲ့ သက်ဆိုင်တဲ့ သူတွေဆီကို အာမခံကြေး သိန်း ၃၀ စီပေးပြီးပါပြီ။ ဆေးရုံတက်ပြီး ကုသနေတာကတော့ ၂၅ ယောက်ရှိပါတယ်။ ဒဏ်ရာရတဲ့သူ ၂၅ ယောက်စလုံးကိုလည်း လောလောဆယ် တစ်သိန်းစီ ပေးထားပါတယ်။ ဆေးရုံဆင်းတဲ့ အခါကျရင် ဆရာဝန်ကြီးရဲ့ ဆေးစာပေါ် မူတည်ပြီးတော့ ထပ်မံပေးသွားမှာပါ။

**ကိုရဲမင်းထက်၊ ဖြူးမြို့**

ကျွန်တော်တို့က ကားမှောက်တဲ့ ကားပေါ်မှာ မပါပါဘူး။ ကျွန်တော်တို့ ရန်ကုန်က သုံးနာရီထွက်တဲ့ စေတမန်ကားကို စီးလာတာပါ။ မှောက်တဲ့ကားက လေးနာရီမှာ ထွက်တာပါ။ မှောက်တဲ့ကားက မိုင်တိုင် ၇၆ မှာ ကျွန်တော်တို့စီးတဲ့ကား ထမင်းစားနားနေချိန်မှာ ကျော်မောင်းသွားတာ တွေ့ပါတယ်။ ကားက အရှိန်များများနဲ့ မောင်းသွားတာ တွေ့တယ်။ သူတို့ကား ကျော်သွားတဲ့အချိန်မှာ ငါးညီနဲ့ တွေလည်း ရတယ်။

ထမင်းစားနားပြီး ကျွန်တော်တို့ ကားပြန်ထွက်တော့ မိုင်တိုင် ၁၀၅ မှာ ကားမှောက်နေတာ တွေ့တယ်။ ဒါပေမယ့် သူတို့ ကားမှန်း မသိဘူး။ အရင်နေ့က မှောက်တဲ့ကားလို့ပဲ ထင်တာ။ ဆင်းကြည့်ကြတော့ ကားက စက်မသေသေးဘူး။ ဘေးနားမှာလည်း သေဆုံးနေတဲ့ လူတွေ တွေ့နေရတယ်။

ကျွန်တော်တို့လည်း ကားမှန်ခွဲပြီး ကားထဲက လူတွေကို ဆွဲထုတ်ပေးတယ်။ ကျွန်တော်က ဖြူးမြို့ကပါ။ အဲဒီအချိန်မှာ ဖုန်းဆက်တော့လည်း ဘယ်မှ ဆက်လို့မရဘူး။ နောက်ဆုံး ကျွန်တော်တို့သိတဲ့ ကားကိုဆက်လိုက်တော့ ၇ နာရီထိုးပြီး ၁၀ မိနစ်မှာ ရောက်လာတယ်။ လူနာအတော်များများက သွေးထွက်လူနာတွေ များတော့ သွေးလွန်ကုန်ကြတယ်။ အခုကတော့ ကျွန်တော်က ဆေးရုံမှာလာပြီး ကူညီနေတာပါ။

**ရဲမှူးကြီး နေဝင်း**
**အမြန်လမ်းရဲတပ်ဖွဲ့မှူး**

သတင်းရရချင်းပဲ အမြန်လမ်းရဲတပ်ဖွဲ့မှာရှိတဲ့ ရဲစခန်းတွေ ပူးပေါင်းပြီး စခန်းမှူး ငါးယောက်ဦးစီးပြီး ကား ၁၀ စီးလောက်နဲ့ လမ်းရှင်းမှုတွေ လမ်းကြောင်းလွှဲမှုတွေ လုပ်ပါတယ်။ ဒဏ်ရာရနေတဲ့ လူတွေကို ကူညီတာတွေ၊ ကယ်ဆယ်တာတွေ၊ ဆေးရုံပို့တာတွေ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ နေပြည်တော်ကနေ တိုက်ရိုက်ကွပ်ကဲပြီးတော့ ဖြူးပြည်သူ့ဆေးရုံကြီးကို ပို့ပါတယ်။ နောက်ပြီးတော့ ထိုင်နိုင် ထနိုင်ရှိတဲ့ သူတွေကို ပို့ပါတယ်။ နောက်ဆုံးကတော့ သေဆုံးခဲ့တဲ့သူတွေကို ပို့ပါတယ်။

ကျွန်တော်နဲ့ ဒုတပ်ဖွဲ့မှူး ဦးစီးပြီးတော့လည်း နေပြည်တော်ကနေ အခင်းဖြစ်ပွားရာနေရာကို သွားရောက်ပြီး လိုအပ်တဲ့ ကူညီမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ လမ်းပေါ်မှာ ပြန့်ကျဲနေတဲ့ ယာဉ်ပေါ်ပါ ပစ္စည်းတွေကိုလည်း ပိုင်ရှင်တွေထံ စနစ်တကျ ပြန်ပေးနိုင်အောင် စာရင်းပြုစုတာတွေ လုပ်ခဲ့ပါတယ်။

ဖြစ်စဉ်ကို ဘာကြောင့်ဖြစ်တယ်ဆိုတာကို စစ်ဆေးတဲ့အခါမှာ မိုင်တိုင် ၁၀၅ မိုင် ၁ ဖာလုံမှာ မသိမသာလေး ကွေ့တဲ့အနေအထားဖြစ်ပါတယ်။ အဲဒီကွေ့နားမှာ ရှိတဲ့ ကွန်ကရစ်တုံး ၁၂ တုံးကို တိုက်မိပါတယ်။ ကွန်ကရစ်တုံးတွေ ကြေမွသွားပြီး လမ်းလယ်ကျွန်းပေါ်တက်ကာ ပက်လက်လန်သွားတယ်။ ပက်လက်လန်အနေအထားနဲ့ တစ်ဖာလုံလောက် တရွတ်တိုက်သွားတာကို စစ်ဆေးတွေ့ရှိရပါတယ်။ အရှိန်လည်းပြင်းတဲ့အတွက် ရှစ်ဦးသေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ အခင်းဖြစ်တဲ့အထဲက စိုးရိမ်ရတဲ့ လေးဦးကို နေပြည်တော်ကို ပို့ဆောင်ကုသခဲ့ရာက အဲဒီထဲက ဒီနေ့အမျိုးသားတစ်ဦး ထပ်မံသေဆုံးသွားပါတယ်။ ဒီနေ့အထိ စုစုပေါင်းကိုးဦး သေဆုံးကာ တော့ ၂၅ ဦးဒဏ်ရာရပြီး ကုသမှုခံယူနေပါတယ်။

**ဒေါက်တာဇော်လွင်**
**ဆေးရုံအုပ်၊ ဖြူးခုတင် ၁၀၀ ဆေးရုံ**

မနေ့က ရွှေလီဦးကား မှောက်တယ်ဆိုတာကို ညနေ ၆ နာရီခွဲလောက်မှာ ကျွန်တော်တို့ သတင်းရပါတယ်။ သတင်းရပြီးတာနဲ့ ဆေးရုံကားတွေ ၁၀၅ မိုင်က ကြက်ခြေနီကားတွေ၊ ဒီမြို့က လူမှုရေးအသင်းအဖွဲ့ကားတွေနဲ့ ရောက်သွားပါတယ်။

ကားမှောက်တဲ့ ဖြစ်စဉ်မှာ ဒဏ်ရာရ ၂၆ ဦးရှိပါတယ်။ တစ်ဦးကတော့ ဆေးရုံရောက်ပြီးတာနဲ့ သေဆုံးသွားပါတယ်။ ပြီးတော့ ဒဏ်ရာပြင်းထန်တဲ့ လေးဦးကိုတော့ နေပြည်တော်ကို လွှဲပြောင်းပေးပါတယ်။ ဒီနေ့မှာတော့ ဒဏ်ရာပြင်းထန်တာတော့ မဟုတ်ပေမယ့် ဆေးရုံကြီးတွေမှာ ကုသရမယ့် လူနာသုံးဦးကို ရန်ကုန်ကို လွှဲပြောင်းပေးလိုက်တယ်။ လက်ရှိအရိုးဆောင်နဲ့ ခွဲစိတ်ဆောင်တွေမှာ လူနာ ၁၇ ဦး ကျန်ပါတယ်။

အမြန်လမ်း ဖြစ်စဉ်တွေဟာ အဖြစ်များတာကြောင့် ကျွန်တော်တို့ ဆေးရုံမှာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်ထားပါတယ်။ ကျွန်တော်တို့ ဆေးရုံမှာ ပါရဂူတွေအပါအဝင် ဝန်ထမ်း ၁၀၀ ကျော်ရှိပါတယ်။ တစ်ခုခုဖြစ်တာနဲ့ ကျွန်တော်တို့ ဆေးရုံက ဝန်ထမ်းတွေကို တာဝန်ခွဲဝေပြီးတော့ ဆောင်ရွက်ဖို့ အဆင်သင့်လုပ်ဆောင်ထားပါတယ်။

ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ အရေးပေါ်ကုသရေး စနစ်ကို စနစ်တကျဖြစ်အောင် ဆောင်ရွက်နေပါတယ်။ လက်ရှိကာလဟာ ဆောင်ရွက်နေဆဲကာလဖြစ်တဲ့အတွက် နောက်ပိုင်းမှာဆိုရင် sea game တုန်းကလို အရေးပေါ်လူနာတင်ယာဉ်တွေပေါ် ကုသရေးပစ္စည်း၊ ဆေးပစ္စည်း အပြည့်အစုံပါတဲ့ စနစ်တွေကျင့်သုံးဖို့ ပြင်ဆင်နေပါတယ်။ အခုဆိုရင် ၈၅ မိုင်မှာလည်း အမြန်လမ်း အထူးကုဆေးရုံကိုလည်း တည်ဆောက်နေပြီ။ ၁၁၅ မိုင်မှာလည်း အရေးပေါ် ရှေးဦးသူနာပြုစခန်းကို ဖွင့်လှစ်ထားပါတယ်။ ကျွန်တော်တို့ ဖြူးတိုက်နယ်ဆေးရုံ မြေနေရာက ငါးဧကကျော်ရှိပါတယ်။ ခုတင် ၁၀၀ ဆေးရုံဆိုပေမယ့် ကားမှောက်တဲ့ ဖြစ်စဉ်မဖြစ်ခင်မှာဘဲ ဆေးရုံပေါ်မှာ လူနာ ၂၀၀ ကျော်ရှိပါတယ်။ ကားမှောက်တဲ့ အရေးပေါ်လူနာတွေ ရောက်လာတဲ့အခါ လူနာတွေ ပိုများသွားပါတယ်။ အခုချိန်ဆေးရုံနားက တပ်ရင်းကလည်း မြို့ပြင်ကို ပြောင်းရွှေ့သွားတဲ့အတွက် ဆေးရုံကို မြေသုံးဧကကျော်လောက် ပေးထားပါတယ်။

ဒီနေရာမှာ အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်ပြီး ခုတင် ၂၀၀ လောက် အဆင့်မြှင့်တင်ပေးမယ် ဆိုရင်တော့ အထူးကုဆရာဝန်တွေ ပိုများလာပြီး ကျန်းမာရေး စောင့်ရှောက်မှုတွေ ပိုမိုပေးနိုင်မယ်လို့ ထင်ပါတယ်။

## မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များထံမှ အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် သြဂုတ် ၁၁**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ သြဂုတ် ၁၁ ရက်က အဝတ်အထည် အိတ် ၂၆၀၊ ခေါက်ဆွဲခြောက် ၁၁ ပုံး၊ ဖာ ၁၈၀၊ ၄၇၁ ထုပ်၊ ဆန် ၁၈၃ အိတ် ၁၂ ပြည်၊ ရေသန့် ၁၉၈၃ ကတ်၊ သက်နီး ၁၀၃၃ စုံ၊ စားသောက်ကုန်+လူသုံးကုန် ရှစ်ဖာ ၂၁၇ ထုပ်၊ ဆပ်ပြာ ရှစ်ဖာ၊ ကော်ခြင်းလေးနှစ်ခု၊ ရေသန့်ဆေး ၁၀ ဘူး၊ ပလတ်စတစ်ပုံး ၄၀၀၀၊ ခြင်နိုင်ဆေးအလုံး ၅၀၊ အမျိုးသမီးလစဉ်သုံး တစ်ဖာ၊ စောင်တစ်အိတ်၊ ပန်းကန်တစ်ဖာ၊ ဝေဖာ ပုံး ၄၀၊ ဆေးဝါးမျိုးစုံ တစ်ပုံး ၃၈ မျိုး၊ သူနာပြုဝတ်စုံ အထုပ် ၆၀၊ ကျားဝတ်လုံချည်အထည် ၅၀၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာ အဆီ ၄၅၇ ထုပ်၊ ရွှေဝါဆပ်ပြာတောင့်၊ ဆပ်ပြာ အချော ၁၉၅ ခဲ၊ ဆား ၅၀ သား အထုပ် ၆၀၊ ဆီမျိုးစုံ ၈၆ ပိဿာ၊ ဖိနပ် ၄၁ ရန်၊ ရှူးရှဲ ငါးလေးကြော်၊ ရှူးရှဲ လက်ဖက်၊ နှစ်ပြန်ကြော် ၁၈၄ တွဲ၊ လက်ဖက်ခြောက်(ကြီးသေးစုံ) ၁၆၄ ထုပ်၊ ဖယောင်းတိုင်အစုံ ၁၀ ထုပ်၊ ပဲမျိုးစုံ ၂၈ ပြည်၊ ကော်ဇော နှစ်ချပ်၊ စောင်နှစ်ထည်၊ ပန်းကန်၊ ဇွန်း၊ ဒန်အိုး ၁၀၇ မျိုး၊ အအေးသုံးကတ်၊ သွားတိုက်ဆေး၊ သွားတိုက်တံ ၉၁ ခု၊ နို့ဆီ၊ နို့မှုန့် ၃၁ ဘူး၊ ငါးတင်းဘူး၊ ငါးတင်းခြောက် ၁၀ ဘူး၊ အုန်းဆီတစ်ဘူးနှင့် ကြက်သွန်နီ ၁၅ ပိဿာ လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးအပြင် ပြန်လည်ထူထောင်ရေးကို ခြောက်လအထိ ဆောင်ရွက်ပေးသွားမည်

ကလေး ဩဂုတ် ၁၁

**ရေဘေးသင့်ဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပတ်ဝန်းကျင်နှင့် ချင်းပြည်နယ် ဟားခါး၊ ဖလမ်းမြို့နယ်များရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။**

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

ယနေ့နံနက် ၁၁ နာရီက ကလေးမြို့ အောင်ဇေယျာခန်းမ၌ ပြုလုပ်သည့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က "ကျွန်တော်တို့အသင်းရဲ့ နာယကကြီး ဦးအောင်ကိုဝင်းနဲ့ အသင်းသားတွေ၊ အသင်းကြီးရဲ့ ညီနောင်အသင်းတွေဖြစ်တဲ့ ဆန်စပါးအသင်းချုပ်၊ ဆီထွက်သီးနှံအသင်းစတဲ့ အသင်းတွေအားလုံး စုပေါင်းပြီး အခက်အခဲဖြစ်နေတဲ့ ဒေသတွေမှာ လိုအပ်တဲ့ ကူညီကယ်ဆယ်ရေးတွေနဲ့ ထောက်ပံ့ပစ္စည်းတွေ၊ ပြန်လည်ထူထောင်ရေးဆိုင်ရာတွေကို စဉ်ဆက်မပြတ် ကူညီသွားဖို့ ရှိပါတယ်။ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ငွေကျပ် သိန်း ၁၀၀၀ အပြင် ရေဘေးသင့်ဒေသက ကလေးငယ်တွေအတွက် ကျောင်းဝတ်စုံ ၂၅၀၃၂ စုံ၊ ဗလာစာအုပ် ဒါဇင် ၆၅၀၀ နဲ့ ခဲတံ ဒါဇင် ၆၅၀၀၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံ ၁၀၀၀၊ ဆေးနှင့် ဆေးရုံသုံးပစ္စည်းတွေ၊ ဒီဇယ်ဂါလန် ၁၀၀၀၀၊ ဘိလပ်မြေအိတ် ၆၀၀၀၊ အမိုးသွပ်ပြား ၆၀၀၀နဲ့ အလှူရှင်များက ငွေကျပ် ၁၅ သိန်း၊ ကုန်သည်/စက်မှုအသင်းချုပ်မှ ငွေကျပ် ၇၁၄၈၆၀၀၀တို့ကို ပေးအပ်လှူဒါန်းခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

ကုန်သည်/စက်မှု အသင်းအနေဖြင့် ရေဘေးသင့်ဒေသများတွင် ကုန်စည်ဈေးနှုန်းများ ထိန်းချုပ်နိုင်ရေးအတွက် ကုန်စည်လက်ကားဒိုင်များကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သုံးနေရာခန့်နှင့် ချင်းပြည်နယ်အတွင်း နှစ်နေရာခန့် ဖွင့်လှစ်နိုင်ရန် အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဆန်၊ ဆီ၊ ပဲနှင့် ဆားတို့ကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဈေးနှုန်းများအတိုင်း ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း ဦးဝင်းအောင်ထံမှ သိရသည်။



ဦးဝင်းအောင်



ဦးစိုးတင်မောင်ဇော်



ကိုဝေဠုကျော်



အကယ်ဒမီ သက်မွန်မြင့်

"ကမ္ဘောဇအနေနဲ့ ကလေးမြို့အနီးတစ်ဝိုက်ကို ရေဘေးအန္တရာယ် စတင်ကျရောက်ကတည်းက ကူညီကယ်ဆယ်ရေးလှုပ်ရှားမှုတွေ စတင်ခဲ့ပါတယ်။ ထမင်းထုပ်တွေ ပေးဝေတာ၊ စားနပ်ရိက္ခာပေးတာတွေအပြင် နေရာအသီးသီးကို အဆောလျင်ဆုံး သွားရောက်ပြီး ကူညီကယ်ဆယ်ပေးခဲ့တာဖြစ်ပါတယ်။ အခုအချိန်အထိ ကယ်ဆယ်ရေးပစ္စည်းတွေကို နေ့စဉ်အခေါက် အရေအတွက် အများဆုံး အခမဲ့သယ်ယူပေးနေသလို ပိုလျှံတဲ့ ပစ္စည်းတွေကို အချိန်မီရောက်အောင် ရေလမ်းကနေလည်း အခမဲ့ပို့ဆောင်ပေးနေပါတယ်။ အဓိကကတော့ လူထုလက်ထဲကို လိုအပ်တဲ့ပစ္စည်းတွေအချိန်မီရောက်ရှိသွားဖို့ ဖြစ်ပါတယ်"ဟု အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ အထွေထွေမန်နေဂျာ ဦးစိုးတင်မောင်ဇော်က ပြောသည်။

ထို့အပြင် ကုန်သည်/စက်မှုအသင်းချုပ်မှလည်း ကယ်ဆယ်ရေးလုပ်ငန်းများနှင့်အတူ ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် ဆန်စက်များ၊ ဆီစက်များနှင့် သိုလှောင်ရုံများအပါအဝင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကိုလည်း အမြန်ဆုံး စာရင်းပြုစုကာ ငွေကြေး၊ နည်းပညာနှင့် စက်ကိရိယာ ပံ့ပိုးခြင်းများကိုလည်းကောင်း၊ စီမံခန့်ခွဲခြင်းအပါအဝင် အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက်လည်းကောင်း အကူအညီများကို ညီနောင်အသင်းများ စုပေါင်းကာ ပေးအပ်ရန်ရှိကြောင်း ဦးဝင်းအောင်က ပြောသည်။



"အလှူရှင်တွေရဲ့ ကူညီမှုက အဓိကကျပါတယ်။ လက်ရှိမှာ ပရဟိတအသင်းတွေနဲ့ အလှူရှင်တွေရဲ့ လှူဒါန်းမှုကြောင့် ရေဘေးသင့်ပြည်သူတွေအတွက် အများကြီး အထောက်အပံ့ရရှိခဲ့ပါတယ်။ ဘယ်လောက်ပဲ ခက်ခဲခက်ခဲ ပရဟိတသမားတွေရဲ့ အကူအညီနဲ့ အလှူရှင်တွေရဲ့ လှူဒါန်းမှုဟာ ပြည်သူ့လက်ထဲကို အမြန်ဆုံးရောက်နေခဲ့ပါပြီ။ မူလကတည်းက လမ်းပန်းဆက်သွယ်ရေး ခက်ခဲတတ်တဲ့ နေရာဖြစ်နေတဲ့အပြင် ရေဘေးသင့်ပြီးတဲ့နောက် ရွှံ့နွံတွေကြားထဲမှာ ရုန်းမထနိုင်သေးတဲ့ ပြည်သူတွေအတွက်တော့ အများကြီး အဆင်ပြေစေမှာပါ။ ဆက်လက်ပြီး ကူညီသွားပါမယ်"ဟု ဝေဠုကျော် ဖောင်ဒေးရှင်းမှ ကိုဝေဠုကျော်က ပြောသည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး အလှူရှင်များ၏ လှူဒါန်းမှုအစုစုကို လက်ခံယူပေးခဲ့ပြီး လက်ရှိဆောင်ရွက်နေသော အနေအထားများကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ကလေးမြို့နယ်၌ မကြုံစဖူး ရေကြီးမှုကြောင့် အိမ်ထောင်စုပေါင်း ၆၄၉၆ စုခန့် ရေဘေးသင့်ခဲ့ရပြီး လူဦးရေ ၂၇၇၅၈ ဦးမှာ ရေဘေးအန္တရာယ်ကြောင့် အိုးအိမ်များကို စွန့်ခွာကာ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ခဲ့ရပြီး အချို့မှာ အဆင်ပြေရာ ရေကင်းလွတ်သည့် နေရာများသို့လည်း ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

"သဘာဝ ဘေးအန္တရာယ်ဆိုတာ ရှောင်လွှဲလို့တော့ မရပါဘူး။ နေရာဒေသမရွေး အသက်အရွယ်မရွေး ကြုံနိုင်တာကြောင့် အားမလျှော့စိတ်မပျက်ဘဲ ပြန်လည်ထူထောင်ရေးတွေလုပ်ဆောင်ပါလို့ အားပေးချင်ပါတယ်။ ကျွန်မတို့ရဲ့ မိဘပြည်သူတွေ ပြန်လည်ထူထောင်ရေးတွေ လုပ်ကိုင်နိုင်ဖို့ ကူညီသွားဖို့ အသင့်ရှိပါတယ်"ဟု အကယ်ဒမီ သက်မွန်မြင့်က ပြောသည်။

အဆိုပါ အခမ်းအနားသို့ ကုန်သည်/စက်မှုအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ စိုးသူ၊ ဝေဠုကျော်၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်နှင့် ခင်လေးနွယ်တို့အပါအဝင် အနုပညာရှင်များ၊ မီဒီယာများက ရန်ကုန်မှ Air KBZ လေယာဉ်များဖြင့် လာရောက်လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

"ကယ်ဆယ်ရေးလုပ်ငန်းတွေကို နေ့မအား ညမနား ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့အနေနဲ့ လိုအပ်တဲ့နေရာတွေကို အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းပေးမှာ ဖြစ်ပါတယ်။

"လက်ရှိ ကလေးမြို့နယ် ပတ်ဝန်းကျင်မှာ စားနပ်ရိက္ခာနဲ့ လတ်တလော နားခိုရာနေရာတွေ ဖန်တီးပေးဖို့နဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ လမ်းပန်းဆက်သွယ်ရေးတွေ အဓိကလိုအပ်နေပါသေးတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်းက ပြောသည်။ **(မြန်မာ့အလင်း)**


**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**
**အဆောက်အအုံမွမ်းမံဆေးသုတ်ခြင်းလုပ်ငန်းအတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ အဆောက်အအုံမွမ်းမံဆေးသုတ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် စိတ်ပါဝင်စားသော နိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့်အချက်အလက်များစာရင်းကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် လူကိုယ်တိုင် လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစတင်ခေါ်ယူသည့်ရက်** - ၁၂-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၃၁-၈-၂၀၁၅ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**



GOLDEN STAR Travels & Tours
✡ တောင်ကြီး-မန္တလေး-ပြင်ဦးလွင် Aug-24
✡ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
ကားမျိုးစုံ စီစဉ်ပေးသည်
Ph :544383
209200
430480
703448
705968



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃က/၄၉၁၉ Toyota Corolla, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင် ၅/ဝသန(နိုင်)ဝ၂ဝ၇၉၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆က/၆၃၉၇၊ Toyota Corona CT176. S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင် ၅/ဝသန(နိုင်)ဝ၂ဝ၇၉၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/9967. Toyota Mark II GX 110/S1L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင် ၅/ဝသန(နိုင်)ဝ၂ဝ၇၉၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တမူးခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂**

ဦးပေါင်ဆွမ်းခုပ်(ခ)ဦးပေါင်ဆွင်းခုတ် **နှင့်** ၁။ ဦးကျော်မိုး
၂။ ဒေါ်စိုးစိုးနွယ်
၃။ ဦးတင်လင်း
**တရားလို** **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့၊ ဈေးတန်း၊ (၆)ရပ်ကွက်နေ တရားပြိုင် ဦးတင်လင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်ကို တရားလိုမှ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေး၍ ကျူးကျော်ဆောက်လုပ်ထားသောအိမ်ကို ဖျက်သိမ်းပြီး မြေကွက်ကို လက်ရောက်ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းအောင်)**
**ခရိုင်တရားသူကြီး**
**တမူးခရိုင်၊ တမူးမြို့**



**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/ 5428၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**



**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/8544၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**



**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ လုံးကင်းရွှေကျောင်းအုပ်စု၊ ကျောက်အိုင်ကျေးရွာနေ ဦးမိုးကောင်း(ခ)ဦးဖိုးထောင် ၅/ဗမန(နိုင်)ဝ၇၅၁၇၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမိုးကောင်း(ခ)ဦးဖိုးထောင်**

✽ *ကျောဖုံးမှ*

ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းကြီးတွင် ပါဝင်လာသည့် အားကစားသမားများမှာ ရှေ့တန်းတွင် ဆွမ်လန်မန်(ချင်းယူနိုက်တက်)၊ ကျော်ကိုကို (ရန်ကုန်ယူနိုက်တက်)၊ သန်းပိုင်(ရန်ကုန်ယူနိုက်တက်)၊နေလင်းထွန်း(ဧရာဝတီယူနိုက်တက်)တို့ဖြစ်ကြပြီး အလယ်တန်းတွင် ရတနာပုံယူနိုက်ကစားသမားများဖြစ်သည့် အောင်သူ၊ ရဲကိုဦး၊ ရှိုင်းသူရ၊ လှိုင်းဘိုဘို၊ ရန်ကုန်ယူနိုက်တက်မှ ကြည်လင်း၊ ရန်အောင်ကျော်၊ ဧရာဝတီယူနိုက်တက်မှ သီဟဇော်၊ ကျော်မင်းဦး၊ ချင်းယူနိုက်တက်မှ ချစ်စုမိုးနှင့် မောင်မောင်လွင် (ဟံသာဝတီယူနိုက်တက်)တို့ ဖြစ်ကြသည်။နောက်တန်းတွင် ကျော်ဇင်လွင်၊ နန္ဒကျော် (မကွေးယူနိုက်တက်)၊ စည်သူအောင်၊ ဇော်ရဲထွန်း(ရတနာပုံယူနိုက်တက်)၊ ဒေးဗစ်ထန်၊ ဇော်မင်းထွန်း(ရန်ကုန်ယူနိုက်တက်)၊ အောင်ဇော် (ဟံသာဝတီယူနိုက်တက်)နှင့် ဇော်လင်း(ကမ္ဘောဇယူနိုက်တက်)တို့ ပါဝင်လာပြီး ဂိုးသမားများအဖြစ် ကျော်ဇင်ဖြိုး (မကွေးယူနိုက်တက်)၊ မျိုးမင်းလတ် (ကမ္ဘောဇယူနိုက်တက်)၊ ရန်အောင်လင်း (ဟံသာဝတီယူနိုက်တက်)နှင့် ဇော်ထက်လင်း (ဆောက်သမ်းမြန်မာ)တို့ ဖြစ်ကြသည်။ ယခုရွေးချယ်ထားသည့် ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသား ဘောလုံးအသင်းကြီးတွင် ကမ္ဘာ့ဖလားယူ-၂၀ ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကစားသမားခြောက်ဦး၊ ပြီးခဲ့သည့် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရခဲ့သည့် မြန်မာယူ-၂၃ အသင်းမှ ကစားသမားကိုးဦးပါဝင်ပြီး အခြားပါဝင်လာသည့် အားကစားသမားအများစုမှာ ယခင်မူလလက်ရွေးစင်ဟောင်း အသင်းကြီးမှ ကစားသမားအနည်းငယ်နှင့် ပြည်တွင်းမြန်မာလိဂ်မှ ကစားသမားအချို့တို့ကို ရွေးချယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဇော်လင်းထက်(ဂိုး) သည်လည်း ပြည်တွင်းလိဂ်ဆောက်သမ်းမြန်မာအသင်း ယူနိုက်တက်မှဖြစ်ပြီးယခု လက်ရွေးစင်အသင်းကြီးတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော် အခုလို လက်ရွေးစင်အသင်းကြီးမှာ ပါဝင်ခွင့်ရတာအလွန်ပဲ ဝမ်းသာပါတယ်။ နိုင်ငံ့ကိုယ်စားပြုအသင်းကြီးမှာ ကစားရမှာဆိုတော့ အရင်ကထက် ကောင်းအောင် ကျွန်တော် ကြိုးစားသွားမှာပါ။ ကျွန်တော့်ဘဝမှာ ဘောလုံးနဲ့ပတ်သက်လို့ အမှတ်တရအဖြစ်ဆုံးကတော့ ပြီးခဲ့တဲ့ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ယူကရိန်းနဲ့ပွဲတုန်းက သွင်းခဲ့တဲ့ဂိုးက ကျွန်တော့်ဘောလုံးသမားဘဝရဲ့ မမေ့နိုင်တဲ့ဂိုးလို့ ပြောလို့ရပါတယ်။ နောင်လည်း အဲဒီလိုဂိုးမျိုးအဆက်မပြတ် သွင်းနိုင်အောင် မြန်မာ့လက်ရွေးစင် အသင်းကြီးနဲ့အတူ ကြိုးစားသွားမှာပါ"ဟု ပဏာမမြန်မာ့အမျိုးသား ဘောလုံးအသင်းကြီးတွင် ရွေးချယ်ခံထားရသည့် အလယ်တန်းကစားသမား အောင်သူကဆိုသည်။

မြန်မာဘောလုံး အဖွဲ့ချုပ်က ရွေးချယ်လိုက်သည့် ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသား ဘောလုံးအသင်းအုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် မစ္စတာအီဗရာမိုဗစ်ချ်၊ လက်ထောက်နည်းပြဦးကြည်လွင် (မကွေးယူနိုက်တက်)၊ ဂိုးနည်းပြ ဦးအောင်ထက် (ဟံသာဝတီယူနိုက်တက်)၊ ကြံ့ခိုင်ရေးနည်းပြ မစ္စတာ လူကာကိုဗာစီဗစ်နှင့် မြန်မာ့ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုရွေးချယ်တဲ့ ပဏာမ မြန်မာ့အမျိုးသား လက်ရွေးစင်အသင်းကတော့ ပရိသတ်အများ လက်ခံနိုင်ပါတယ်။ တကယ်တော်တဲ့ မျိုးဆက်သစ်လေးတွေ ရွေးချယ်ထားတာတွေ့ရတယ်။ ဒါပေမယ့် ထိုက်ထိုက်အောင် မပါတာကိုတော့ တချို့ပရိသတ်က ဘာကြောင့်မပါလဲဆိုပြီး တွေးကြမှာပါ။ ကောင်းပါတယ်။ အခုလို တက်သစ်စ ခြေတွေ့မျိုးဆက်သစ်လေးတွေ ထပ်မံရွေးချယ်ပြီး အခုလိုအသင်းကြီးကို ပြန်လည်ဖွဲ့စည်းတာ ကျွန်တော့်အမြင်တော့ သဘောကျတယ်။ မြန်မာဘောလုံးချစ်ပရိသတ်တွေလည်း သဘောကျမယ်လို့ထင်ပါတယ်"ဟု ယခုရွေးချယ်လိုက်သည့် ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် ပတ်သက်၍ အားကစားကလောင်ရှင် ကိုကျော်ဇင်ထွဋ်က သူ၏အမြင်ကို ဖွင့်ဟသည်။

ယခုရွေးချယ်လိုက်သည့် ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသား ဘောလုံးအသင်းကြီးကို ယခုလာမည့် ဩဂုတ် ၁၇ ရက်မှစတင်ကာ လေ့ကျင့်မှုများပြုလုပ်ပြီး နောက်ဆုံးဆန်ခါတင် ကစားသမားများကို ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

**(မြန်မာ့အလင်း)**

# နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်သည် ယနေ့နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ရေဘေးသင့်ဒေသများသို့ ထောက်ပံ့ကူညီခဲ့မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

တွေ့ဆုံရာသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၁၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ မြင်းမူမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ပခုက္ကူမြို့တွင် ၃ ဒသမ ဝ၂ လက်မ၊ စဉ့်ကူးမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မင်းတပ်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ မိုးမိတ်မြို့နှင့် ခရမ်းမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် တကောင်းမြို့တွင် ဝ ဒသမ ၄၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၁၂ ရက် ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**(မိုး/ဇလ)**

**ရေလွှမ်းမိုးမှုမတိုင်ခင် မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ**

✽ *ကျောဖုံးမှ*

သူတွေအနေနဲ့ကတော့ အရင်အတိုင်းပဲ ဗီဇာလိုပါတယ်။ အရင်တုန်းက အထူးနိုင်ငံကူးလက်မှတ်တွေသာ ဗီဇာမလိုဘဲသွားလို့ရတာပါ။ အခုတော့ သက်ဆိုင်ရာ လေဆိပ်တွေကတစ်ဆင့် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူတွေကို ၁၄ ရက်အကြာ ဗီဇာမလိုဘဲ အပြန်အလှန်ဝင်ထွက်ခွင့် ပြုပေးနေပါပြီ"ဟု ၎င်းကပြောသည်။

အဆိုပါနှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့်ကို ဇူလိုင် ၂၈ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ပူးတွဲကော်မရှင်အစည်းအဝေးတွင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဩဂုတ် ၁၁ ရက်မှစတင်၍ ခွင့်ပြုပေးနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ခွင့်ပြုမှုအပေါ် ထိုင်းနိုင်ငံသို့သွားရောက်မည့် ချောင်းဆုံမြို့နယ်မှ ကိုညဏ်စိုးကလည်း "အခုလို ဗီဇာကင်းလွတ်ခွင့်ပေးတာ အများကြီးကောင်းတယ်။ ဗီဇာကိစ္စနဲ့ ပတ်သက်ပြီး လုပ်စရာမလိုတော့ဘူး။ ငွေကုန်သက်သာသွားတာထက် အလွယ်တကူ သွားလို့ရတာကြောင့် ပိုအဆင်ပြေတယ်။ တကယ်ဆိုရင် တရားဝင်နယ်စပ်ဂိတ်တွေမှာလည်း ဗီဇာကင်းလွတ်ခွင့် ပေးသင့်တယ်။ အာဆီယံနိုင်ငံအချင်းချင်း ဗီဇာမလိုဘဲ သွားလို့ရနိုင်တဲ့အဆင့်အထိ ဆက်လက်ဆောင်ရွက်သင့်ပါတယ်"ဟု ပြောသည်။

ဇူလိုင်လအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံသား ၄၅၅၃၃ ဦးနှင့် နိုင်ငံခြားသား ၆၂၄၁၆ ဦး ထွက်ခွာခဲ့ပြီး မြန်မာနိုင်ငံသား ၄၃၉၈၀ နှင့် နိုင်ငံခြားသား ၆၃၈၉၆ ဦးတို့ ထိုင်းနိုင်ငံမှတစ်ဆင့် ရောက်ရှိလာခဲ့ရာ ထိုင်းနိုင်ငံသား ၁၀၈၁၆ ဦး ပါဝင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံသား ၅၇၃၂၈၂ ဦး၊ နိုင်ငံခြားသား ၈၈၀၈၃၈ ဦး ထိုင်းနိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး မြန်မာနိုင်ငံသား ၅၈၇၈၀၄ ဦး၊ နိုင်ငံခြားသား ၈၇၂၈၇၅ ဦး ပြန်လည်ဝင်ရောက်ခဲ့ကြောင်း ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏီတ)**






# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန နေ့စဉ် မြစ်ရေခန့်မှန်းချက်

၁၁-၈-၂၀၁၅

| မြစ် | စခန်းအမည် | စိုးရိမ်ရေမှတ် သုညမျက်နှာပြင်အထက် (စင်တီမီတာ) | (၁၁-၈-၂၀၁၅) (၀၆း၃၀)နာရီရှိ မြစ်ရေမှတ် (စင်တီမီတာ) | (၂၄)နာရီအတွင်း ရေမျက်နှာပြင် ပြောင်းလဲမှု (စင်တီမီတာ) | (၁၂-၈-၂၀၁၅) (၀၆း၃၀)နာရီအတွက် ခန့်မှန်းချက် (စင်တီမီတာ) | စိုးရိမ်ရေမှတ်သို့ ရောက်ရှိမှုအခြေအနေ |
|---|---|---|---|---|---|---|
| ဧရာဝတီမြစ် | ၁။ မြစ်ကြီးနား | ၁၂၀၀ | ၅၂၃ | -၃၅ | ၅၂၈ | |
| | ၂။ ဗန်းမော် | ၁၁၅၀ | ၇၆၉ | -၁၀ | ၇၄၉ | |
| | ၃။ ကသာ | ၁၀၄၀ | ၇၉၄ | +၂၆ | ၈၀၄ | |
| | ၄။ မန္တလေး | ၁၂၆၀ | ၉၅၇ | +၄၁ | ၉၉၂ | |
| | ၅။ စစ်ကိုင်း | ၁၁၅၀ | ၈၇၇ | +၃၈ | ၉၀၇ | |
| | ၆။ ပခုက္ကူ | ၂၁၅၀ | ၁၈၈၆ | -၂၀ | ၁၈၉၉ | |
| | ၇။ ညောင်ဦး | ၂၁၂၀ | ၁၈၈၄ | -၄၉ | ၁၈၇၄ | |
| | ၈။ ချောက် | ၁၄၅၀ | ၁၂၀၈ | -၄၄ | ၁၀၇၃ | |
| | ၉။ မင်းဘူး | ၁၇၀၀ | ၁၄၃၉ | -၉၅ | ၁၃၅၉ | |
| | ၁၀။ မကွေး | ၁၇၀၀ | ၁၄၁၂ | -၁၀၈ | ၁၃၃၂ | |
| | ၁၁။ အောင်လံ | ၂၅၅၀ | ၂၃၂၄ | -၁၀၂ | ၂၂၄၄ | |
| | ၁၂။ ပြည် | ၂၉၀၀ | ၂၇၄၁ | -၇၇ | ၂၆၅၃ | |
| | ၁၃။ ဆိပ်သာ | ၁၂၀၀ | ၁၁၀၈ | -၆၅ | ၁၀၃၈ | |
| | ၁၄။ ဟင်္သာတ | ၁၃၄၂ | ၁၃၈၂* | -၂၃ | ၁၃၄၇* | (၁၂-၈-၂၀၁၅) ရက်နေ့ မွန်းတည့် (၁၂း၃၀)နာရီအချိန် မှစ၍ကျဆင်းနိုင်ပါသည်။ |
| | ၁၅။ ဇလွန် | ၁၁၆၀ | ၁၂၀၂* | -၂၃ | ၁၁၆၇* | (၁၂-၈-၂၀၁၅)ရက်နေ့ မွန်းတည့် (၁၂း၃၀)နာရီအချိန် မှစ၍ကျဆင်းနိုင်ပါသည်။ |
| ဒုဋ္ဌဝတီမြစ် | ၁။ သီပေါ | ၆၀၀ | ၂၆၈ | +၂ | ၂၆၃ | |
| | ၂။ မြစ်ငယ် | ၈၇၀ | ၆၈၅ | +၂၂ | ၇၀၀ | |
| ချင်းတွင်းမြစ် | ၁။ ခန္တီး | ၁၃၆၀ | ၅၆၈ | -၂၅ | ၅၄၃ | |
| | ၂။ ဟုမ္မလင်း | ၂၉၀၀ | ၂၅၄၃ | +၄ | ၂၅၃၈ | |
| | ၃။ မော်လိုက် | ၁၂၃၀ | ၈၈၄ | +၁၈ | ၈၆၄ | |
| | ၄။ ကလေးဝ | ၁၅၅၀ | ၁၂၀၄ | +၅၆ | ၁၁၇၉ | |
| | ၅။ မုံရွာ | ၁၀၀၀ | ၇၇၉ | +၃၁ | ၈၂၉ | |
| စစ်တောင်းမြစ် | ၁။ တောင်ငူ | ၆၀၀ | ၂၇၀ | -၂၈ | ၂၄၅ | |
| | ၂။ မဒေါက် | ၁၀၇၀ | ၁၀၃၇ | -၃၃ | ၁၀၁၇ | |
| ရွှေကျင်မြစ် | ၁။ ရွှေကျင် | ၇၀၀ | ၅၃၉ | +၅ | ၅၄၄ | |
| ပဲခူးမြစ် | ၁။ ဇောင်းတူ | ၉၀၀ | ၂၅၁ | +၄ | ၂၅၆ | |
| | ၂။ ပဲခူး | ၉၁၀ | ၅၈၄ | -၄၁ | ၅၅၄ | |
| သံလွင်မြစ် | ၁။ ဘားအံ | ၇၅၀ | ၆၅၇ | -၁၉ | ၆၃၂ | |
| ငဝန်မြစ် | ၁။ငါးသိုင်းချောင်း | ၁၁၃၀ | ၁၂၂၇* | -၉ | ၁၂၁၅* | နောက်(၃)ရက်အတွင်း ဆက်လက်တည်ရှိနိုင်ပါသည်။ |
| | ၂။ ပုသိမ် | ၃၅၀ | ၃၃၅ | +၅ | ၃၄၅ | |

မှတ်ချက်။ " * " စိုးရိမ်ရေမှတ်နှင့်အထက် ရောက်ရှိနေသော စခန်းများ။



## မိုးရွာသွန်းမှုဒဏ်ကြောင့် ပုဂံရှိဘုရားတစ်ဆူပြိုကျပျက်စီး

ညောင်ဦး ဩဂုတ် ၁၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသတွင် မိုးအဆက်မပြတ်ရွာသွန်းသည့် ရာသီဥတုဒဏ်ကြောင့် ပုဂံမြို့ ရေတော်မုနိဘုရားတောင်ဘက်ရှိ ဘုရားအမှတ် ၁၇၅၂ ဘွဲ့တော်မရှိသည့် ဘုရားတစ်ဆူသည် ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ပြိုကျပျက်စီးခဲ့သည်။

အဆိုပါဘုရားမှာ တစ်ထပ်လိုဏ်ဂူ ကွမ်းတောင်ပေါက်ဘုရားဖြစ်ပြီး ညဏ်တော်အမြင့်ပေ ၃၀၊ တိုက်ပန္နက် အကျယ်ပေ ၂၀ ခန့်ရှိကြောင်း ယခုခေတ်အလှူရှင်များ ပြန်လည်ပြုပြင်မွမ်းမံသည့် ဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။ ယခုအခါ အဆိုပါ ပြိုကျပျက်စီးသွားသောဘုရားအား အမြန်ပြန်လည်ပြုပြင်နိုင်ရေးအတွက် ရှေးဟောင်းသုတေသနဌာန (ပုဂံဌာနခွဲ)က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ဩဂုတ် ၁၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၅၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြိုးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၀၀၀ မှ ၃၂၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၄၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၁၇၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၃၅၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊မြင်းခြံ၊မိတ္ထီလာ၊ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၁၀၂၅ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ |
| ၁၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၅၀ မှ ၂၉၅၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၀ မှ ၆၇၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။


**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)


ရေဘေးသင့်ဒေသရှိ ပြည်သူများအား မြွေကိုက်ခံရပါက ကုသနိုင်ရန်အတွက် လိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို ရန်ကုန်မြို့ရှိ ဆေးဝါးစက်ရုံ (အင်းစိန်)တွင် လွတ်လပ်စွာ ဝယ်ယူရရှိနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ဝယ်ယူရန် ဖုန်းနံပါတ်များ**
**၀၁-၆၄၆၂၆၈၊ ၀၆၇- ၄၀၈၁၄၉၊**
**၀၉-၄၉၂၃၀၅၂၃၊ ၀၉-၄၀၂၆၇၇၇၅၄**
**စက်မှုဝန်ကြီးဌာန**


**တောင်ပြုံးပွဲသို့ ရွှေကြေးစည်**
▲ ချိုးရေသုံးပွဲ၊ ညအိပ်နှံ့၍ မန္တလေးသီးသန့်(၃)ရက်နှင့် ပြင်ဦးလွင်၊ စစ်ကိုင်း(၅)ရက်ခရီး ဆက်၍(မုံရွာ၊ရွှေဘို)(ပုဂံ၊ ပုပ္ပါး၊စွယ်တော်လေးဆူ)၆-ရက်။ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ) ၇-ရက်။ ခရီးများအားလုံး(၁၁)ရက်ခရီး။ ဩဂုတ်လ ၂၁/၂၄ ထွက်မည်
▲ တောင်ပြုံးပွဲ၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်(၈)ရက် (အဘထွက်ပွဲစုံဝမ်းပါ)
ပန်းဆိုးတန်း ☎240860/372290 ဒေါ်ပုံ 09-49282825 ကမာကြည့်ဆိမ်ရာ 09421029191


## ခေတ္တရာအသင်း (ရန်ကုန်မြို့)

ပြည်မြို့ ရေဘေးသင့်မိသားစုများ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေး ကူညီထောက်ပံ့နိုင်ရန် အသင်းသူ အသင်းသားများနှင့် ရန်ကုန်ရောက် ပြည်မြို့နယ်သူ နယ်သားများမှ အလှူငွေထည့်ဝင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ ၁၅-၈-၂၀၁၅ ရက် (စနေနေ့)နှင့် ၁၆-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ခေတ္တရာအသင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အလယ်ပစ္စယာ ဓာတ်လှေကားအနီးဓမ္မာရုံတွင် လာရောက်လှူဒါန်းနိုင်ပါသည်။ အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၉-၄၃၁၉၂၂၆၃၊ ၀၉-၄၅၀၀၆၃၆၃၇၊ ၀၉-၇၃၂၄၁၆၉၁၊ ၀၉-၅၀၀၄၂၃၁၊ ၀၉-၅၀၇၁၀၂၇

**အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့**

## အမည်ဖြည့်စွက်ခေါ်ပါရန်

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ အမှတ် ၉/၃၀၉ နေ ဦးမောင်မောင်တင် ၇/မညန(နိုင်)၀၆၉၀၀၃ ၏ သားဖြစ်သူ မောင်ထက်မြက်အောင် ၇/ပတန(နိုင်) ၁၂၆၅၈၄ အား မောင်ထက်မြက်အောင်(ခ) မောင်ထက်အာကာဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **မောင်ထက်မြက်အောင် (ခ) မောင်ထက်အာကာ ၇/ပတန(နိုင်)၁၂၆၅၈၄**

**သွေးသည် အသက်**

**အမည်ပြောင်း** ဦးဝင်းနိုင် ၁၀/သဖရ(နိုင်)၀၂၃၆၂၈ ၏သား တက္ကသိုလ်ဝင်တန်း (D) အထက(၂) တာမွေမှ မောင်သူဇင်ထက်အား မောင်ဟိန်းဇံဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ အမှတ် ၅၅၁၊ စပါယ် (၂) လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မြတ်မြတ်စုမှ ရန်ကုန်မြို့၊ အမှတ် ၄၁ ဒုထပ်၊ ၂၂လမ်း၊ (ဂ)ရပ်ကွက်၊ လသာမြို့နယ်နေ ဦးထွန်းဦးခိုင်၏သား ဦးဗထူးအောင် ၁၁/ မပန(နိုင်)၀၀၁၆၆၀ သို့ ၂၉-၉-၂၀၁၄ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၆၆၂/၂၀၁၄ အား ၂-၈-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

**ဒေါ်မြတ်မြတ်စု ၁၂/ဥကမ(နိုင်)၀၉၃၅၈၄**

## တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ ဈေးကုန်း ရပ်နေ ဒေါ်လဂန်ဂျာဘူ နှင့် ဒေါ်ဂျာဘူ ၁/မကတ (နိုင်)၀၁၂၄၀၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန် (၂)၊(C-13)လမ်းရှိ မြေကွက်အမှတ် (၁၀၀၊ ၁၀၁)၊ (၁၀)ဧက၊ (၂)ယူနစ် အား မြေကွက်အမည်ပေါက် ဦးခွမ်တာဖ ၁၃/လရန(နိုင်)၀၈၇၈၆၇ အမည်မှ ဦးခင်မောင်လတ် ၉/မထလ(နိုင်)၁၆၁၂၁၆ အမည်သို့ အမည်ပြောင်းလုပ်ကိုင်ခွင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဇုန်(၂) ကြီးကြပ်ရေးကော်မတီ ထံတွင် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်လတ် ၉/မထလ(နိုင်)၁၆၁၂၁၆**
**ဖုန်း-၀၉-၅၀၂၉၅၆၆၊ ၀၉-၂၅၄၅၀၄၀၈၈၊ ၀၉-၄၂၀၀၉၄၀၅၁၊ ၀၉-၇၉၅၄၇၄၂၃၂**

# ဂျပန်နိုင်ငံရဲ့ ကာကွယ်ရေးမူဝါဒသစ်နဲ့ ရှေ့အလားအလာ

**တက္ကသိုလ် ဟန်စိုးဦး**

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက်ပိုင်း ဂျပန်နိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ ကာကွယ်ရေးအရ သိသာထင်ရှားတဲ့ အပြောင်းအလဲဖြစ်ပေါ်လာစေမယ့် ကြိုးပမ်းမှုတစ်ခုကို ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါကတော့ နိုင်ငံရဲ့ ကာကွယ်ရေးမူဝါဒမှာ လုံးဝအပြောင်းအလဲဖြစ်လာစေမယ့် လုံခြုံရေးဆိုင်ရာ ဥပဒေကိုပြင်ဆင်မယ့် ဥပဒေမူကြမ်း (၂)ရပ်ကို အောက်လွှတ်တော် (House of Representatives) ကို တင်သွင်းခဲ့ရာမှာ အောက်လွှတ်တော်က ဇူလိုင်လ ၁၅ ရက်နေ့ကအတည်ပြုခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီဥပဒေမူကြမ်းတွေကို ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဦးဆောင်တဲ့ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (Liberal Democratic Party-LDP) က တင်သွင်းခဲ့တာဖြစ်ပြီး နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအရ အောက်လွှတ်တော်က အတည်ပြုပြီးတဲ့ ဥပဒေမူကြမ်းတစ်ရပ်ကို အထက်လွှတ်တော် (House of Councillors) ကို တင်ပြပြီး အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ အထက်လွှတ်တော်မှာလည်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ အယ်လ်ဒီပီပါတီက အမတ်နေရာအများစု ရရှိထားတဲ့အတွက် အဲဒီဥပဒေမူကြမ်းတွေဟာ အတည်ပြုချက်ရရှိဖို့ အလားအလာတွေ ရှိနေပါတယ်။

အဆိုပါဥပဒေမူကြမ်းတွေ လွှတ်တော်နှစ်ရပ်က အတည်ပြုချက်ရရှိပြီး လုံခြုံရေးဆိုင်ရာ ဥပဒေမှာ ပြင်ဆင်/ဖြည့်စွက်ခွင့်တွေရရှိလာပြီဆိုရင် ဂျပန်နိုင်ငံမှာ ဘာတွေအပြောင်းအလဲရှိလာနိုင်မလဲ၊ ဒေသတွင်းမှာရော ဘယ်လိုသက်ရောက်မှုတွေ ရှိလာနိုင်မလဲဆိုတာ ဒီဆောင်းပါးမှာ လေ့လာတင်ပြသွားမှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ ကာကွယ်ရေးမူဝါဒဟာ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တိုက်ရိုက်ဆက်စပ်နေတာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းကိုလည်း ထည့်သွင်းဖော်ပြသွားပါမယ်။

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ ဂျပန်နိုင်ငံဟာ ပြည်ပနိုင်ငံတစ်ခုက တိုက်ရိုက်တိုက်ခိုက်လာမှသာလျှင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တွေဟာ ပြန်လည်ခုခံပိုင်ခွင့်ရှိပါတယ်။ ဥပဒေသစ်တွေ အတည်ဖြစ်လာခဲ့ရင် ဂျပန်နိုင်ငံဟာ တိုက်ရိုက်တိုက်ခိုက်ခံရခြင်း မဟုတ်ပေမယ့် သူနဲ့ နီးနီးကပ်ကပ်ဆက်ဆံနေတဲ့ မဟာမိတ်နိုင်ငံတွေ အတိုက်ခိုက်ခံရရင်တောင် ဂျပန်တပ်ဖွဲ့တွေဟာ အင်အားအသုံးပြု ပါဝင်ကူညီခွင့်ရှိလာမှာ ဖြစ်ပါတယ်။

လွှတ်တော်ကို တင်သွင်းထားတဲ့ ဥပဒေမူကြမ်း (၂)ရပ်အနက် ပထမမူကြမ်းဟာ ကုလသမဂ္ဂရဲ့ အတည်ပြုမှုနဲ့ ဆောင်ရွက်တဲ့ စစ်ဆင်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ ပြည်ပနိုင်ငံတွေက တပ်ဖွဲ့ဝင်တွေကို ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အနေနဲ့ လိုအပ်တဲ့ထောက်ပံ့မှု (Logistic Support) တွေ ပြုလုပ်ပေးနိုင်မယ့် ဥပဒေတစ်ရပ် ပေါ်ထွက်လာစေမှာ ဖြစ်ပါတယ်။ ဒုတိယဥပဒေမူကြမ်းကတော့ ဂျပန်နိုင်ငံရဲ့ လုံခြုံရေးနဲ့ဆိုင်တဲ့ ဥပဒေစုစုပေါင်း ၁၀ ခုကို ပြင်ဆင်/ဖြည့်စွက်ချက်တွေ ပြုလုပ်သွားဖို့ဖြစ်ပြီး အတည်ဖြစ်လာခဲ့ရင် ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေရဲ့ စစ်ရေးလှုပ်ရှားနိုင်စွမ်းအပေါ် ကန့်သတ်ချက်အများစုကို ဖယ်ရှားနိုင်မှာ ဖြစ်ပါတယ်။ ဒုတိယဥပဒေမူကြမ်းအရဆိုရင် ဂျပန်နိုင်ငံဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာ သတ်မှတ်ဖော်ပြထားရှိမှုနဲ့အညီ စုပေါင်းခုခံကာကွယ်ပိုင်ခွင့် (Collective Self-Defense) ရှိလာမှာဖြစ်ပါတယ်။

တိတိကျကျပြောရရင် အောက်မှာဖော်ပြထားတဲ့ အချက်သုံးချက်နဲ့ ပြည့်စုံပါက ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တွေအနေနဲ့ ပြည်ပကို စေလွှတ်ပြီး စစ်ပွဲမှာပါဝင်တိုက်ခိုက်နိုင်စွမ်း ရှိလာမှာဖြစ်ပါတယ်။

- ပထမအချက်က ဂျပန်နိုင်ငံ အတိုက်ခိုက်ခံရခြင်း (သို့မဟုတ်) ဂျပန်နိုင်ငံနဲ့ နီးစပ်တဲ့ မဟာမိတ်နိုင်ငံတစ်နိုင်ငံ အတိုက်ခိုက်ခံရပြီး ဒီလိုတိုက်ခိုက်ခံရမှုကြောင့် ဂျပန်နိုင်ငံရဲ့ ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်လာပြီး ဂျပန်ပြည်သူတွေအတွက် အန္တရာယ်ဖြစ်စေနိုင်ခြင်းမှာ ထင်ရှားခြင်း
- ဒုတိယအချက်က တိုက်ခိုက်ခံရမှုကို ပြန်လည်တွန်းလှန်နိုင်ဖို့ အခြား သင့်တော်တဲ့ နည်းလမ်းတွေမရှိခြင်းနဲ့ ဂျပန်နိုင်ငံရဲ့ ရှင်သန်ရပ်တည်မှုကို အာမခံနိုင်ဖို့နဲ့ ဂျပန်ပြည်သူတွေကို ကာကွယ်ဖို့အတွက် ဆောင်ရွက်ခြင်း
- အင်အားအသုံးပြုခြင်းသည် လိုအပ်သည့်အနည်းဆုံး အတိုင်းအတာဖြစ်ခြင်း။

ဒီအချက်တွေဟာ ဂျပန်နိုင်ငံရဲ့ သမိုင်းကြောင်းမှာ ကြီးမားတဲ့အပြောင်းအလဲကြီးတစ်ခု ဖြစ်လာဖို့ရှိတဲ့အတွက် စိတ်ဝင်စားဖို့ကောင်းပါတယ်။ လက်ရှိဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ဂျပန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ချမှတ်ထားတဲ့ ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ထားရှိမှုတွေကို ပယ်ဖျက်နိုင်ဖို့ အစဉ်တစိုက် ကြိုးပမ်းနေသူဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ကိုဆန့်ကျင်ရှုတ်ချထားတဲ့ နိုင်ငံအဖြစ်ကနေ ကာကွယ်ရေးအရ ဦးဆောင်တက်ကြွပြီး လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်တဲ့ ဂျပန်နိုင်ငံဖြစ်လာရေးဟာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ပုဂ္ဂိုလ်ရေးရည်မှန်းချက်ဖြစ်တယ်လို့တောင် ပြောနိုင်ပါတယ်။

**နိုင်ငံရဲ့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ**

ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ဂျပန်နိုင်ငံ စစ်ရှုံးတော့ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့ဝင်တွေရဲ့ အုပ်ချုပ်မှုအောက်မှာရှိနေစဉ် ဂျပန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမေရိကန်နိုင်ငံက ဥပဒေပညာရှင်တွေက ဦးဆောင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဓိကထူးခြားချက်က ဂျပန်နိုင်ငံအနေနဲ့ စစ်ပွဲမှာ ပါဝင်ဆင်နွှဲခွင့်ကို ဆန့်ကျင်ရှုတ်ချထားခြင်းဖြစ်လို့ ငြိမ်းချမ်းရေးဖွဲ့စည်းပုံအခြေခံဥပဒေ (Pacifist Constitution) လို့ ခေါ်ဝေါ်ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ(၉) မှာ "ဂျပန်ပြည်သူများအနေဖြင့် နိုင်ငံ၏ အချုပ်အခြာအာဏာ အခွင့်အရေးတစ်ရပ်အနေဖြင့် စစ်ကိုထာဝရစွန့်လွှတ်ကြောင်းနှင့် နိုင်ငံတကာပဋိပက္ခများကို အင်အားအသုံးပြုရန်ခြိမ်းခြောက်ခြင်း၊ အင်အားအသုံးပြုခြင်းနည်းများဖြင့် ဖြေရှင်းသွားမည်မဟုတ်ကြောင်း"ဖော်ပြထားပါတယ်။

ဒါ့အပြင် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေအပါအဝင် ကာကွယ်ရေးအရ စွမ်းရည်ရှိတဲ့ အဖွဲ့အစည်းတွေကို မည်သည့်အခါမျှ ဖွဲ့စည်းထားရှိမည်မဟုတ်ကြောင်းအထိတောင် ထည့်သွင်းရေးသားထားပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံဟာ မိမိနိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ ရှင်သန်ရပ်တည်မှုအတွက် ခြိမ်းခြောက်မှုတွေဖြစ်လာတဲ့ အခြေအနေမျိုးမှသာလျှင် အင်အားအသုံးပြုခုခံကာကွယ်ပိုင်ခွင့်ရှိတဲ့ အနေအထားမှာရှိပါတယ်။ နိုင်ငံရဲ့ကာကွယ်ရေးဆိုင်ရာအဖွဲ့အစည်းတွေကိုလည်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (Self-Defense Forces-SDF) လို့သာ သတ်မှတ်ခေါ်ဝေါ်ခဲ့ရပါတယ်။



(ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး)

**ပြောင်းလဲလာသည့် ကမ္ဘာ့အခြေအနေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်များ**

ဂျပန်အစိုးရအဆက်ဆက်အနေနဲ့ နိုင်ငံရဲ့ကာကွယ်ရေးကဏ္ဍမှာ ကန့်သတ်မှုတွေပြုလုပ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ဖို့ ကြိုးပမ်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ သို့သော်လည်း စစ်ဘေးစစ်ဒဏ်ကို ကြုံတွေ့ခံစားခဲ့ကြရတဲ့ ဂျပန်ပြည်သူတွေအနေနဲ့ စစ်ကိုရှုတ်ချထားတဲ့ အချက်အပေါ် ထောက်ခံမှုရှိကြတဲ့အတွက် အောင်မြင်မှုမရရှိခဲ့ကြတာကို တွေ့မြင်ရပါတယ်။ ဒါပေမယ့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ဖြစ်ပေါ်ပြောင်းလဲလာခဲ့တဲ့ ကမ္ဘာ့နိုင်ငံရေးအခြေ အနေတွေကြောင့် ပြည်သူအချို့ရဲ့ သဘောထားအမြင်တွေလည်း ပြောင်းလဲလာခဲ့ပါတယ်။

ပထမအချက်က ဂျပန်နိုင်ငံရဲ့ ကာကွယ်ရေးအတွက် တာဝန်ယူထားတဲ့ အမေရိကန်နိုင်ငံရဲ့ သဘောထားအမြင် ပြောင်းလဲလာခြင်း ဖြစ်ပါတယ်။ ဂျပန်-အမေရိကန် လုံခြုံရေးစာချုပ်အရ အမေရိကန်နိုင်ငံဟာ ဂျပန်နိုင်ငံရဲ့ လုံခြုံရေးအတွက် တာဝန်ယူထားပြီး ဂျပန်နိုင်ငံကလည်း အမေရိကန်စစ်စခန်း တွေကို ၎င်းရဲ့မြေပေါ်မှာ နေရာချထားပေးရပါတယ်။ အမေရိကန်စစ်သည်တွေကို ပြင်ပက တိုက်ခိုက်လာတဲ့အခါ ဂျပန်နိုင်ငံရဲ့ ပိုင်နက်နယ်မြေ မဟုတ်ဘူးဆိုရင် ဂျပန်နိုင်ငံအနေနဲ့ ကာကွယ်စောင့်ရှောက်ဖို့ တာဝန်မရှိလို့ ဖော်ပြထားတဲ့အတွက် စာချုပ်ဟာ ညီမျှမှုမရှိဘူးလို့ အမေရိကန်က နောက်ပိုင်းမှာ ပြန်လည် သုံးသပ်လာခဲ့ပါတယ်။ အထူးသဖြင့် စစ်အေးကာလ ပြီးဆုံးပြီးနောက် ယခင်ဆိုဗီယက်ပြည်ထောင်စုရဲ့ စစ်ရေးအရ ခြိမ်းခြောက်မှု မရှိတော့တဲ့နောက်ပိုင်းမှာ အမေရိကန်ကွန်ဂရက်ဟာ အဲဒီစာချုပ်အပေါ် ပြန်လည်ဆန်းစစ်လာခဲ့ပါတယ်။ အရှေ့အာရှဒေသတွင်း ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များမှာ ဂျပန်နိုင်ငံက ပိုမိုပါဝင်ဖြည့်ဆည်းဖို့ တောင်းဆိုလာခဲ့ပါတယ်။

၁၉၉၀ ပြည့်နှစ်အတွင်း ကူဝိတ်နိုင်ငံကို အီရတ်နိုင်ငံက ဝင်ရောက်သိမ်းပိုက်ခဲ့တဲ့ဖြစ်စဉ်မှာ ထိုစဉ်က သမ္မတဘုရှ်က ဂျပန်နိုင်ငံဟာ အားကိုးလောက်တဲ့ မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကွန်ဂရက်ကို ပြသနိုင်ဖို့ ဒေသတွင်း ဖြန့်ကြက်ချထားတဲ့ နိုင်ငံစုံတပ်ဖွဲ့တွေမှာ ဂျပန်စစ်သည်တော်များ ပါဝင်စေလွှတ်ဖို့ တောင်းဆိုခဲ့ပါတယ်။ အမေရိကန်ရဲ့ တောင်းဆိုချက်အရ ထိုစဉ်က ဂျပန်ဝန်ကြီးချုပ် တိုရှိုကီကိုင်ဖူး (Toshiki Kaifu) ဟာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ စေလွှတ်နိုင်ဖို့ လွှတ်တော်တွင်း ဥပဒေတစ်ရပ်တင်သွင်းခဲ့ရာ ရှုံးနိမ့်ခဲ့ပါတယ်။ ဒါကြောင့် တပ်ဖွဲ့ဝင်များအစား ငွေသားအမေရိကန်ဒေါ်လာ ၁၃ ဘီလီယံထည့်ဝင်ခဲ့ရာ အမေရိကန်က ဝေဖန်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ကိုင်ဖူးဟာ ဝေဖန်မှုတွေ ပပျောက်စေဖို့ လွှတ်တော်တွင်း ကုလသမဂ္ဂကြီးကြပ်မှုအောက်မှ ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများမှာ ပါဝင်နိုင်ရေးခေါင်းစဉ်နဲ့ ဥပဒေမူကြမ်းအသစ် ထပ်မံတင်သွင်းခဲ့ရာ ၁၉၉၂ ခုနှစ် ဇွန်လမှာ လွှတ်တော်က အတည်ပြုပေးခဲ့ပါတယ်။ အဲဒီဥပဒေဟာ မူလရည်ရွယ်ချက်ဖြစ်တဲ့ ကူဝိတ်နိုင်ငံအရေးကိစ္စအတွက် နိုင်ငံစုံတပ်ဖွဲ့မှာ ပါဝင်ဖြည့်ဆည်းနိုင်ဖို့ အချိန်နောက်ကျခဲ့ပေမယ့် ဂျပန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ပထမဆုံးစိန်ခေါ်မှုတစ်ရပ် ဖြစ်စေခဲ့ပါတယ်။ ***ဆက်လက်ဖော်ပြပါမည်***

**ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ကိုဆန့်ကျင်ရှုတ်ချထားတဲ့ နိုင်ငံအဖြစ်ကနေ ကာကွယ်ရေးအရ ဦးဆောင်တက်ကြွပြီး လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်တဲ့ ဂျပန်နိုင်ငံဖြစ်လာရေးဟာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ပုဂ္ဂိုလ်ရေး ရည်မှန်းချက်ဖြစ်**

## မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ တို့ ပူးတွဲကျင်းပသည့် ကလေးစာပေပြိုင်ပွဲ ဆုရရှိသူများ ကြေညာ

**ရန်ကုန် ဩဂုတ် ၁၁**

အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association-SVA) နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (Myanmar Writers Asscoiation-MWA) တို့ပူးတွဲပြီး မြန်မာနိုင်ငံရှိကလေးများ စာဖတ်ရှိန်မြင့်တင်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကလေးစာပေများထွက်ပေါ်နိုင်ရေးကို ရည်ရွယ်လျက် "မိတ်ဆွေရင်း"ဟု အမည်ပေးထားသော ကလေးစာပေပြိုင်ပွဲ ကျင်းပခဲ့သည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများမှာ အသက် သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်း သရုပ်ဖော်စာမူပြိုင်ပွဲတွင် ကာတွန်း မောင်မောင်လေး၏"မိတ်ဆွေရင်း" စာမူက ပထမ၊ ကာတွန်းနေခြည်၏"မိတ်ဆွေရင်း"စာမူက ဒုတိယ၊ အသက် ခြောက်နှစ်မှ ရှစ်နှစ်အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်း သရုပ်ဖော် စာမူပြိုင်ပွဲတွင် ဝင်းဖေ(အဖျောက်)၏"မိတ်ဆွေရင်း" စာမူက ပထမ၊ ဆူးထက်အောင်၏ "ဖိုးအေးနှင့်သူ့မိတ်ဆွေများ" စာမူက ဒုတိယ၊ အသက်ကိုးနှစ်မှ ၁၁ နှစ်အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီ ဇာတ်လမ်းသရုပ်ဖော်စာမူပြိုင်ပွဲတွင် စမ်းချောင်း ကိုကိုအောင်၏ "ဖိုးနီချစ်သောညိုမောင်" စာမူက ပထမ၊ ပန်းချီကံကောင်း၏"မိတ်ဆွေရင်း"စာမူက ဒုတိယဆုကို အသီးသီးရရှိကြောင်းနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/ ၁၇၅)ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း၊ ဆုရရှိသည့်စာမူများကို စာအုပ်အဖြစ် လည်းကောင်း၊ ရုပ်ပြပန်းချီကားချပ်အဖြစ်လည်းကောင်း ပုံနှိပ်ထုတ်ဝေပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များသို့ ဖြန့်ဝေသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ထူးချွန်ဆရာဆု ဒုတိယအကြိမ် ရွေးချယ်ချီးမြှင့်ရေးဆိုင်ရာ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် ဩဂုတ် ၁၁**

ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ထူးချွန်ဆရာဆု ဒုတိယအကြိမ် ရွေးချယ်ချီးမြှင့်ရေးဆိုင်ရာ စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးပုဂ္ဂိုလ် ထူးချွန်ဆရာဆု ဒုတိယအကြိမ် ရွေးချယ်ချီးမြှင့်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဦးက အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုက ရွေးချယ်ရေးဆိုင်ရာ မူဝါဒများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်က ထူးချွန်ဆရာဆု ရွေးချယ်ရေးဆိုင်ရာ မေးခွန်းများနှင့် အကဲဖြတ်ခြင်းဆိုင်ရာ အစီအစဉ်များကို လည်းကောင်း၊ ထူးချွန်ဆရာဆု ဒုတိယအကြိမ် ရွေးချယ်ချီးမြှင့်ရေးလုပ်ငန်း အစီအစဉ်များ၏ မတည်အလှူရှင် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးက လှူဒါန်းမှုများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒုတိယအကြိမ် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေး ဦးစီးကော်မတီအတွင်းရေးမှူး ဦးအေးကြိုင်က လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် စာနယ်ဇင်းသမားများ၏ သိရှိလိုသော မေးမြန်းချက်များကို ဒုတိယအကြိမ် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေးဦးစီးကော်မတီဝင်များက ပြန်လည်ဖြေကြားသည်။

ယင်း ဒုတိယအကြိမ် ထူးချွန်ဆရာဆုကို အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေသော အခြေခံပညာမူလတန်းအဆင့်သင်၊ အခြေခံပညာအလယ်တန်းအဆင့်သင်နှင့် အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ ဆရာမများဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပညာရေးဌာနတွင် (၁-၆-၂၀၁၅) ရက်နေ့၌ အမှုထမ်းသက် လုပ်သက်သုံးနှစ်ထက် မနည်းရှိသူဖြစ်ရပါမည်။

ထူးချွန်ဆရာဆု ယှဉ်ပြိုင်လိုသည့်လျှောက်ထားလိုသော ဆရာ ဆရာမများ ကိုယ်တိုင် ဗဟိုမှ မြို့နယ်ပညာရေးမှူးရုံးများသို့ ပေးပို့သည့် ကိုယ်ရေးအချက်အလက်ပုံစံများဖြည့်စွက်ကာ မိမိကျောင်းအုပ်ကြီးနှင့်ဆက်သွယ်၍ ကျောင်းအဆင့်ပြိုင်ပွဲ၌ စတင်ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ထူးချွန်ဆရာဆု ရွေးချယ်ရေးကော်မတီများက ဗဟိုမှပေးပို့သော မေးခွန်းများဖြင့် ရေးဖြေနှင့် လူတွေ့နှုတ်ဖြေ စိစစ်ရွေးချယ်ပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထူးချွန် ဆရာ ဆရာမ ရွေးချယ်မှုကို ကျောင်းအဆင့် ၂၀၁၅ စက်တင်ဘာ ၁၃ ရက်၊ မြို့နယ်အဆင့် ၂၀၁၅ စက်တင်ဘာ ၂၇ ရက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ၂၀၁၅ နိုဝင်ဘာ ၂၉ ရက်၊ ဗဟိုအဆင့် ၂၀၁၅ ဒီဇင်ဘာ ၂၇ ရက်တို့၌ နံနက် ၁၀ နာရီတွင် ရေး၊ဖြေစာမေးပွဲနှင့် မွန်းလွဲ ၁ နာရီ တွင် လူတွေ့နှုတ်ဖြေနှင့် ဗဟိုအဆင့်တွင် ကျောင်းသား ကျောင်းသူများအား လက်တွေ့တန်းပြသင်ကြားပြသခြင်းဖြင့် သင်ကြားမှုစွမ်းရည် ထူးချွန်ကြောင်း ဆန်းစစ်သွားမည်ဖြစ်သည်။

ဆုချီးမြှင့်ရာတွင် ဗဟိုအဆင့်၌ ထက်/လယ်/မူ သုံးဆင့်လုံး၌ ပထမဆုငွေကျပ်သိန်း ၄၀၊ ဒုတိယဆုငွေကျပ် သိန်း ၂၀၊ တတိယဆုငွေကျပ် ၁၀ သိန်းစီ၊ ထက်/လယ်/မူ ဆရာ သုံးဦးစီဖြင့် ထူးချွန်ဆုရှင် ကိုးဦးကို ရွေးချယ်ဂုဏ်ပြုချီးမြှင့်မည်။

အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထူးချွန်ကြသော ဆရာ ဆရာမ ၁၆၂ ဦးအား ဒုတိယအကြိမ် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေး ဦးစီးကော်မတီမှ ဆုငွေကျပ်သိန်း ၅၄၀ ကို ပေးပို့မည်ဖြစ်သည်။

ထူးချွန်ဆရာဆုနှင့်ပတ်သက်ပြီး ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ရုံး ဖုန်း ၀၁-၅၃၉၇၃၈၊ ၀၁-၅၁၈၁၃၇ နှင့် ၀၉-၂၅၉၃၄၄၈၄၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



ဩဂုတ်လပထမပတ်က သဃ်န်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က သဃ်န်းကျွန်းမြို့နယ် မူလတန်းကြိုကျောင်းသို့ တီဗွီစင်နှစ်ခုနှင့် တီဗွီတစ်လုံးလှူဒါန်းစဉ်။ (မြန်မာ့အလင်း)

## ရေဘေးသင့်ဒေသသို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ ကမ်းလင့်မည့်လက်များ ပရဟိတလူငယ်အဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရေဘေးသင့်ဒေသများဖြစ်သော သံပုရာချောင်း၊ မြစ်ဝဒေါင့်ကြီး၊ မီးပြ၊ အညာစု၊ ဂိုဒေါင်စု၊ သရက်တော၊ ရုံးမူကျေးရွာများရှိ ပြည်သူများထံဩဂုတ် ၈ ရက်က သုံးခွမြို့နယ်အတွင်းရှိ စေတနာရှင်များ၊ ရပ်ဝေး ရပ်နီးအလှူရှင်များက လှူဒါန်းထားသော ဆန်၊ အဝတ်အထည်၊လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးမျိုးစုံနှင့် အလှူငွေများကို အဖွဲ့များခွဲ၍ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့သည့် စုစုပေါင်း ငွေကျပ် ၅၅ သိန်းဖိုးခန့်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# သမိုင်းဝင်မင်းလှကန်ကြီးတိမ်ကောလာလျက်ရှိ ပြန်လည်တူးဖော် ရှင်းလင်းပေးရန် မြို့လူထုလိုလား

**သာစည် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် စိုက်ပျိုးသူတောင်သူဦးကြီးများ အားထားရသည့် သမိုင်းဝင်မင်းလှကန်တော်ကြီးရှိသည်။ မင်းလှကန်ကြီးသည် သာစည်မြို့၏အနောက်ဘက် မိတ္ထီလာ-သာစည် ကားလမ်းမကြီး၏တောင်ဘက်၌တည်ရှိပြီး ကန်တော်ကြီး၏ဧရိယာအကျယ်အဝန်းမှာ ၉ ဒသမ ၈ မိုင်ရှိကြောင်းသိရပြီး ထိုကန်မှ လယ်မြေ ၂၇၆၄၄ ဧကကိုစိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်ကြောင်း သိရသည်။

မင်းလှကန်ကြီးသည် အနော်ရထာမင်းလက်ထက်က တူးဖော်ခဲ့သော ကန်ကြီးဖြစ်၍ နှစ်ပေါင်းများစွာ ကြာမြင့်လာပြီဖြစ်သည့်အတွက် ရေဝင်လမ်းကြောင်းကြီးများ ပိတ်ဆို့သဖြင့် လည်းကောင်း၊ သဲနုန်းများတစ်နှစ်ထက်တစ်နှစ်များပြားလာခြင်းတို့ကြောင့် သဲနုန်းဖို့မှုကြီးထွားလာကာ ရေဝပ်အားမှာ ရှေးယခင်ကကဲ့သို့ သိုလှောင်နိုင်မှုမရှိတော့သဖြင့် ကန်ရေသောက်ကျေးရွာများမှာ စိုက်ပျိုးရေးတွင် အခက်အခဲနှင့်ကြုံတွေ့နေကြရသည်။

"ကျွန်တော်တို့ဖြစ်စေချင်တာကတော့ သမိုင်းဝင်ဒီကန်ကြီးကို နိုင်ငံတော်အစိုးရက ပြန်လည်တူးဖော်ပေးစေချင်ပါတယ်။ မင်းလှကန်ကြီးမှာရေရှိနေမှ ကျွန်တော်တို့မြို့နယ်အတွင်းမှာရှိတဲ့ တောင်သူတွေကစိုက်ပျိုးရေးအတွက် လိုအပ်သလို မြို့ပေါ်မှာရှိတဲ့ ပြည်သူမှာလည်း သုံးစွဲရေအတွက်လိုအပ်ပါတယ်။ ဒီကန်ကြီးမှာရေရှိမှဖြစ်မှာပါ" ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၁၅-၂၀၁၆ မိုးစပါးစိုက်ပျိုးရေးနှစ်တွင် မင်းလှကန်တော်ကြီးအတွင်း၌ ရေလုံးဝမရှိသဖြင့်ကန်ကြီးကို အားကိုးနေရသည့် ကန်ရေသောက်ကျေးရွာများဖြစ်သော မင်းလှ၊ ဘိုကုန်း၊ နှမ်းကန်၊ ကုက္ကိုပေါက်၊ အိုင်ဒွန်း၊ ပေါက်ချောင်း၊ မကျီးကန်၊ ကန်ရှည်၊ ပြွန်ကန်၊ ဆံမြိတ်ရှည်၊ ဇီးပင်ပေါက်၊ မဲတောစသည့် ကျေးရွာတို့မှတောင်သူများအဖို့ စိုက်ပျိုးရေအခက်အခဲကြောင့် ယခုနှစ်စပါးစိုက်ပျိုးမှု အခက်အခဲများနှင့် ကြုံတွေ့နေကြရသည်ဟု သိရသည်။

**မောင်ကို(သာစည်)**

## ရေဘေးသင့်ပြည်သူများအတွက် ဆန်နှင့်ဆီများ ပေးအပ်လှူဒါန်း

**သရက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တေဇာ(၂၂)မှ လှူဒါန်းသည့် ဆန် ၈၈ အိတ်၊ ဆီ ပိဿာ ၅၅၀ လှူဒါန်းပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဩဂုတ် ၉ ရက်က ကျင်းပရာ အလှူရှင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပစ္စည်းတန်ဖိုး ငွေကျပ် ၃၁ သိန်းကျော် လှူဒါန်းရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

# ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းနိုင်ရန် သိရှိလိုသည့်အချက်အလက်များ စုံစမ်းမေးမြန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း အလှူငွေနှင့်ပစ္စည်းများကို မိမိတို့ကိုယ်တိုင် တိုက်ရိုက်လှူဒါန်းခြင်း သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ထိုသို့လှူဒါန်းလိုသည့် နယ်မြေဒေသများအလိုက် သိရှိလိုသည့် အချက်အလက်များကို လိပ်စာများနှင့် တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

**(သတင်းစဉ်)**

**ချင်းပြည်နယ်**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးမောင်မောင်ဆန်း | အစိုးရအဖွဲ့ အတွင်းရေးမှူး | ၀၉-၂၄၅၀၂၂၂ |
| ၂။ | ပြည်နယ်ပြည်တွင်း အခွန်ဦးစီးဌာန | ဦးစိုးညွန့် | ပြည်နယ်အခွန်မှူး | ၀၉-၅၀၆၁၆၁၀ |
| ၃။ | ပြည်နယ် အစိုးရအဖွဲ့ရုံး | ဦးနန်ဇမုန် | ဘဏ္ဍာရေးဝန်ကြီး | ၀၉-၃၃၃၄၆၂၂၂ |
| ၄။ | ပြည်နယ်ကျေးလက် ဦးစီးဌာန | ဦးတမ်အောင် | ဒုတိယညွှန်ကြားရေးမှူး | ၀၉-၂၄၅၀၁၇၇ |
| ၅။ | ပြည်နယ်စိုက်/ဘဏ် | ဦးကျော်ထိန် | ပြည်နယ်ဦးစီးမှူး | ၀၉-၂၆၂၉၄၉၆၉ |
| ၆။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဘာမန်ပီးပူ | ဦးစီးအရာရှိ | ၀၉-၉၆၀၀၇၅၅၃၉ |

ချင်းပြည်နယ်သဘာဝဘေးဒဏ်သင့် ကူညီထောက်ပံ့ရေး ဘဏ္ဍာရေးကော်မတီသို့ လိပ်မူ၍ ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ် အကောင့်နံပါတ်-CF-00094 နှင့် ဟားခါးမြို့ CB ဘဏ်အကောင့်နံပါတ် ၀၀၅၄၆၀၀၁၀၀၀၂၂၂၁၇ သို့ ပေးပို့လှူဒါန်းနိုင်သည်။

**ရခိုင်ပြည်နယ်**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဒေါက်တာအောင်ကျော်မင်း | လူမှုရေးဝန်ကြီး | ၀၄၃-၂၂၆၅၁ |
| ၂။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးကိုကိုနိုင် | တိုင်းရင်းသားရေးရာ ဝန်ကြီး | ၀၉-၈၅၂၄၁၆၃ |
| ၃။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးတင်မောင်ဆွေ | အစိုးရအဖွဲ့ အတွင်းရေးမှူး | ၀၄၃-၂၃၆၃၈ |
| ၄။ | ပြည်နယ် လူကယ်/ပြန် | ဦးမြင့်စိုး | ညွှန်ကြားရေးမှူး | ၀၄၃-၂၃၀၆၉ |
| ၅။ | မြောက်ဦးခရိုင် ခရိုင်ထွေ/အုပ် | ဦးအောင်မွန်လတ် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉-၄၀၂၅၂၄၀၆၄ |
| ၆။ | မောင်တောခရိုင် ခရိုင်ထွေ/အုပ် | ဦးခင်မောင်လွင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉-၄၂၈၂၂၄၇၀၁ |
| ၇။ | ဘူးသီးတောင် မြို့နယ်ထွေ/အုပ် | ဦးသန်းရွှေ | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၉-၄၉၆၅၈၅၀၁ |

# အာဆီယံနိုင်ငံများကိုယ်စား AHA Centre မှ လှူဒါန်းသည့် ပစ္စည်းများလက်ခံ

**နေပြည်တော် ဩဂုတ် ၁၁**

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာန ASEAN-Coordinating Centre for Humanitarian Assistance on Disaster Management (AHA –Centre) မှ Executive Director ဖြစ်သူ Mr.Said Faisal ဦးဆောင်သည့် အဖွဲ့ဝင်လေးဦးသည် ဩဂုတ် ၉ရက် မွန်းလွဲပိုင်းက ရေဘေးသင့်ဒေသများတွင် အသုံးပြုရန် အာဆီယံနိုင်ငံများမှ လှူဒါန်းသည့် အလူမီနီယံလှေ လေးစင်း၊ တာပေါ် လင်စ ၂၀၀၀ ၊ ပလတ်စတစ်ရေဘူး ၂၀၀၀ အစု၊ ခြင်ထောင် အလုံး ၂၀၀၀၊ ရွှေ့လျား သိမ်းဆည်းနိုင်သည့် သိုလှောင်ရုံ (MSU) သုံးလုံး၊ မိသားစုသုံးပစ္စည်း (Family Kits) အစုံ၂၀၀၀ နှင့် မီးဖိုချောင်သုံးပစ္စည်းအစုံ(Kitchen Kits) ၂၀၀၀ တို့ လာရောက်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဘုန်းဆွေက လက်ခံယူခဲ့သည်။




အခမ်းအနားတွင် (AHA –Centre) ၏ Executive Director ဖြစ်သူ Mr. Said Faisal က လှူဒါန်းရသည့် အကြောင်းအရင်းများအား ရှင်းလင်းပြောကြားကာ ဒုတိယဝန်ကြီးက ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပြီးစီးမှု အခြေအနေ၊ ဆက်လက် ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ် လုပ်ငန်းဆောင်ရွက်နေသော အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု ဗဟိုဌာန၌ လိုအပ်သောနည်းပညာဆိုင်ရာများ ပံ့ပိုးကူညီရန် ရောက်ရှိနေသော အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာန ASEAN-Coordinating Centre for Humanitarian Assistance on Disaster Management (AHA –Centre) မှ Mr. Janggam Adhityaawrama ၊ Mr. Adi Bishry ၊ Mr.Yoram ၊ United States Forest Service မှ Mr. Don Price ၊ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး (UNOCHA) မှ Mr. Hannes နှင့် ဒေါ်နီနီသောင်း၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ Ms. Norico၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ဦးသောင်းဌေး၊ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှု ယူနစ်မှ ဒေါ်အိအိသိန်းနှင့် မြန်မာနိုင်ငံကြက် ခြေနီအသင်းမှ ဦးအုံပေါ်ဦး တို့က မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ ၎င်းတို့အဖွဲ့အစည်း များ၏ နေ့စဉ်လုပ်ဆောင်နေသော လုပ်ဆောင်ချက်များအား ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းပြောကြားခဲ့သည်။

**(မြန်မာ့အလင်း)**

# ရပ်ကွက်၊ ကျေးရွာအလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**ရွှေဘို ဩဂုတ် ၁၁**

မျိုးဆက်သစ်ပိုက်ကျော်ခြင်းအားကစားသမားများပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ရွှေဘိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တံခွန်စိုက်ဒိုင်း ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက်က ရန်ကြီးအောင် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ချီပါ(က)အသင်းနှင့် အမှတ် (၂) ရပ်ကွက်အသင်း တို့ယှဉ်ပြိုင်ကစားကြရာတွင် အမှတ်(၂)ရပ်ကွက်အသင်းက နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် တတိယဆုရရှိသော မေဂွန်ကျေးရွာအသင်းအား ဆုတံဆိပ်နှင့် ငွေသားဆု ၃၀၀၀၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြတ်သိန်းက လည်းကောင်း၊ ဒုတိယဆုရရှိသော ချီပါ(က)အသင်းအား ဆုတံဆိပ်နှင့် ငွေသားဆု ၅၀၀၀၀ ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဆွေကလည်းကောင်း၊ ပထမဆုရရှိသော အမှတ်(၂)ရပ်ကွက်အသင်းအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်က ဆုတံဆိပ်၊ ငွေသားဆု ၇၀၀၀၀ နှင့် တံခွန်စိုက်ဒိုင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(ပြန်/ဆက်)**

# တောင်ပေါ်လမ်း ‘ဂ’ ငယ်ကွေ့များတွင် တွဲယာဉ်များကြောင့် လမ်းပျက်စီးမှုဖြစ်

**ပြင်ဦးလွင် ဩဂုတ် ၁၁**

မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် မော်တော်ယာဉ်လမ်းများ ကောင်းမွန်ချောမွေ့လာသည်နှင့်အမျှ ခေတ်မီဆန်းသစ်သော မော်တော်ယာဉ်အမျိုးမျိုးတို့ကိုလည်း လမ်းမများပေါ်တွင် ဥဒဟိုသွားလာနေကြသည်ကို မြင်တွေ့နေရသည်။

ထိုကဲ့သို့ သွားလာနေသော မော်တော်ကားများအနက် ယခင်က ခြောက်ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်များနေရာတွင် တွဲကားခေါ် ၂၂ ဘီးယာဉ်များကိုလည်း နေရာအနှံ့အပြားတွင် အများအပြားတွေ့ရှိနေရသည်။

၂၂ ဘီးတွဲယာဉ်များကို ပိုမိုသုံးစွဲလာကြသည်နှင့်အမျှ မြေပြန့်ဒေသလမ်းဖြောင့်များတွင် သိသာထင်ရှားသော လမ်းပျက်စီးမှုနည်း ပါးသော်လည်း တောင်ပေါ်ဒေသကဲ့သို့ ‘ဂ’ငယ်ကွေ့လမ်းများတွင် ၂၂ ဘီးတွဲယာဉ်များကြောင့် လမ်းပိုမိုပျက်စီးမှုများ ဖြစ်ပေါ်နေရသည်။ တွဲကားကြီးများသည် ကုန်အလေးချိန်များပြားပြီး ကားတာယာတို့၏ ပွတ်တိုက်ဆွဲအား တို့ကြောင့် လုံးဝပျက်စီးရကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မိုင်းခုတ်၌ ကျောင်းသုံးဗလာစာအုပ်၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မိုင်းခုတ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့၊ ဝမ်ကောင်းကျေးရွာအုပ်စု၊ ဟားကွယ်ကျေးရွာ၊ အခြေခံ



မူလတန်းကျောင်းခွဲ၌ ဩဂုတ် ၁၀ ရက်က ကျောင်းသုံး ဗလာစာအုပ်၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မိုင်းခုတ်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့၊ စခန်းမှူး၊ ဒုတိယ ရဲမှူးညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူတို့က ဟားကွယ်ကျေးရွာ၊ အခြေခံပညာ မူလတန်းကျောင်းခွဲရှိ ကျောင်းသား ကျောင်းသူ ၄၄ဦးအား ကျောင်းသုံး ဗလာစာအုပ်နှင့် စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း၊ ကျေးရွာနေ ပြည်သူများအား အဝတ်အထည်များ ကို လည်းကောင်း လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# နှမ်းသိမ်းချိန် အလုပ်သမားအခက်အခဲဖြစ်လျက်ရှိ

**သာစည် ဩဂုတ် ၁၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် မိုးဦးနှမ်းများ ရိတ်သိမ်းချိန် အလုပ်သမား အခက်အခဲဖြစ်လျက်ရှိကြောင်း နှမ်းကန်ကျေးရွာတောင်သူများထံမှ သိရသည်။

“အခု နှမ်းသိမ်းချိန်ကျမှ မိုးကမကြာခဏရွာနေတော့ ရတဲ့သီးနှံလေး အချိန်မီ ရိတ်သိမ်းပြီး အမိုးအကာအောက်ရောက်ရှိအောင် ဆောင်ရွက်ဖို့က အလုပ်သမား လိုပါတယ်၊ ဒါ့ကြောင့် နှမ်းရိတ်သိမ်းဖို့ အလုပ်သမားတစ်ယောက်ကို တစ်ရက် ငွေကျပ် သုံးထောင်ပေးပြီး ခေါ်တာကို အလုပ်သမားရှားပြီး ခေါ်ရခက်နေတာ။ ဘာလို့လည်းဆိုတော့ နှမ်းကစိုက်ပျိုးစဉ်တုန်းက အချိန်သိပ်မကွာသလို ရိတ်သိမ်းချိန်က တစ်ပြိုင်တည်းဖြစ်နေတာကတစ်ကြောင်း၊ ရိတ်သိမ်းချိန် မိုးမကြာခဏရွာနေတာကြောင့် ကိုယ့်သီးနှံကို အချိန်မီ ရိတ်သိမ်းနိုင်အောင် ဆောင်ရွက်နေရပါတယ်၊ အရင်ကတော့ ရိတ်သိမ်းချိန် မိုးလေကင်းလွတ်နေရင် ကိုယ့်သီးနှံရိတ်သိမ်းပြီးတဲ့အခါ အခြားရိတ်မယ့်သူတွေကို အငှားလိုက်ပေးနိုင်သလိုသူကလည်း ကိုယ့်ကိုပြန်ကူညီနိုင်ပါတယ်။ အခုနှစ်ကတော့ အလုပ်သမား အတော်ခက်ခဲပါတယ်” ဟု နှမ်းကန်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**ထွန်းထွန်း(သာစည်)**

# ရေကြီးမှုကြောင့် မိုးစပါးကေတစ်သောင်းခန့် ရေမြုပ်

**ညောင်တုန်း ဩဂုတ် ၁၁**

ညောင်တုန်းမြို့နယ်တွင်မြစ်ရေ ကွင်းရေအဆမတန်မြင့်တက်ခဲ့မှုကြောင့် စိုက်ပျိုးပြီးသော မိုးစပါး ၉၉၈၈ ဧကရေနစ်မြုပ်ခံခဲ့ရပြီး ဩဂုတ် ၁၀ ရက် နံနက်ပိုင်းအထိ ၁၅၆၇ ဧကရေကျသွားသဖြင့် ပြန်ပေါ်လာကြောင်း သိရသည်။ ရေဆက်လက်ကျဆင်းပါက စိုက်ပျိုးပြီးသီးနှံများပျက်စီးဆုံးရှုံးမှုနည်းပါးမည်ဖြစ်သော်လည်း ရေမြုပ်ပျက်စီးသွားသောလယ်မြေများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများလိုအပ်နေကြောင်း တောင်သူလယ်သမားများက ပြောသည်။

ညောင်တုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြီးမြင့်ခဲ့မှုကြောင့် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းအထိ အိမ်ခြေပေါင်း ၁၀၆၆၂၊ လူဦးရေ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၄၆၇၀၃ ဦး ရေဘေးသင့်ခံခဲ့ကြရပြီး စာသင်ကျောင်း ၆၈ ကျောင်း၊ ဘုန်းကြီးကျောင်း ၄၄ ကျောင်းရေလွှမ်းမိုးခံခဲ့ရကာ လူနေအိမ်ခြောက်လုံး၊ စာသင် ကျောင်းတစ်ကျောင်းပျက်စီးခဲ့ပြီး ကွမ်းခြံ ၁၃ ဧက၊ ရာသီသီးနှံ ရှစ်ဧကရေမြုပ်ပျက်စီး ခဲ့ရာ တစ်မြို့နယ်လုံးပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၄၉ ဒသမ ၆၀ ခန့်ရှိ ကြောင်း သက်ဆိုင်ရာမှခန့်မှန်းထားကြောင်း သိရသည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း တာဝန်ရှိသူများက ပြောသည်။

ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်ရေသိသိသာသာ ကျဆင်းသွားသဖြင့် ဈေးဆိုင်ကြီးများ၊ ဈေးဆိုင်ငယ်များ၊ စတိုးဆိုင်ကြီးများပြန်လည်ဖွင့်လှစ် ရောင်းချနေပြီး ရေဘေးသင့်ပြည်သူများလည်း ပြန်လည်ဝင်ရောက်နေကြပြီဖြစ်သည်။

ညောင်တုန်းမြို့၏ စိုးရိမ်ရေအမှတ်မှာ ၂၂ ဒသမ ၅ ပေဖြစ်သော်လည်း လွန်ခဲ့သော ရက်များကစိုးရိမ်ရေအမှတ်ထက်ကျော်လွန်ကာ ၂၅ ဒသမ ၉ ပေအထိတက်ခဲ့ရာမှ ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် ၂၄ ဒသမ ၈ ပေကျဆင်းလျက်ရှိပြီး ဆက်လက်ကျဆင်းနိုင်ကြောင်း သိရှိရသည်။

ဧရာဝတီမြစ်ရေကျဆင်းသွားသော်လည်း ကွင်းရေတက်နေသဖြင့် နေအိမ်များ ရေနစ်မြုပ်ခံနေရဆဲဖြစ်သော



ညောင်တုန်းမြောက်ခြမ်းစံကင်းကျွန်းမှ ကျေးရွာများဖြစ်သော ဗျောသလန်း၊ ကတုက္ကမ၊ အင်းမ၊ ဘုရားကုန်း၊ ပါလှဲ့၊ ကုက္ကိုဝ၊ မဲဇလီရွာဟောင်း စသောကျေးရွာအုပ်စုများမှ ရွာငယ်များသို့သွားရောက်၍ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းမှုအားနည်းသေးကြောင်း သိရသည်။ အသွားအလာခက်ခဲသော နေရာများသို့ သွားရောက်လှူဒါန်းလိုသူများအား သက်ဆိုင်ရာအဖွဲ့များက ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ဧရာဝတီမြစ်ရေတက်သဖြင့် မြန်အောင်မြို့နယ်အတွင်းမှ နှမ်းစိုက်တောင်သူများအရှုံးပေါ်



မြန်အောင်မြို့၌ နှမ်းများလှန်းနေသော နှမ်းစိုက်တောင်သူများ။

**မြန်အောင် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေ လျှင်မြန်စွာတက်လာသဖြင့် မြစ်အရှေ့ဘက်ကမ်းရှိ မြေနုကျွန်းရွာများတွင် စိုက်ပျိုးထားသောနှမ်းများ၏ ထက်ဝက်ခန့်မှာ ရိတ်သိမ်းချိန်မမီဘဲ မြစ်ရေထဲသို့ မျောပါခြင်း၊ အပင်လိုက် ရေအောက်ရောက်ခြင်းများကြောင့် နှမ်းစိုက်တောင်သူများအနေဖြင့် အရင်းမရဘဲ ရသလောက်ကိုသာ အချိန်မီ မြန်အောင်ဘက်ကမ်းသို့ပို့၍ ခြွေလှေ့ခဲ့ကြရပြီး အရှုံးပေါ်ခဲ့ကြောင်းနှင့် နှမ်းများဆုံးရှုံးသည့်အပြင် အခြားအခက်အခဲများလည်း ရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ရေလယ်ကျွန်းတွင်နေထိုင်သူ အမျိုးသမီးတစ်ဦးက "ခုလိုမြစ်ရေမတက်တာ ၁၃ နှစ်လောက်ရှိပြီ။ ခါတိုင်းနှစ်တွေ မြစ်ရေတက်တယ်ဆိုတာလည်း ခြေခုံလောက်ပဲ မြုပ်တာ။ အခုတော့ မြစ်ရေက ရွာထဲမှာတင် လူတစ်ရပ်ကျော်တယ်။ ခါတိုင်းနှစ်လိုထင်လို့ နှမ်းတွေကို ဒီတိုင်းထားလိုက်တာ ထက်ဝက်လောက် မြစ်ထဲမျောပါသွားတယ်" ဟု ပြောသည်။

နှမ်းစိုက်တောင်သူများအနေဖြင့် ရသမျှနှမ်းများကို မြန်အောင်မြို့ပေါ်ရှိ ဇေယျာသာရီ ဘုရားကြီးကွင်းအတွင်းနှင့် ရွှေဘုံသာဘုရားအတွင်း လှမ်း၍ ရောင်းချပြီး စားဝတ်နေရေးအတွက် သုံးစွဲနေရကြောင်း သိရသည်။ "မိုးတွေကလည်းရွာတယ်။ မြစ်ရေကလည်း တက်တာမြန်တော့ ရသလောက် နှမ်းတွေကို မော်တော်နဲ့ငှားတင်လာရတာ မော်တော်ခ သုံးသောင်း၊ လုပ်အားခက လေးသောင်း စုစုပေါင်းခုနှစ်သောင်းလောက်ကုန်တယ်။ အရင်းပြန်ရဖို့ နေနေသာသာ စိုက်စရိတ်တောင် ပြန်မရဘူး။ ရေကလည်းတက်တော့ သုံးစရာမရှိတာကြောင့် မြန်အောင်က ဇေယျာသာရီဘုရားကြီးကွင်းထဲမှာ လာလှန်းကြရတာ။ ကျွန်တော်တို့ မြို့မရေလယ်ကျွန်းက တောင်သူ ၃၅ ဦးပေါ့။ ရွှေဘုံသာဘုရားမှာလည်း တချို့တစ်ဝက်ရှိသေးတယ်။ ငွေသုံးဖို့ရအောင် လုပ်နေရတာပါ။ အရင်းကတော့ဆုံးပြီပေါ့ဗျာ" ဟု နှမ်းလှေ့နေသည့် တောင်သူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ တောင်သူများမှာ နှမ်းဆုံးရှုံးခြင်းအပြင် အခြားစိုက်ပျိုးရန်သိုလှောင်ထားသော ပဲအမျိုးမျိုး၊ မွေးမြူထားသော ကြက်၊ ဝက်၊ ဘဲများကို ရသလောက်ဈေးနှုန်းဖြင့် ရောင်းချခဲ့ရကြောင်း၊ နွားများကိုလည်း မြန်အောင်ဘက်ကမ်းသို့ ပို့ထားရသဖြင့် နွားတစ်ကောင်အတွက် မော်တော်ခနှင့် အခြားကုန်ကျစရိတ်များမှာ ကျပ်တစ်သောင်းခန့်ရှိကြောင်း၊ မြစ်ရေမှာလည်း အရင်နှစ်များတွင် ရေတက်စဉ်က ရေကြည်သော်လည်း ယခုနှစ်ရေတက်ရာတွင် ရေချိုး၍ပင်မရအောင် နောက်ကျိနေသဖြင့် သောက်သုံးရေအပြင် ချိုးရေပါ အခက်အခဲဖြစ်နေရကြောင်း၊ မိုးရွာမှသာ မိုးရေကိုခံ၍ သိုလှောင်ထားပြီးသုံးနေရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ရွာသို့ရောက်ရှိကာ အလှူရှင်များထံမှ ထောက်ပံ့ပစ္စည်းများ ရရှိနေသော်လည်း ရေကျပြီးချိန်တွင် ပြန်လည်စိုက်ပျိုးရန် အခက်အခဲများရှိနေကြောင်းလည်း သိရသည်။ မြစ်ရေက ဝါဆိုလပြည့်နေ့ကတည်းကတက်တာ ခုထက်ထိ ထင်သလောက်မကျသေးဘူး။ ရွာထဲမှာ ခါးလောက်ရေရှိနေသေးတယ်။ ကယ်ဆယ်ရေးပစ္စည်းတွေ လာပေးတဲ့ အလှူရှင်တွေလည်း အများကြီးလာပါတယ်။ ရေသန့်ဆေးတွေနဲ့ ရေသန့်ဘူးတွေလည်း လာပေးကြတယ်။ နောက်ပိုင်းရေကျသွားလို့ ပြန်ပြီးစိုက်ရပျိုးရရင်တော့ ကျွန်တော်တို့မှာ မျိုးအတွက် အခက်အခဲနည်းနည်းရှိတာပေါ့"ဟု မြစ်အရှေ့ဘက်ကမ်းတွင် နေသူတစ်ဦးက ပြောသည်။

မြေနုကျွန်းများတွင် နေသူများမှာ ဆုံးရှုံးမှုများရှိနေပြီး နောက်ပိုင်းတွင် အဝီစိတွင်းများပါ ရေမြုပ်သွားသဖြင့် သောက်ရေသုံးရေ အခက်အခဲ ပိုရှိလာနိုင်ကြောင်းနှင့် ရေကျပြီးချိန်တွင် ပဲစိုက်ပျိုးရန်အတွက်လည်း မျိုးပဲများလိုအပ်နေကြောင်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

## ချင်းတွင်းမြစ်ရေ ကျဆင်းသွားပြီးနောက် တင်ကျန်နေခဲ့သည့် ရွှံ့နွံများနှင့်အမှိုက်များ သန့်ရှင်းရေးလုပ်ဆောင်

**ဆားလင်းကြီး ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်း မြစ်ကမ်းနံဘေးကျေးရွာများတွင် ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့ပြီးနောက် ရေကျသွားချိန်တွင် ရေဝင်ရောက်ခဲ့သော ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၌ တင်ကျန်ခဲ့သော ရွှံ့နွံများနှင့် အမှိုက်များကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ရဲဘော်များက သန့်ရှင်းရေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရေဝင်ရောက်မှုကြောင့် ပိတ်ထားခဲ့ရသော စာသင်ကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆားလင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ ဗိုလ်ဝေယံစိုးဦးဆောင်ပြီး သန္ဓေမီးသတ်ရဲဘော် ၁၀ ဦးနှင့် အရန်မီးသတ်ရဲဘော် ၂၅ ဦးက မီးသတ်ရေသယ်ယာဉ်သုံးစီးဖြင့် စာသင်ကျောင်းများမှ ရွှံ့နွံများနှင့် အမှိုက်သရိုက်များကို သန့်ရှင်းရေးပြုလုပ်ပေးနေခြင်းဖြစ်သည်။ ဇူလိုင် ၃၁ ရက်မှစတင်၍ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကာ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ပြီး ယခုချင်းတွင်းမြစ်ရေ ကျဆင်းသွားချိန်မှစ၍ ညောင်ပင်ကြီး၊ ထန်းတောကြီး အမက၊ ဝက်မွေး-ကံတောမူကြိုကျောင်း၊ ဆားထုံးကျေးရွာ အလက(ခွဲ)၊ ညောင်ပင်ကြီး-သိမ်တော်ဘုန်းတော်ကြီးကျောင်း၊ ရွှေလှေစာသင်ကျောင်းနှင့် ညောင်ပင်ကြီး-ရွာရှည် အထကကျောင်းများ၌ ရွှံ့နွံများကို မီးသတ်ရေယာဉ်များဖြင့် ဆေးကြောသန့်စင်ပေးခြင်း၊ အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားပေးခြင်းများ ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**



## ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**ရေဦး ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း မူးမြစ်ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုကာ နေအိမ်ပြောင်းရွှေ့ခဲ့ရသော လေးရွာကျေးရွာ အိမ်ထောင်စု ၂၀ မှ မိသားစုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများကို တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာဝင်း၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးစံငွေ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးကျော်နိုင်ထွေးတို့သည် ဩဂုတ် ၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံပြည်သူများအား တွေ့ဆုံပြီး အားပေးစကားပြောကြားကာ အိမ်ထောင်စုတစ်စုချင်းစီသို့ ထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် ဆန်အိတ်၊ ဆပ်ပြာ၊ ပုဆိုး၊ လုံချည်များနှင့် ယူနီဆက်ဖ်မှထောက်ပံ့သော လူသုံးကုန်ပစ္စည်းများပါဝင်သည့် ဂျပ်ဖာတစ်လုံးစီကို လက်ဝယ်အရောက် ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မူးမြစ်ရေတိုက်စား၍ ကမ်းပါးပြိုခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ကမ်းပါးပြိုကျသဖြင့် ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ အခက်အခဲ ဖြစ်နေရပုံများကိုလည်းကောင်း၊ ရေဘေးကြောင့် ဘုန်းကြီးကျောင်းတွင် ယာယီနေခွင့်ရသော်လည်း ရေရှည်တွင် မသင့်လျော်သည့်အတွက် မိသားစုများ နေထိုင်နိုင်ရေးအတွက် မြေနေရာတစ်ခုချထားစီစဉ်ပေးရန်လည်းကောင်း ဒေသခံပြည်သူများက ဝန်ကြီးထံတင်ပြပြီး ဝန်ကြီးက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အမြန်ဆုံးအစီရင်ခံတင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **သန်းထိုက်(ရေဦး)**

## ရေနစ်မြုပ်ပျက်စီးခဲ့သည့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းသုံးပစ္စည်းများ ကလေးသို့ ပို့ဆောင်လျက်ရှိ

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ရေကြီးမှုကြောင့် ရေနစ်မြုပ်ပျက်စီးခဲ့သည့် ဓာတ်အားပေးစက်များ၊ ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများကို အသစ်ပြန်လည်လဲလှယ်ခြင်း၊ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရန်အတွက် ပစ္စည်းများကို ရန်ကုန်နှင့် နေပြည်တော်မှ မုံရွာမြို့သို့ ပို့ဆောင်ထားပြီဖြစ်ကြောင်းသိရသည်။

ကလေးဒေသမှ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အမြန်ပြန်လည်ရရှိသုံးစွဲနိုင်ရေးအတွက် ပြုပြင်မည့် လျှပ်စစ်ပစ္စည်းများကို မုံရွာမြို့မှ ကလေးဝမြို့သို့ ဇက်ရေယာဉ်များဖြင့်လည်းကောင်း၊ ကလေးဝမြို့မှ ကလေးမြို့သို့ ကုန်းလမ်းဖြင့်လည်းကောင်း ဆက်လက်၍ ပို့ဆောင်လျက်ရှိကြောင်းနှင့် အဆိုပါပစ္စည်းများ ရောက်ရှိပါက ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အဆင်ပြေစေရန်အတွက် အမြန်ဆုံး ပြုပြင်လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကျွန်းသားဖြင့်ပြုလုပ်ထားသည့် ပျားပုံး ၄၅၀ တင်ဆောင်လာသည့် (၁၂)ဘီးယာဉ်ကို ဖမ်းဆီး

**ကသာ ဩဂုတ် ၁၁**

ကျွန်းသားဖြင့် ပြုလုပ်ထားသည့် ပျားပုံး ၄၅၀ အလေးချိန် ၄ ဒသမ ၅ တန်ခန့်ကို ကောလင်းမြို့နယ် ကျောက်တန်းကျေးရွာ ရွှေဘို-မြစ်ကြီးနားကားလမ်း မောင်းတံဂိတ်အနီး၌ ဩဂုတ် ၉ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦး ဆောင်ပြီး ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်ကျော်ဆင့်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စစ်ဆေးမှုများဆောင်ရွက်နေစဉ် ရွှေဘို-မြစ်ကြီးနားကားလမ်း မောင်းတံဂိတ်အနီး၌ ယာဉ်မောင်းမြင့်အေး မောင်းနှင်လာသည့် နီဆန်းဒီဇယ် ၁၂ဘီးကား အဖြူရောင်ကို ရပ်တန့်စစ်ဆေးရာ ကားပေါ်တွင် တရားမဝင် ကျွန်းသားဖြင့် ပြုလုပ်ထားသော အလျား ၆ ပေ၊ အနံ ၁ ပေ၊ အမြင့် ၁ ပေရှိ ပျားပုံး ၄၅၀ (အလေးချိန် ၄ ဒသမ ၅ တန်ခန့်) ကာလတန်ဖိုး ၁၁၂၅၀၀၀ ကျပ်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မြင့်အေးနှင့်အတူ ယာဉ်ပေါ်တွင်လိုက်ပါလာသူ တင်ထွဋ်၊ ထွန်းဦးနှင့် ညီစိုးတို့အား တောအုပ်ကြီးဦးကျော်ကျော်ဆင့်က တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး ကောလင်းမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **ဦးရဲ(ကသာ)**

# မန်ယူမှာပဲကစားဖို့ အသင့်ရှိတယ်ဆိုတဲ့ ဒီဂီယာ

ရီးရဲမက်ဒရစ်ကခေါ်ယူဖို့ စိတ်ဝင်စားခြင်းခံရတဲ့ ဒီဂီယာကို မန်ယူနည်းပြ ဗန်ဟားလ်က ပရီမီယာလိဂ်အဖွင့်ပွဲမှာ ထည့်သွင်းကစားခဲ့ရခြင်းမရှိခဲ့ပါဘူး။ စပါးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်တဲ့ အဖွင့်ပွဲမှာ ဆာဂျီယိုရိုမီယိုကို စတင်အသုံးပြုခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီဂီယာအနေနဲ့ အတော်လေးစိတ်မသက်မသာဖြစ်နေတဲ့ပုံပါပဲ။ ရီးရဲမက်ဒရစ်က ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် မန်ယူအတွက် ကစားပေးဖို့အသင့်ရှိတယ်လို့ ဒီဂီယာက ထုတ်ဖော်ကြေညာလိုက်ပါတယ်။ လာမယ့်သောကြာနေ့ ညမှာ အက်စ်တွန်ဗီလာနဲ့ ကစားမယ့်ပွဲအတွက် အသင့်ပြင်ထားတယ်လို့ ဆိုပါတယ်။ နည်းပြဗန်ဟားလ်အနေနဲ့ ဒီဂီယာကို ပြန်လည်ထည့်သွင်းကစားဖို့ စဉ်းစားပေးသင့်ပြီလို့ဆိုပါတယ်။ ဒီဂီယာအနေနဲ့ မန်ယူအတွက် အကောင်းဆုံးကစားပေးနိုင်ဖို့ ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်နေပြီလို့ ဆိုပါတယ်။ သို့ပေမယ့် နည်းပြဗန်ဟားလ်အနေနဲ့ ဒီဂီယာကို ဘယ်လိုကိုင်တွယ်မလဲဆိုတာကတော့ မပြောနိုင်သေးပါဘူး။ လာမယ့်ပွဲတွေမှာ စောင့်ကြည့်ရမယ့် အနေအထားဖြစ်ပါတယ်။



# ချယ်လ်ဆီးနဲ့ပွဲအမီ ဘရူနီကိုခေါ်ဖို့ မန်စီးတီးပြင်ဆင်

ဝုဘတ်ကွင်းလယ်ကစားသမား ကီဗင်ဒီဘရူနီကို မန်စီးတီးက ပေါင် ၄၆ သန်းနဲ့ ချယ်လ်ဆီးနဲ့ပွဲမတိုင်မီ အမြန်ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ မန်စီးတီးနည်းပြ ပယ်လီဂရင်းနီအနေနဲ့ နွေရာသီတစ်လျှောက်လုံး ဘရူနီကို ခေါ်ယူဖို့ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ဝုဘတ်အသင်းနဲ့ ညှိနှိုင်းမှုတွေ လုပ်ဆောင်နေဆဲပါ။ လာမယ့်အပတ် ချယ်လ်ဆီးနဲ့ပွဲမတိုင်မီ အမြန်စာချုပ်နိုင်ဖို့ မန်စီးတီးက မျှော်လင့်ထားပါတယ်။ ဘွန်ဒက်လီဂါကလပ် ဝုဘတ်က ဘရူနီပြောင်းရွှေ့မှုအတွက် ပေါင်သန်း ၅၀ အထိ တောင်းဆိုနေပါတယ်။ မန်စီးတီးကတော့ လောလောဆယ်မှာ ပေါင် ၄၆ သန်းအထိနဲ့ပဲ ကမ်းလှမ်းထားတယ်လို့ ဆိုပါတယ်။ အသက် ၂၄ နှစ်ရှိ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဘရူနီဟာ လာမယ့်တနင်္ဂနွေနေ့မှာ အသင်းဟောင်း ချယ်လ်ဆီးနဲ့ ရင်ဆိုင်ရဖွယ်ရှိပါတယ်။ ဘရူနီဟာ ၂၀၁၂ နဲ့ ၂၀၁၄ ကြား ချယ်လ်ဆီးမှာ ကစားခဲ့သူလည်းဖြစ်ပါတယ်။ မန်စီးတီးအနေနဲ့ အမြန်စာချုပ်နိုင်မယ်ဆိုရင်တော့ ဘရူနီဟာ အသင်းဟောင်း ချယ်လ်ဆီးနဲ့ထိပ်တိုက်ဆုံတွေ့ရတော့မှာ ဖြစ်ပါတယ်။



ကောင်းမြတ်သူ ➤ ➤ စုစည်းသည်။

# တာအထွက်မှာ သုံးမှတ်ယူမယ့် ဘိုင်ယန်မြူးနစ်



***ဘွန်ဒက်လီဂါပွဲစဉ်(၁)ကို ဩဂုတ် ၁၅ ရက်မှာ စတင်ယှဉ်ပြိုင်မှာမို့ ပြိုင်ပွဲဝင်အသင်းတွေအတွက် ရင်ခုန်စရာ တာထွက်ခရီးစဉ်စတင်ပြီဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲတွေ၊ လူသစ်စုဆောင်းမှုတွေ၊ လူဟောင်းရောင်းထုတ်မှုတွေနဲ့ ကြိုတင်ပြင်ဆင်ခဲ့တဲ့ ထိပ်တန်းအသင်းတွေအတွက်လည်း တာထွက်လှပဖို့ စတင်ရုန်းကန်ရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ဂျာမနီမြေက ဘွန်ဒက်လီဂါပွဲစဉ်(၁)ရဲ့ အနေအထားကိုကြည့်ရင်တော့ . . .။***

**ဘိုင်ယန်မြူးနစ်နှင့် ဟမ်းဘတ်**

အင်အားတောင့်တင်းခိုင်မာနေတဲ့ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်တို့ဟာ ဟမ်းဘတ်နဲ့ဆုံတိုင်း ဂိုးပြတ်သွင်းနိုင်ပွဲရခဲ့တာများပါတယ်။ တိုက်စစ်ဖွင့်ကစားမယ့် ဘိုင်ယန်မြူးနစ်ရဲ့ တိုက်စစ်မှူးတွေကို ဟမ်းဘတ်ခံစစ်မှူးတွေ ထိန်းချုပ်ဖို့ မလွယ်ပါဘူး။ လောလောဆယ်မှာ အေစီမီလန်၊ ရီးရဲလ်မက်ဒရစ်တို့ကို အနိုင်ကစားထားတဲ့ ဘိုင်ယန်မြူးနစ်တို့က ဂိုးပြတ်သွင်းနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ ဟမ်းဘတ်နဲ့ ကစားခဲ့တဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်က ရှစ်ဂိုးပြတ်သွင်းယူခဲ့တာမို့ အခုပွဲမှာ အိမ်ရှင်တို့ တာထွက်လှပမယ့်ပွဲဖြစ်ပါလိမ့်မယ်။

**လေဗာကူဆင်နှင့် ဟော့ဖန်ဟိန်း**

လေဗာကူဆင်ဟာ ဟော့ဖန်ဟိန်းနဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ပွဲတိုင်းနိုင်ခဲ့ပြီး တချို့ပွဲတွေ ဂိုးပြတ်သွင်းယူနိုင်ခဲ့ပါတယ်။ လောလောဆယ်မှာ လီဗန်တေး၊ ချီယေးဗိုတို့ကို ဂိုးပြတ်သွင်း အနိုင်ယူထားတဲ့ လေဗာကူဆင်တို့က ဟော့ဖန်ဟိန်းကို အိမ်ကွင်းမှာ နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ ဟော့ဖန်ဟိန်းရဲ့ လက်ရှိခြေစွမ်းက ပုံမှန်ပြန်ဖြစ်နေတာမို့ လေဗာကူဆင်တို့အမာခံကစားသမားတွေအကုန်ထုတ်သုံးနိုင်ရင်တော့အဖွင့်ပွဲအတွက်သုံးမှတ်ဆိုတာ လေဗာကူဆင်တို့အတွက်ပဲဖြစ်သွားမှာပါ။

**ဒွေါမွန်နှင့် ဂလာဘတ်**

ဒွေါမွန်ဟာ ဂလာဘတ်နဲ့ဆုံတိုင်း ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတာချည်းပါပဲ။ အပြန်အလှန်နိုင်ပွဲရအောင် ကစားနိုင်တဲ့ ဒီနှစ်သင်းရဲ့ ဆုံတွေ့မှုက ပွဲကောင်းဖြစ်လာမှာအမှန်ပါပဲ။ ဒွေါမွန်နဲ့ ဂလာဘတ်တို့နောက်ဆုံး ငါးပွဲကစားခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင် ဒွေါမွန်တို့ သရေတစ်ပွဲသာ ကစားထားနိုင်ပြီး ကျန်လေးပွဲရှုံးထားပါတယ်။ လောလောဆယ်မှာ ဒွေါမွန်ကွင်းဆိုပေမယ့် ဂလာဘတ်အတွက် အနိမ့်ဆုံး တစ်မှတ်ရနိုင်တဲ့ပွဲပါ။

**ဝါဒါဘရီမင်နှင့် ရှော်လ်ကေး**

အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်းပြနိုင်တဲ့ ရှော်လ်ကေးကို အိမ်ရှင်တို့ ပွဲကျပ်အဖြစ် ကစားရပါလိမ့်မယ်။ ဝါဒါဘရီမင်ဟာ ရှော်လ်ကေးနဲ့ဆုံတိုင်း အမြင့်ဆုံးသရေရလဒ်ထွက်အောင် ရုန်းကန်တတ်ရတာမို့ ဝါဒါဘရီမင်တို့ သိပ်တော့မလွယ်ပါဘူး။ ဒါပေမယ့် ရှော်လ်ကေးခံစစ်မှူးတွေက အမှားလုပ်တတ်တာမို့ အိမ်ရှင်တို့ အခွင့်အရေးပိုသာနိုင်ပေမယ့် ရလဒ်က တစ်မှတ်ထက်ပိုပြီး မရနိုင်ပါဘူး။

**အော့စ်ဘတ်နှင့် ဟာသာဘာလင်**

အကြိတ်အနယ်ရှိမယ့် ပွဲကောင်းဖြစ်ပါတယ်။ ခြေစွမ်းတူညီပြီး ရာသီအကြိုခြေစမ်းပွဲတွေမှာတော့ အော့စ်ဘတ်တို့က ပိုကောင်းတာတွေ့ရပါတယ်။ အိမ်ရှင်အားသာချက်ကို ပိုပြီးအသုံးချနိုင်တဲ့ အော့စ်ဘတ်ကစားသမားတွေကြောင့် ဒီပွဲမှာ ဟာသာဘာလင်တို့ အမြင့်ဆုံးမျှော်မှန်းနိုင်တာက သရေရလဒ်ပါပဲ။

**မိန့်ဇ်နှင့် အင်ဂိုစတက်**

လူကောင်းတွေထွက်ခွာသွားလို့ တောင့်တင်းမှုလျော့နည်းသွားတဲ့ မိန့်ဇ်တို့ဟာ အင်ဂိုစတက်ကို ခြေကုန်ထုတ်ရမယ့်ကိန်းပါပဲ။ အင်ဂိုစတက်ရဲ့ ဒီနှစ်မျှော်မှန်းချက်က ဘွန်ဒက်လီဂါက တန်းမဆင်းရရေးဖြစ်ပြီး အခုအဖွင့်ပွဲမှာ ရသမျှအမှတ်ကို ယူပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းလည်းဖြစ်နေတဲ့ မိန့်ဇ်တို့က အဖွင့်ပွဲမှာ သုံးမှတ်အပြည့်ယူဖို့ အားသွန်းမှာဖို့ အနိုင်ဆိုတာ အိမ်ရှင်အတွက်ဖြစ်သွားပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

# ပြိုင်ပွဲများနဲ့လွဲချော်နေဦးမယ့် ဖီးလ်ဂျုံး



မန်ယူရဲ့အဓိကခံစစ်မှူးတစ်ဦးဖြစ်တဲ့ ဖီးလ်ဂျုံးဟာ ဒဏ်ရာရမှုတွေက လွန်မြောက်ဖို့ အနည်းဆုံးသုံးပတ်ကြာ အနားယူရဦးမယ်လို့ ဆိုပါတယ်။ လာမယ့် ပရီမီယာလိဂ်ပြိုင်ပွဲနှစ်ပွဲ အနည်းဆုံးလွဲချော်နေဦးမယ်လို့ နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ စမောလင်းနဲ့ ဘလိုင်းတို့ကတော့ စပါးနဲ့ပွဲမှာ စတင်ပွဲထွက်လာပြီဖြစ်ပါတယ်။ သို့ပေမယ့် ဖီးလ်ဂျုံးကတော့ လွဲချော်နေဆဲပါ။ သွေးခဲရောဂါခံစားနေရတဲ့ ဖီးလ်ဂျုံးဟာ အနည်းဆုံးသုံးပတ်လွဲချော်လိမ့်မယ်လို့ မန်ယူက ကြေညာထားပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံဗဟိုခံစစ်မှူး ဖီးလ်ဂျုံးဟာ ဗန်ဟားလ်ရဲ့ ပရီမီယာလိဂ်အဖွင့်ပွဲနဲ့တော့ လွဲချော်ခဲ့ရပါပြီ။ သွေးခဲတဲ့ပြဿနာခံစားနေရတဲ့ ဖီးလ်ဂျုံးဟာ အက်စ်တွန်ဗီလာ၊ နယူးကာဆယ်၊ ဆွမ်ဆီးတို့နဲ့ ကစားမယ့်ပွဲတွေမှာ လွဲချော်လိမ့်မယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ကလပ်ဘရပ်နဲ့ကစားမယ့်ပွဲမှာ လွဲချော်နိုင်ပါတယ်။

# ဆိုင်ကယ်များတင်သွင်းသည့် ဂျူတီတန်ဖိုးမြင့်လာခြင်းကြောင့် တင်သွင်းမှုလျော့ကျလာ

**မြဝတီ ဩဂုတ် ၁၁**

ကရင်ပြည်နယ် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များကို တရားဝင်ဂျူတီဖြင့်တင်သွင်းလျက်ရှိရာ ယခုအခါ ဂျူတီတန်ဖိုးမြင့်လာခြင်းကြောင့် ကုန်ကျစရိတ်များလာသဖြင့် ယခင်ကထက် တင်သွင်းမှုလျော့နည်းလာကြောင်း ဆိုင်ကယ်များတင်သွင်းနေသော ကုန်သည်များထံမှ သိရသည်။

"ကျွန်တော်တို့ အရင်က တစ်လကို ခြောက်ဘီးကားနဲ့ ၁၀ ခေါက်လောက် မြန်မာပြည်အတွင်းသို့ တင်ပို့ပေးခဲ့ရပါတယ်။ အခုတစ်လကို နှစ်ခေါက်သာ တင်ပို့နိုင်တော့ပါတယ်။ စီးပွား/ကူးသန်းက ဆိုင်ကယ်တစ်စီးကို ဂျူတီဆောင်ဖို့ ဒေါ်လာ ၉၂၀သတ်မှတ်ထားပေမယ့် အခုတစ်ခါ ဆိုင်ကယ်တစ်စီးကို ဒေါ်လာ ၁၇၀၀ ပေးသွင်းရတဲ့အတွက် ဆိုင်ကယ်တင်ပို့မှု လျော့နည်းလာတာဖြစ်ပါတယ်ဟု ဂျူတီဆောင်ပြီး ဆိုင်ကယ်များတင်သွင်းနေသော လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဆိုင်ကယ်တစ်စီးကို ယခင်က အခွန်ဘဏ္ဍာအဖြစ် မြန်မာငွေ ကျပ် ၁၃၀၀၀၀ ခန့် ဆောင်ခဲ့ရရာမှ ယခုအခါ ကျပ် ၂၃၀၀၀၀ အထိ တိုးတက်လာခြင်းဖြစ်ကြောင်း၊ ကညန၌ာနသို့ ကျပ်ငါးသောင်း ထပ်မံပေးဆောင်ရသည့်အတွက် ဂျူတီနှင့် အခြားဝန်ဆောင်စရိတ်များ တိုးတက်လာခြင်းကြောင့် သွင်းကုန်ဝန်ဆောင်မှုများ လျော့ကျလာကာ ဆိုင်ကယ်ဈေးနှုန်းများလည်း မြင့်တက်လာခြင်းဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်က ဆက်ပြောသည်။

မြန်မာနိုင်ငံသို့ တင်သွင်းနေသော ဆိုင်ကယ်များအနက် Click 125 i နှင့် Scoopy i အမျိုးအစားများကို အများဆုံးတင်သွင်းလျက်ရှိကာ ခြောက်ဘီးကားတစ်စီးလျှင် ဆိုင်ကယ် ၃၂ စီး၊ ၁၂ ဘီးကားတစ်စီးလျှင် ဆိုင်ကယ် ၄၅ စီးခန့် တင်ဆောင်နိုင်ကြောင်းနှင့် တင်သွင်းသော



ဆိုင်ကယ်များကို မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ဂျူတီတန်ဖိုးများ မြင့်တက်လာသဖြင့် ကုန်သည်အချို့မှာ ဂျူတီအပြည့်အဝ မဆောင်ဘဲ တစ်ဝက်ခန့်ကိုသာဆောင်၍ ဂျူတီမဆောင်သောဆိုင်ကယ်များကို ရောတင်ခြင်း၊ ဂျူတီအဟောင်းများဖြင့် ဆိုင်ကယ်အသစ်များ တင်သွင်းခြင်းတို့ကို လုပ်နေကြကြောင်း ထိုင်းနိုင်ငံနယ်စပ်မြဝတီမြို့မှ မြန်မာနိုင်ငံအရပ်ရပ်သို့ ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသော ယာဉ်မောင်းတစ်ဦးထံမှ သိရသည်။

ကုန်သည်တွေက ဂျူတီဆောင်ပြီးသား စာရွက်စာတမ်းတွေကို သက်ဆိုင်ရာစစ်ဆေးရေးဂိတ်တွေမှာပြပြီး တာဝန်ရှိသူတွေရဲ့စစ်ဆေးမှုကို ခံရတာပါ။ စစ်ဆေးခံယူလို့ ပြီးပြည့်စုံမှ စစ်ဆေးရေးဂိတ်တွေကို ကျော်ဖြတ်မောင်းနှင်ခဲ့ရတာပါ။ တစ်ချို့ဝိသမကုန်သည်တွေက ဂျူတီဆောင်စာရွက်အဟောင်းနဲ့ဆိုင်ကယ်တွေ တင်ဆောင်တာတွေ ရှိသလို၊ တချို့က တစ်ဝက်သာဂျူတီဆောင်ပြီး ဂျူတီမဲ့တွေကို ရောတင်တာတွေလည်း ရှိခဲ့ပါတယ်။ တချို့ဆို ဘာဂျူတီမှမရှိဘဲ အရင်ဂျူတီဆောင်ထားတဲ့စာရွက်အဟောင်းနဲ့ ဂျူတီမဲ့ပစ္စည်းတွေကို ခပ်တည်တည်နဲ့တင်ပြီး စစ်ဆေးရေးဂိတ်တွေကို နည်းလမ်းမျိုးစုံနဲ့ ဖြတ်ကျော်ခဲ့တာတွေလည်းရှိတယ်။ တိတိကျကျစိစစ်တဲ့ စစ်ဆေးရေးအဖွဲ့နဲ့ကြုံတွေ့တဲ့အခါ ဆိုင်ကယ်တွေလည်း ဖမ်းဆီးခံရ၊ မော်တော်ယာဉ်၊ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေလည်း အမှုရင်ဆိုင်ခဲ့ရတဲ့အဖြစ်မျိုး ကြုံတွေ့ခဲ့ရဖူးပါတယ်။ ဂျူတီစာရွက်စာတမ်းတွေက အင်္ဂလိပ်လိုရေးထားတာမို့ မဖတ်တတ်တာတွေကြောင့် ယာဉ်မောင်းတွေဟာ ကိုယ်တင်ဆောင်လာတဲ့ပစ္စည်းတွေကို ဂျူတီမဲ့ပစ္စည်းလား၊ ဂျူတီစာရွက်အဟောင်းလား၊ အတုလား၊ မခွဲခြားတတ်ဘူးလေ" ဟု ယာဉ်မောင်းဦးသိန်းဇော်က အတွေ့အကြုံများကို ပြောပြသည်။

ယာဉ်မောင်းများအနေဖြင့် ဂျူတီဆောင်ပြီး တင်သွင်းလာသည့်ဆိုင်ကယ်များကို တင်ဆောင်မောင်းနှင်ရသည်မှာ ပိုအဆင်ပြေပြီး လုံခြုံမှုလည်းရှိကြောင်း၊ ယာဉ်မောင်းအချို့အနေဖြင့် ဆိုင်ကယ်များကို ဂျူတီဆောင်ပြီးသားဟုယူဆပြီး တင်ဆောင်ခဲ့ရာမှ မြဝတီကုန်သွယ်ရေးဇုန်ကို ကျော်ဖြတ်၍ သံလွင်တံတားစစ်ဆေးရေးဂိတ်ရောက်မှ ဖမ်းဆီးခံခဲ့ရကာ အမှုရင်ဆိုင်ခဲ့ရဖူးသည့် ဖြစ်ရပ်များရှိကြောင်း၊ ယာဉ်မောင်းများအနေဖြင့် ခေါက်ကြေးလောက်သာရသဖြင့် ယာဉ်ပေါ်တွင် တင်ဆောင်လာသည့်ပစ္စည်းများကို အမှန်အကန် တိတိကျကျ အခွန်ဆောင်လာတဲ့ပစ္စည်းများသာ ဖြစ်စေလိုကြောင်း၊ သို့မှသာ နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာ ပြည့်ပြည့်ဝဝရရှိကာ ယာဉ်မောင်းသူများအတွက်လည်း ဘေးကင်းလုံခြုံစိတ်ချရသည့် ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ရေဘေးသင့်ဒေသများမှ ပြည်သူများအတွက် ဆက်လက်လှူဒါန်းလျက်ရှိ

**မိတ္ထီလာ ဩဂုတ် ၁၁**

နိုင်ငံအနှံ့အပြားရှိ ရေဘေးသင့်ပြည်သူများအတွက် ပရဟိတရေဘေးအလှူများကို ရန်ကုန်မြို့ မြောက်ဥက္ကလာ၊ တောင်ဒဂုံ၊ သာကေတ စသည့်မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့ ကိုးဖွဲ့ စုပေါင်းဖွဲ့စည်းထားသည့် အမျိုးသားရေးအင်အားစုက ဆက်လက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ဆရာတော် အရှင်ကဥ္စနောဘာ (MRTV-4 ဆရာတော်) ဦးဆောင်မှုနဲ့ မြောက်ဥက္ကလာ၊ တောင်ဒဂုံ၊ သာကေတ စတဲ့မြို့နယ်များက လူမှုရေးအသင်းအဖွဲ့ ကိုးဖွဲ့စုပေါင်းထားတဲ့ အမျိုးသားရေးအင်အားစုက ရေဘေးအလှူကို နိုင်ငံအနှံ့အပြားက ရေဘေးသင့်ဒေသတွေက ပြည်သူတွေဆီကို လှည့်လည်သွားရောက်ပြီး ကယ်ဆယ်ရေးပစ္စည်းတွေ ထောက်ပံ့ကူညီလှူဒါန်းကြတာပါ။ အဓိက ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်းတွေနဲ့ အခြားကယ်ဆယ်ရေးပစ္စည်းမျိုးစုံကို လှူဒါန်းနေကြတာပါ။ ဒီနေ့ ညောင်ဦးမှာလှူဒါန်းပြီး ညောင်ဦးကတစ်ဆင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းမှာရှိတဲ့ ကျွန်းသီရိ၊ ချမ်းသာကြီး၊ အနောက်ဆယ်လံနဲ့ ငွေတောင်ကျေးရွာများကို သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်။ အဲဒီရွာတွေကို ညောင်ဦးကတစ်ဆင့် မော်တော်(စက်လှေ)နဲ့သွားပြီး လှူဒါန်းရတာဖြစ်ပါတယ်။ လာရောက်လှူဒါန်းတဲ့သူ အများစုက ညောင်ဦးမှာပဲ လှူကြတာများတယ်။ ဟိုဘက်ကို မော်တော်(စက်လှေ)နဲ့ကူးပြီး လှူတဲ့သူရှားတော့ ကျွန်တော်တို့အဖွဲ့က တော့ ရောက်အောင်သွားလှူမှာဖြစ်ပါတယ်။ ကလေး၊ မိုးညို၊ မြန်အောင် စတဲ့ မြို့တွေဘက်ကိုလည်း သွားရောက်လှူဒါန်းခဲ့ပါပြီ။ နောက်နေ့မှာ ဇလွန်ဘက်ကိုလည်း သွားရောက်လှူဒါန်းကြမှာဖြစ်ပါတယ်"ဟု အမျိုးသားရေးအင်အားစုမှ တာဝန်ခံအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကိုတင်ဌေးအောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း တောင်ဘီကျေးရွာအုပ်စုရှိ အရှေ့ဆယ်လံကျေးရွာမှ ရေဘေးရှောင်မိသားစု ၂၆၄ စု လူဦးရေ ၁၁၀၀ ကျော်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဘုန်းတော်ကြီးကျောင်းငါးကျောင်း၌ နေရာချထား၍ လိုအပ်သည်များ ပံ့ပိုးကူညီစောင့်ရှောက်ထားပြီး အလှူရှင်များက ကယ်ဆယ်ရေးပစ္စည်းများ နေ့စဉ်လာရောက် လှူဒါန်းလျက်ရှိသည်။ အရှေ့ဆယ်လံရွာနှင့်ကပ်လျက် တည်ရှိသည့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းမှ အနောက်ဆယ်လံကျေးရွာတွင်လည်း မိသားစု ၁၂၅ စုမှ လူဦးရေ ငါးရာကျော်ကိုလည်းကောင်း၊ အရှေ့သီရိကျေးရွာတွင် မိသားစု ၂၀၀ မှ လူဦးရေ ၁၀၀၀နီးပါးကိုလည်းကောင်း၊ အနောက်သီရိကျေးရွာတွင် မိသားစု ၁၉၃ စုမှ လူဦးရေ ၁၀၀၀ ကျော်ကိုလည်းကောင်း၊ ချမ်းသာကြီးကျေးရွာတွင် မိသားစု ၂၂၂ စုမှ လူဦးရေ ၁၁၀၀ ကျော်ကိုလည်းကောင်း၊ ငွေတောင်ကျေးရွာတွင် မိသားစု ၁၇၂ စုမှ လူဦးရေ ၉၀၀ ကျော်ကိုလည်းကောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများတွင် နေရာချထားပြီး စားဝတ်နေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကာ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များကလည်း နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



ရေဘေးသင့်ကျေးရွာများသို့ သွားရောက်လှူဒါန်းမည့် စက်လှေများ။

# ပုဏ္ဏားကျွန်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်လွှတ်တော်က ဆန်အိတ်များလှူဒါန်း

**ပုဏ္ဏားကျွန်း ဩဂုတ် ၁၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၀၀ ကို ရခိုင်ပြည်နယ်လွှတ်တော်က လွှတ်တော်ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၉ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်က ဆန်အိတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်ထံ ပေးအပ်လှူဒါန်းသည်။ ပြည်နယ်လွှတ်တော်အနေဖြင့် ပြည်သူများက ရွေးချယ်တင်မြောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြစ်သလို ပြည်သူများ၏ အခက်အခဲအကြပ်အတည်းများကို ဖြေရှင်းပေးရန်တာဝန်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ရေတိုရေရှည် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်နယ်လွှတ်တော်အနေဖြင့် အစဉ်တစိုက် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့များသို့လည်း လတ်တလောလိုအပ်ချက်ဖြစ်သော ဆန်နှင့်သောက်ရေသန့်များကို တတ်နိုင်သမျှ ပေးလှူသွားမည်ဖြစ်ကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြောသည်။

အလှူရှင်များမှ လှူဒါန်းသော ဆန်နှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများလက်သို့ အချိန်နှင့်တစ်ပြေးညီ ရောက်အောင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပို့ဆောင်ထောက်ပံ့ပေးလျက်ရှိရာ ဩဂုတ် ၈ ရက်အထိ ဆန် ၇၅၂ အိတ်နှင့် သောက်ရေသန့် အပါအဝင် လိုအပ်သည်များကို အခြားလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြီ)**

# ဖျာပုံမြို့ ကားဝင်းကြီးအတွင်း ရွှံ့နွံများကင်းစင်ရေး ကွန်ကရစ်ခင်းပေးရန်ခရီးသွားပြည်သူများ လိုလားလျက်ရှိ

**ဖျာပုံ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့မှ ခရီးသွားပြည်သူများ အားထားနေရသည့် ဖျာပုံမြို့မြောက်ပိုင်း အဝေးပြေးကားဝင်းသည် မိုးရာသီတွင် ရေအိုင်များ၊ ရွှံ့ဗွက်များရှိနေသဖြင့် ခရီးသွားပြည်သူများ အခက်ကြုံလျက်ရှိကာ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ဒေသခံပြည်သူအချို့ထံမှ သိရသည်။

"ဂိတ်ဝင်ကြေးကတော့ ယာဉ်တွေ ကားဝင်းထဲကိုဝင်မှသာပေးရတာပါ။ အခုအစ်မတို့က ခရီးသွားမှာဆိုတော့ လမ်းလျှောက်ဝင်ခဲ့တာ၊ ရွှံ့ဗွက်တွေရှိနေတဲ့အတွက် လမ်းလျှောက်ဝင်ခဲ့တာ အဆင်မပြေပါဘူး။ ရွှံ့တွေပေတော့ ခရီးသွားရတာ စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်" ဟု ခရီးသည်တစ်ဦးဖြစ်သူ မသက်သက်မာက ပြောသည်။

ကားဝင်းအတွင်းရှိ ဂိတ်မှူးတစ်ဦးကလည်း "ကျွန်တော်တို့မှာ တစ်နေ့တစ်နေ့ ခရီးသည်တွေရဲ့ ငြိုငြင်ပြောဆိုတာကို ခံနေရပါတယ်။ ကားဝင်းကိုတော့ ဝင်ကြေးကောက်တယ်။ ကားဝင်းထဲဝင်ရတာ ရွှံ့ဗွက်တွေချည်းပဲ။ စီးပွားရေးလုပ်တာ ခရီးသည်အတွက်မကြည့်ဘူးဆိုပြီး ဆူပူပြောဆိုသွားတာ နေ့စဉ်ခံနေရပါတယ်"ဟု ပြောပြသည်။

ယာဉ်မောင်းတစ်ဦးကလည်း ကားဝင်းအတွင်း ရွှံ့များရှိနေသဖြင့် ကားရပ်ရသည်မှာ အခက်အခဲရှိသလို ခရီးသည်များလည်း စိတ်အနှောင့်အယှက်ဖြစ်ရကြောင်းပြောပြီး အဆိုပါကားဝင်းရှိ ဂိတ်မှူးတစ်ဦးကလည်း ကားဝင်းအတွင်း၌ လယ်ကွက်ထဲ လယ်ထွန်ထားသလို ရွှံ့ဗွက်များပြည့်နေသဖြင့် စိတ်ပျက်စရာကောင်းကြောင်း ဖြည့်စွက်ပြောကြားသည်။

ဖျာပုံမြို့နယ်မှ ခရီးသွားပြည်သူများ မဖြစ်မနေအားထားအသုံးပြုနေရသည့် ဖျာပုံမြောက်ပိုင်းကားဝင်းကြီးကို ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်မရှိ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ကွန်ကရစ်ခင်းပေးရန် အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံ ပြည်သူများ လိုလားလျက်ရှိသည်။

**သူဇာနွယ်(ဖျာပုံ)**

# ရေဘေးသင့်ဒေသများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းမှ ရေလွှမ်းမိုးခြင်းခံခဲ့ရသော ကျေးရွာများဖြစ်သည့် ရွှေတစ်ချောင်း၊ နန္ဒမ်းကိုင်း၊ ဆူးလေကုန်း၊ ကျောက်တန်း၊ စီပင်ချမ်းသာရွာများမှ ပြည်သူများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ လမ်းညွှန်ချက်ဖြင့် မြောင်မြို့နယ် ကျောက်ရစ်တိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါက်တာမျိုးဦးနှင့် ကျန်းမာရေးဝန်ထမ်းများက နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ဩဂုတ် ၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ဆန်၊ ဆီ၊ ရေသန့်၊ ခေါက်ဆွဲခြောက်စသည့် ထောက်ပံ့ပစ္စည်းများလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် ပြည်သူများအား ကျန်းမာရေးပညာပေးခြင်း၊ ကျန်းမာရေးပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဆေးကုသစမ်းသပ်ခြင်းများကို ကျေးရွာများမှ ပြည်သူ ၁၄၄ ဦး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ မုံရွာမြို့နယ်အတွင်းသာမက ခင်ဦးမြို့နယ်နှင့် ရွှေဘိုမြို့နယ်များအတွင်းရှိ ကျေးရွာများတွင်လည်း ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့မှုပိုမိုများလာ

**မင်းလှ ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်မင်းလှမြို့နယ်အတွင်း ဧရာဝတီမြစ်ရေလျှံတက်လာမှုကြောင့် ကျေးရွာအုပ်စုစုပေါင်း ၅၅ အုပ်စုအနက်မှ ဩဂုတ် ၉ ရက်က ကျေးရွာရှစ်အုပ်စုရှိနေအိမ်များ ရေကြီးရေလျှံ နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။ ထန်းပင်ကုန်းအုပ်စု၊ ရွှေလောင်းအုပ်စု၊ ဒီလှိုင်းအုပ်စု၊ ရှာတောကွင်းအုပ်စု၊ သဲကောအုပ်စု၊ ပေပင်တန်းအုပ်စု၊ ကံသာယာအုပ်စုတို့တွင် နေအိမ် ၂၅၉၃ လုံးခန့် ရေကြီးရေလျှံမှုဖြစ်ပြီး ရေဘေးသင့်ပြည်သူ ၁၁၆၀၇ ဦးခန့်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများကို နီးစပ်ရာဆွေမျိုးများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ယာယီပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

ရှားတောကွင်းအုပ်စု တူးမြောင်းကျေးရွာနေဒေသခံတစ်ဦးက "ယခင် ၁၅ နှစ်လောက်တုန်းက ကျွန်တော်တို့ရွာထဲကို ရေအမြဲဝင်ရောက်ပါတယ်။ အိမ်တိုင်းမှာလည်း လှေကိုအမြဲဆောင်ထားပါတယ်။ ရေမဝင်တာ ၁၅ နှစ်လောက်ကြာတော့ အိမ်တိုင်းမှာလှေမရှိတော့ဘူး။ ငါးရှာတဲ့လှေတွေလောက်ပဲရှိတော့တယ်၊ အခုလိုရေ ကြီးရေလျှံတော့ ဘာလုပ်ရမှန်းမသိဘူး။ရေလွတ်ရာစာသင်ကျောင်းကို ပြောင်းရွှေ့ရတယ်။ တချို့ကတော့ အိမ်ပေါ်မှာ ဆင့်ထိုးနေရတယ်" ဟုပြောသည်။

ရေဘေးသင့်နေရာများကို ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ အဖွဲ့အစည်းများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများ၊ ပရဟိတလူငယ်အဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှလာရောက်သောအလှူရှင်များသည် နေ့စဉ်အဆက်မပြတ် လာရောက်လှူဒါန်းထောက်ပံ့နေကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သောရေဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့က ထန်းပင်ကုန်းတံတားထိပ်၌ ကွပ်ကဲရေးစခန်းဖွင့်လှစ်ကာ ထောက်ပံ့ပစ္စည်းများကို လက်ခံပြီး ရေဘေးသင့် ပြည်သူများထံသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ပေါက်စ(ပြန်/ဆက်)**

# ရေများကျဆင်းသွားပြီဖြစ်သဖြင့် ကရင်ပြည်နယ်မှ ရေဘေးကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်း

**ဘားအံ ဩဂုတ် ၁၁**



ကရင်ပြည်နယ်အတွင်း ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ရာ ဖွင့်လှစ်ထားသည့် ရေဘေးစခန်း ၁၃ ခုကို ဩဂုတ် ၉ ရက်တွင် ပြန်လည်ပိတ်သိမ်းလိုက်ပြီဖြစ်ကာ ရေဘေးသင့်ပြည်သူများမှာလည်း မိမိတို့နေအိမ်များသို့ ပြန်သွားကြပြီဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ဘားအံမြို့တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၀ ခု၊ လှိုင်းဘွဲ့မြို့ပေါ်တွင် ရေဘေးကယ်ဆယ်ရေးစခန်းနှစ်ခုနှင့် ရွှေဂွန်းမြို့တွင် စခန်းတစ်ခု စုစုပေါင်းစခန်း ၁၃ ခုကို ဖွင့်လှစ်ခဲ့ကာ တစ်ပတ်ကြာရေကြီးခဲ့ပြီးနောက် ရေပြန်လည်ကျသွားသဖြင့် စခန်းများကို ပိတ်သိမ်းပြီး ရေဘေးသင့်ပြည်သူများ နေအိမ်များသို့ ပြန်ကြခြင်းဖြစ်သည်။ ရေဘေးသင့်ပြည်သူများ အိမ်သို့ပြန်ကြရာတွင် စားသောက်ရေးအဆင်ပြေစေရန်အတွက် တစ်ဦးလျှင် ဆန်လေးပြည်၊ ဆီတစ်ဘူးနှင့် အခြားစားသောက်ကုန်များကို နှစ်ပတ်စာထောက်ပံ့ပေးပြီး ဌာနဝန်ထမ်းများ၊ တပ်မတော်သားများနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များက အိမ်အရောက်ပို့ဆောင်ပေးခဲ့ကြကာ သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ကူညီလုပ်ကိုင်ပေးကြကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်မှ ကုန်သည်ကြီးများ၊ မြဝတီကုန်သည်ကြီးများအသင်းနှင့် အလှူရှင်များမှ ထောက်ပံ့လှူဒါန်းပွဲကိုလည်း ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဩဂုတ် ၉ ရက်တွင် ပြုလုပ်ခဲ့သည်။

လှူဒါန်းပွဲတွင် ထိုင်းနိုင်ငံတာ့ခ်ခရိုင် ကုန်သည်ကြီးများအသင်း၊ မြဝတီကုန်သည်ကြီးများအသင်းနှင့် အလှူရှင်များက လှူဒါန်းသော ဆန်၊ ခေါက်ဆွဲ၊ ငါးသေတ္တာနှင့် အဝတ်အထည်များကို ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Chaiwat Vtittamwong က ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများအပြင် ယခင်နေ့များက ထိုင်းနိုင်ငံအလှူရှင်များ၊ ဘားအံကုန်သည်ကြီးများအသင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များနှင့် အလှူရှင်များက မြဝတီမြို့မှတစ်ဆင့် ထောက်ပံ့လှူဒါန်းထားသော ပစ္စည်းများကို ကရင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသော အခြားတိုင်းဒေသကြီးများဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း စသည့် ဒေသများမှ ပြည်သူများအတွက် ဆက်လက်လှူဒါန်းရန် ရည်ရွယ်ထားကြောင်း သိရသည်။ အခြားရေဘေးသင့်ဒေသများသို့ လှူဒါန်းရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကယ်ဆယ်ရေးအဖွဲ့အစည်းများက အလှူပစ္စည်းများကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်မြို့ရှိ ထောက်ပံ့ပစ္စည်းများ လက်ခံရန်ဌာနသို့ ကုန်တင်ကားကြီးများဖြင့် ဆက်လက်ပို့ဆောင်နေကြောင်းလည်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရေဘေးရှောင်ပြည်သူများအား မိတ္ထီလာတက္ကသိုလ်မှ ပစ္စည်းများလှူဒါန်း

**မိတ္ထီလာ ဩဂုတ် ၁၁**

ညောင်ဦးမြို့နယ် အရှေ့ဆယ်လံကျေးရွာမှ ရေဘေးရှောင်ပြည်သူများအတွက် ဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ယာယီပြောင်းရွှေ့နေကြသည့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာကိုကိုကျော်စိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများစုပေါင်း၍ ဩဂုတ် ၉ ရက်က သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။



တက္ကသိုလ်ကျောင်းသားများက ထောက်ပံ့ပစ္စည်းများ ပေးဝေနေစဉ်။

ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများကို ညောင်ဦးမြို့ ဘုန်းတော်ကြီးကျောင်းများဖြစ်သော ကမ္မကျောင်း၊ ရတနာမာရ်အောင်ကျောင်း၊ ရွှေကျောင်း၊ နတ်ထောင့်ကျောင်းနှင့် မြသီတာကျောင်းများတွင် ဖွင့်လှစ်ထားပြီး မိသားစု ၂၆၄ စုမှ လူဦးရေ ၁၁၆၀ ခန့် နေထိုင်လျက်ရှိရာ မိသားစုတစ်စုလျှင် ဆန် ၉ ပြည်စီနှင့် ခေါက်ဆွဲခြောက် နှစ်ဖာစီ၊ ရေသန့်ဘူးများ၊ ကျောင်းသုံးဗလာစာအုပ်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၄ သိန်းကျော်ကို ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပူးပေါင်းအလှူရှင် ဦးဇော်မင်းနှင့် သူငယ်ချင်းများက ရေဘေးရှောင်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြသည်။

အရှေ့ဆယ်လံကျေးရွာတွင် ဧရာဝတီမြစ်ရေ မြင့်တက်ဝင်ရောက်မှုကြောင့် ကမ်းပါးအနီးရှိ လူနေအိမ်များ ပြိုကျပျက်စီးသွားခဲ့ပြီး ကျန်လူနေအိမ်များတွင် မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဘုန်းတော်ကြီးကျောင်း ငါးကျောင်းသို့ ယာယီပြောင်းရွှေ့ပေးခဲ့ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါပြည်သူများအား မိတ္ထီလာ၊ တောင်ကြီး၊ လှိုင်လင်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မန္တလေး၊ ကျောက်ဆည် စသည့်မြို့နယ်များမှ စေတနာရှင်အလှူရှင်များကလည်း ဆန်နှင့်အဝတ်အထည်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ သောက်ရေသန့် ဗူးများ စသည့် ကယ်ဆယ်ရေးပစ္စည်းများကို နေ့စဉ်လာရောက် ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# ရေဘေးသင့်ကျေးရွာများသို့ သောက်ရေသုံးရေများ ဖြန့်ဝေပေး

**အောင်လံ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း ဧရာဝတီမြစ်ရေကျဆင်းသွားသော်လည်း နုန်းများနှင့် ရွှံ့နွံများကျန်ရှိနေခြင်းကြောင့် သောက်ရေသုံးရေ အခက်အခဲရှိနေသော ကျေးရွာများသို့ သောက်သုံးရေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဩဂုတ် ၉ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေအခက်အခဲကြုံတွေ့နေရသော ကျေးရွာများသို့သွားရောက်၍ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ ရေနစ်မြုပ်ခံခဲ့ရသော ကျေးရွာများရှိ ရေတွင်း ရေကန်များတွင် ရေသန့်ဆေးများခတ်ပေးခဲ့ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးအတွက် ရေများကိုသန့်စင်အောင် ရေသန့်ဆေးထုပ်နှင့်သန့်စင်ခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်က ဒေသခံပြည်သူများအား လက်တွေ့သရုပ်ပြသခဲ့သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါက်တာမင်းမင်းဦးကလည်း ရေကျဆင်းသွားပြီးနောက် တိရစ္ဆာန်များတွင် ရောဂါများမဖြစ်ပေါ်စေရေး ကာကွယ်ဆေးများလာရောက်ထိုးပေးရန် စီစဉ်နေမှုကိုလည်း ရှင်းလင်းပြောကြားပြီး အလှူရှင်များမှ ပေးအပ်သော ထောက်ပံ့ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

# စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေး

**ဒေါက်တာမျိုးကြွယ် (ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)**

**စိုက်ပျိုးရေးဆိုင်ရာအတုအပများ**

ကျွန်တော်တို့မြန်မာနိုင်ငံတွင် အတုအပမျိုးစုံ စုံလင်လှပါသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်သည်ဆိုလျှင် မြေဩဇာအတု၊ ပိုးသတ်ဆေးအတု၊ အစားအသောက်များမှ စားသုံးဆီအတု၊ ကြက်ဥအတု၊ သက်တမ်းလွန်အေးခဲ အသားအတုများ စသည်ဖြင့် တခြားနိုင်ငံများနှင့် မတူအောင် ထူးထူးဆန်းဆန်းအတုများဖြစ်ပါသည်။ စားသုံးဆီတွင် နယ်စပ်ဒေသများမှ တရားမဝင် တင်သွင်းလာသည့် ပြန်ကြော်ဆီ (အသုံးပြုပြီးသားဆီ)များကို အနံ့ထည့်သွင်းကာ မြေပဲဆီဟု လိမ်လည်ရောင်းချမှုများရှိနေကြောင်း ၁၉-၇-၂၀၁၅ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဦးသီဟသူက ရေးသားထားပါသည်။ မြေပဲဆီသန့်စစ်စစ် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၈၀၀၀ ခန့်ပေးမှရသည့်အခြေအနေတွင် တစ်ပိဿာ ငွေကျပ်၂၀၀၀ ကျော်ကျော်နှင့် ရောင်းချနေသည်မှာ ဆီအတုမှသာ ယင်းဈေးနှင့်ရောင်း၍ ရနိုင်ပါသည်။

နောက်ပြဿနာတစ်ခုက ကျန်းမာရေးနှင့် မညီညွတ်သော စားအုန်းဆီများ ပြည်ပမှ ဈေးချိုချိုနှင့် တင်သွင်းနေသောအခါ မြေပဲဆီသန့်၊ နှမ်းဆီသန့် ဈေးကွက်က လျော့သွားပါတော့သည်။ ကျွန်တော်တို့ငယ်စဉ်က ကျွန်တော်တို့ ဆင်ပေါင်ဝဲမြို့နယ်ကျေးရွာများမှာ ဆွေမျိုးများရှိ၍ ပဲ၊ နှမ်း ဆုံဆီသန့်သန့် (အစစ်) ကြိတ်ပြီး လက်ဆောင်ရသည့်အခါ အနံ့ကကို မွှေးနေပါသည်။ ယခုခေတ်တွင် မြေပဲဆီနံ့၊ နှမ်းဆီနံ့ ဓါတုဗေဒပစ္စည်းများနှင့်ပြုလုပ်၍ ဈေးထဲတွင် ဈေးချိုချိုနှင့် ရောင်းချနေရာ ရောဂါကို ပိုက်ဆံပေးဝယ်သလို ဖြစ်နေပါသည်။

ကျွန်တော်တို့နိုင်ငံ၏ ဆီစားနှုန်းမှာလည်း တခြားနိုင်ငံများနှင့်ယှဉ်လျှင် နည်းသော်လည်း ကျန်းမာရေးနှင့် မညီညွတ်သော ပြည့်ဝဆီ (Saturated Fatty Acid - ဥပမာ စားအုန်းဆီ) များသာ လက်လုပ်လက်စား လူအများဆုံး စားသုံးနေကြပါသည်။ ကျန်းမာရေးရှုထောင့်အရ လူတစ်ဦးလျှင် အသက်အရွယ်ကိုလိုက်၍ တစ်နေ့လျှင် အနည်းဆုံးဆီ ၁. ၅၀ ကျပ်သားမှ ၃. ၅၀ကျပ်သားအထိ စားသုံးရန် လိုအပ်သည်ဖြစ်ရာ ပျမ်းမျှ လူတစ်ဦး တစ်နေ့ ၂. ၀၀ ကျပ်သား စားသုံးရမည်ဟု ကျန်းမာရေးပညာရှင်များက ထောက်ခံထားသည်။ ထို့ကြောင့် လူတစ်ဦး ဆီ ၇. ၂၀ပိဿာစားမှ လိုအပ်သော အင်အားဓာတ် (Calorie) ကို ရရှိပါမည်။ (ကျမ်းကိုး- ဒေါက်တာထွန်းဆိုင်နှင့် ဦးစိုးလှိုင် (၂၀၀၇) မြေပဲစိုက်ပျိုးရေး)

ဖွံ့ဖြိုးပြီးနိုင်ငံများတွင်တော့ ကျန်းမာရေးနှင့်ညီညွတ်သော ကိုလက်စထရော (Cholesterol) နည်းပါးသည့်၊ မပြည့်ဝဆီများဖြစ်သည့် သံလွင်ဆီ၊ နေကြာဆီ၊ မုန်ညင်းဆီများ စားသုံးကြ၍ ကျန်းမာရေးနှင့် ညီညွတ်ပါသည်။ (ဇယား-၁)

(Source – American Heart Association (2014) Saturated Fats)

| Food | ကျန်းမာရေးမညီညွတ် | ကျန်းမာရေးညီညွတ် | |
|---|---|---|---|
| | Saturated (ပြည့်ဝ) | Mono-Unsaturated (မပြည့်ဝ) | Poly-Unsaturated (မပြည့်ဝ) |
| | As weight percent (%) of total fat | | |
| Cooking Oils (စားသုံးဆီများ) | | | |
| Canola oil (မုန်ညင်းဆီ) | 8 | 64 | 28 |
| Corn oil (ပြောင်းဖူးဆီ) | 13 | 24 | 59 |
| Olive oil (သံလွင်ဆီ) | 7 | 78 | 15 (အကောင်းဆုံး) |
| Sunflower oil (နေကြာဆီ) | 11 | 20 | 69 (ကောင်း) |
| Soybean oil (ပဲပုပ်ဆီ) | 15 | 24 | 58 (ကောင်း) |
| Peanut oil (မြေပဲဆီ) | 17 | 46 | 32 |
| Sesame oil (နှမ်းဆီ) | 15 | 42 | 43 |
| Rice bran oil (ဖွဲနုဆီ) | 25 | 38 | 37 |
| Coconut oil (အုန်းဆီ) | 87 | 13 | 1 (မကောင်း) |
| Palm oil (စားအုန်းဆီ) | 55 | 36 | 9 (မကောင်း) |
| Dairy products (နို့ထွက်ပစ္စည်းများ) | | | |
| Cheese (ဒိန်ခဲ) | 64 | 29 | 3 |
| Butter (ထောပတ်) | 65 | 30 | 5 |
| Milk, whole (နွားနို့ရိုးရိုး) | 62 | 28 | 4 |
| Ice cream, (အိုက်စကရင်) | 62 | 29 | 4 |

မြန်မာဟင်းချက်ပုံနည်းစနစ်အရ အိမ်ရှင်မများသည် ဆီမသုံးဘဲ မနေနိုင်ပါ။ အိမ်ထောင်စု အများစုမှာလည်း ရေခဲသေတ္တာ စသည်တို့ မရှိ၍ ဆီပြန်ဟင်းချက်က ပြန်၍နွေးတတ်သည့် အကျင့်ရှိနေ၍ အသား၊ ငါးများ ကြော်လှော်၍ ထားရလေ့ရှိရာ ဆီမသုံးဘဲ မရသည့်သဘော ရှိနေပါသည်။ နောက်ဆုံးတော့ ကျန်းမာရေးနှင့်မညီညွတ်သော စားသုံးဆီများကို လူအများစုက စားသုံးကြရင်း သွေးတိုး၊ ဆီးချို၊ နှလုံးစသည့်ရောဂါမျိုးစုံ စုံလင်၍လာပါတော့သည်။ မှီဝဲရသည့် ဆေးဝါးများမှာလည်း နိုင်ငံခြားမှ တင်သွင်းရလေရာ ဆေးဝါးအတုနှင့်တိုးပါက ပို၍ ဆိုးပါတော့မည်။

မုသာဝါဒ- လိမ်ညာရောင်းချလိုက်သော အပြစ်များမှာ စကားမပီသခြင်း၊ သွားများမညီညာခြင်း၊ အာပုပ်နံ့နံစော်ခြင်း၊ ကိုယ်သားကိုယ်ရေမစိုပြည် ခြောက်ကပ်ခြင်း၊ ကိုယ်နေကိုယ်ဟန်မလှခြင်း၊ ဩဇာအာဏာမညောင်းခြင်း၊ နှုတ်ထွက်စကားကြမ်းတမ်းခြင်း၊ လျှပ်ပေါ်သောစိတ်ဓာတ်ရရှိခြင်းတို့ ဖြစ်ပေါ်ပါလိမ့်မည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လက်ရှိ ကျောင်းသား ကျောင်းသူများအား အနာဂတ်စိုက်ပျိုးရေးပညာရှင်များ ဖြစ်လာလျှင် ကိုယ်ကျင့်တရားကောင်းမွန်ရန် ကျောင်းတက်နေစဉ်ကာလ တစ်လျှောက်လုံး တက္ကသိုလ်အနီးရှိ ကန်ဦးကျောင်း ဆရာတော်က ယဉ်ကျေးလိမ္မာသင်တန်း စာသင်နှစ်တိုင်း ဖွင့်လှစ်ပေးလျက်ရှိပါသည်။ အပတ်စဉ်လည်း အဆောင်တိုင်းအလှည့်ကျ ဓမ္မစကြာ ရွတ်ဆိုကာ ငါးပါးသီလ ဆောက်တည်၍ ၁၀ မိနစ်ခန့် တရားထိုင် ဝိပဿနာရှုမှတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ တက္ကသိုလ်၏ ဘာသာရပ်ဆိုင်ရာ သဘာဝအရ နံနက်တိုင်းကွင်းဆင်းရ၍ ကျောင်းသား ကျောင်းသူ အားလုံးနီးပါး အမျိုးသားဆောင်-လင်းဇင်း၊ သစ်ဆုံ၊ အောင်ပင်လယ်၊ ရွှေလီဆောင်၊ အမျိုးသမီးဆောင်-ငွေတောင်၊ နဝင်း၊ ကင်းတား၊ မြနန္ဒာ၊ ရေနံ့သာကျောင်း ဆောင် ၉ ဆောင်တွင် ထားရှိပါသည်။ ကျောင်းသား ကျောင်းသူများမှာ နံနက် ၆ နာရီထိုးသည်နှင့် ကွင်းထဲ ရောက်နေပါပြီ၊ တချို့အတန်းများက နံနက် ၇ နာရီတွင် လက်တွေ့ဓာတ်ခွဲခန်းဆင်းကြရ၍ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ စာတွေ့ လက်တွေ့ သင်တန်းများ ဆက်တိုက်သင်ရ၍ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူများမှာ အချိန်အားမရှိပါ။ ရေဆင်းတက္ကသိုလ်များ (သစ်တော၊ မွေး၊ ဆေး၊ စိုက်ပျိုးရေး)တွင် ပုဂ္ဂလိက ကျူရှင်မရှိပါ။

စတုတ္ထနှစ်သင်တန်း၊ ဘွဲ့လွန်သင်တန်းများမှ အပတ်စဉ် ကျင်းပသော ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ (Seminar) စာတမ်းဖတ်ပွဲများ၊ (Guest Lecture) ဧည့်သည်များမှ စာသင်သော အတန်းများတွင် တက်ရောက်၍လည်းကောင်း၊ စာသင်ချိန်အားလပ်ချိန်များတွင် အဖွဲ့လိုက်လုပ်ရသော သုတေသန (Special Research Project – Group Research) ကျောင်းသား ကျောင်းသူတစ်ဦးချင်း လုပ်ရသော လုပ်ငန်းများ (Individual Assignments) ဖြင့်လည်းကောင်း စာကြည့်တိုက်၊ ကျောင်းစာဖတ်ခန်းများတွင် အချိန်ပေး လုပ်ဆောင်ရပါသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာကြည့်တိုက်မှာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ Repository Library ရရှိ၍ ထုတ်သမျှ စာအုပ်အားလုံး တစ်အုပ်စီ (One Copy) အမြဲတမ်းရရှိပါသည်။ သုတေသနအတွက် မှီငြမ်းစရာ ဂျာနယ်များမှ အမေရိကန်နိုင်ငံ ကော်နယ်တက္ကသိုလ် (Cornell University) TEEAL - The Essential Electronic Agricultural Library မှ Off Line ဂျာနယ်ပေါင်း အမျိုးအစား ၁၀၀ ကျော် ဥပမာ-Agricultural Economics, Soil Science, Crop Science, Experimental Agriculture, Weed Science, etc. Journals (from A to Z Journals) ကို ထုတ်ဝေသည့် ခုနှစ်အလိုက် download လုပ်နိုင်၍ အမျိုးအစားစုံလင်လှပါသည်။ မြန်မာပြည်တစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးရှိ ကျောင်းသား ကျောင်းသူများ စိုက်ပျိုးရေးဆိုင်ရာ သုတေသီများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြပါရန် ဖိတ်ခေါ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်

**မိုးမိတ် ဩဂုတ် ၁၁**

မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေါင့်ကြီးကျေးရွာ၌ စီမံကိန်းဆိုင်ရာ ပညာပေးရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၀ ရက်တွင် မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




## တပ်မတော်မိသားစုဝင်များနှင့် ပရဟိတလုပ်ငန်းအလှူရှင်များ ရေဘေးသင့်မိသားစုများအတွက် လှူဒါန်း

**မြန်အောင် ဩဂုတ် ၁၁**

ရေဘေးသင့်အိမ်ထောင်စုများအတွက် တပ်မတော်မိသားစုဝင်များနှင့် ပရဟိတလုပ်ငန်းအလှူရှင်များက စုပေါင်း၍ ဆန်၊ ဆီ၊ ရေသန့်ဘူးများ၊ အစားအစာနှင့်အဝတ်အထည်၊ ဆေးဝါးပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၉ ရက်က ဧရာဝတီရေတပ်စခန်းဌာနချုပ် လက်အောက်ရှိ အမှတ် (၁) ဗျူဟာ စစ်ရေယာဉ်စုမှ တင့်ကားတင် ကမ်းထိုးရေယာဉ် 1611 ဖြင့် စစ်ရေယာဉ်မှူး ဗိုလ်မှူးစိုးထွန်းဝင်း ဦးဆောင်၍ မြန်အောင်မြို့နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် ဆန်၊ စားသုံးဆီ၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ နို့မှုန့်၊ အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများ သွားရောက်လှူဒါန်းရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက ရေဘေးသင့် ပြည်သူများကိုယ်စားလက်ခံရယူခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်**

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုးချဲ့ ပြင်ဆင်ရေး ကော်မတီလုပ်ငန်းညှိနှိုင်း

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီများ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center၌ ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေတက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုးချဲ့ ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီ အဖွဲ့ခေါင်းဆောင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်ဆဲကာလ စီမံခန့်ခွဲရေးဆပ်ကော်မတီ အဖွဲ့ခေါင်းဆောင်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဒီဇိုင်းနည်းပညာ ဆပ်ကော်မတီအဖွဲ့ခေါင်းဆောင်တို့က ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ယခုနှစ် ဇူလိုင် ၁၇ ရက် ခရီးစဉ်အတွင်း မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ၆၆ ကေဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းအတွက် ဘဏ္ဍာငွေရရှိရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# သစ်ကိုင်းသစ်ပင်ကျိုးကျလျှင် ဦးစွာပထမ လျှပ်စစ်ကို အကြောင်းကြားကြ

ဟုတ်ပါတယ်ခင်ဗျာ-

မည်သည့်အချိန်၊ မည်သည့်ရာသီဖြစ်စေ သစ်ကိုင်းကျိုးကျ၊ သစ်ပင်လဲကျပါက ဦးစွာပထမလျှပ်စစ်ကို ဆက်သွယ် အသိပေးအကြောင်းကြားရန် လိုအပ်ပါသည်။

ယခုတလော မိုးကြီးလေထန်လျက်ရှိရာ လေဒဏ်၊ မိုးဒဏ်ကြောင့် သစ်ကိုင်းသစ်ပင်တို့ကျိုးကျ၊ လဲကျခြင်း၊ တချို့သောသစ်ပင်များအမြစ်မှ ကျွတ်ထွက်ခြင်းတို့ကြောင့် လူနှင့်ယာဉ်များ၊ အဆောက်အအုံများ ထိခိုက်မှု၊ လမ်းပိတ်ဆို့မှုများ ဖြစ်လေ့ရှိသည်။

ထိုသို့ သစ်ကိုင်း၊ သစ်ပင်လဲကျရာသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စည်ပင်သာယာပန်းဥယျာဉ်ဌာန၊ မီးသတ်ဦးစီးဌာနတို့က သွားရောက်ရှင်းလင်းကြရသည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်ရာ၌ တစ်ခါတစ်ရံ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူတို့အကြား တာဝန်ရှိသူတွေ၊ ဝန်ထမ်းတွေရောက်နေပါလျက် သစ်ကိုင်းသစ်ပင်တွေ ချက်ချင်းမရှင်းလို့။

- ကျိုးကျလဲကျနေတဲ့ သစ်ကိုင်း၊ သစ်ပင်တို့နဲ့ ထိနေ၊ ငြိနေ၊ ပိနေ၊ ပြတ်ကျ နေတဲ့ဓာတ်ကြိုးတွေ တွေ့ရက်သားနဲ့ မဖယ်ရှားလို့။
- ကျိုးကျ၊ လဲကျနေတဲ့ သစ်ကိုင်းသစ်ပင်ခုတ်ထွင်ရှင်းလင်းတာ လျှပ်စစ်ဌာနက လူတွေစောင့်ဖို့လိုသလားလို့။
- လျှပ်စစ်က မရောက်သေးလည်း စောင့်မနေဘဲ ခုတ်နှင့်ရှင်းနှင့်ပါလားလို့။

စသည်ဖြင့် ဆူညံ၊ ပူညံသံများ ကြားရတတ်သည်။ ကျိုးကျသောသစ်ကိုင်း၊ လဲကျသော သစ်ပင်တို့သည်



လျှပ်စစ်ဓာတ်အားလိုင်း၊ လျှပ်စစ်ဓာတ်ကြိုး၊ ဓာတ်တိုင်ထရန်စဖော်မာစသော လျှပ်စစ်ဓာတ်အားရှိနေသည့်နေရာများပေါ်သို့ တိုက်ရိုက်ကျခြင်း၊ သစ်ပင်၏ ကိုင်းဖျား၊ ကိုင်းနား၊ ပင်စည်တို့နှင့် ထိနေ၊ ငြိနေခြင်း စသည့်အခြေအနေမျိုးဆိုပါက လျှပ်စစ်အန္တရာယ်(ဝါ) ဓာတ်လိုက်မှုအန္တရာယ်ကြုံတွေ့ဖြစ်ပေါ်နိုင်သည်။

သစ်ကိုင်းသစ်ပင်တို့ထိနေသော၊ ငြိနေသော၊ ပိနေသော ဓာတ်ကြိုးများသည် အိကျ၊ ပြတ်ကျနေသော်လည်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်အား မပိတ်မချင်း လျှပ်စစ်ဓာတ်ရှိနေပေသည်။

သို့ဖြစ်၍ လောလောဆယ်သစ်ကိုင်းသစ်ပင်တို့ကို ခုတ်ထွင်ရှင်းလင်းဖယ်ရှားဖို့ မဆိုထားနှင့်၊ ပိနေသော၊ ထိနေသော၊ ပြတ်ကျနေသော ဓာတ်ကြိုးတို့ကို ဆန္ဒစော၍ဖြစ်စေ၊ ပေါ့ဆ၍ဖြစ်စေ၊ "ဒါလေးဖယ်တာများကွာ ဘာခက်တာမှတ်လို့" ဟူသော အတွေးဖြင့် အသင့်ရှိနေတတ်သည့် မိုးရေစိုနေသော ဝါးလုံး၊ မိုးရေစိုနေသော သစ်သားချောင်း၊ သံချောင်း၊ စတီးလ်ချောင်းတို့ဖြင့် ထိုးချခြင်း၊ ရိုက်ချခြင်း လုံးဝမပြုလုပ်သင့်ပါ။ ဓာတ်လိုက်မှုအန္တရာယ်ဖြစ်ပေါ်နိုင်သည်။ ဖြစ်ခဲ့ပေါင်းလည်းများပါပြီ၊ ထိခိုက်ဒဏ်ရာရရုံမက ဓာတ်လိုက်၍ သေဆုံးရသည်ထိ ဖြစ်ခဲ့ကြ

မောင်မောင်(လျှပ်စစ်)

၍ တခုပ်တရသတိပေးရခြင်းဖြစ်ပါသည်။ လျှပ်စစ်ရုံးမှ တာဝန်ရှိသူတို့က ဓာတ်အားပိတ်၍ ဓာတ်ကြိုးကို ဖယ်ရှားပေးပြီးမှသာ စည်ပင်သာယာပန်းဥယျာဉ်ဌာနက ရှင်းလင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်မည်၊ ခုတ်ထွင် ဖြတ်တောက်နိုင်မည်ဖြစ်သည်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်အား မပိတ်မချင်း ဓာတ်ကြိုးများကို ဖယ်ရှားခြင်း မပြုလုပ်မချင်း သစ်ပင်သစ်ကိုင်းတို့ကို ရှင်းလင်း ခုတ်ဖြတ်၍မရပါ။ အန္တရာယ်အလွန်ကြီးသည်။ ထိုသို့သော အခြေအနေတွင် တာဝန်ရှိသူတို့ လုပ်ငန်းအဆင့်ဆင့်ကို ဘေးအန္တရာယ်ကင်းရှင်းအောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရသည်ကို ပြည်သူအများသိရှိနားလည် သဘောပေါက်စေလိုသည်။ လေ့ကားတက်ရာတွင် လေ့ကားထစ် အဆင့်ဆင့်နင်းတက်မှ လိုရာရောက်ပြီး လေ့ကားထစ် ကျော်တက်ပါက ခြေချော်လဲကျတတ်သလို၊ ဓာတ်အားလိုင်းနှင့် ထိငြိနေသော၊ ကျိုးကျလဲကျနေသော သစ်ကိုင်းသစ်ပင် ခုတ်ရာ၌လည်း ဦးစွာပထမဓာတ်အားမပိတ်က မုချ အန္တရာယ်ရှိသဖြင့် လျှပ်စစ်ဌာနမှ ဓာတ်အားပိတ်ပြီးကြောင်း၊ လျှပ်စစ်ဓာတ်မရှိတော့ကြောင်း အသိပေးမှ၊ ဓာတ်ကြိုးများ ဖယ်ရှားပြီး သစ်ကိုင်းသစ်ပင်တို့ကို ခုတ်ထွင်ရှင်းလင်းကြရပါကြောင်း ရေးသားတင်ပြလိုပါသည်။

သို့ဖြစ်၍ စာရေးသူက ပြည်သူအများလျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် **"သစ်ကိုင်း သစ်ပင်၊ ကျိုးကျလျှင် ဦးစွာပထမ လျှပ်စစ်ကို အကြောင်းကြားကြ"** ပါလို့ အလေးအနက် ရေးသားအသိပေးလိုက်ရပါသည်။

# တပ်ကုန်းမြို့ ဗျိုင်းအင်းကန် ပြန်လည်တူးဖော်ရေးလုပ်ငန်းများ စတင်

**တပ်ကုန်း ဩဂုတ် ၁၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်၏ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် အကျယ် ၂၂ ဒသမ ၂၅ ဧကရှိ တိမ်ကောနေသော ရှေးဟောင်းသမိုင်းဝင် ဗျိုင်းအင်းကန်ကြီးကို အသုံးပြုကာ တပ်ကုန်းမြို့ ရေပေးဝေရေး ဆောင်ရွက်မည်ဖြစ်ရာ ဗျိုင်းအင်းကန် ပြန်လည်တူးဖော်ရေး အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါ ကန်အနီး၌ ကျင်းပသည်။




အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံ ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ရှင်းလင်းတင်ပြပြီး ဗျိုင်းအင်းကန် တူးဖော်ခြင်းဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့ကာ ဗျိုင်းအင်းကန်တူးဖော်မည့် စက်ယန္တရားများကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေး၍ ကန်တူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

ဗျိုင်းအင်းကန်ကြီး ပြန်လည်တူးဖော်ပြီးစီးသွားပါက ကန်အနီးရှိ ပြည်သူများ စိုက်ပျိုးရေးနှင့်သောက်သုံးရေများရရှိပြီး တပ်ကုန်းမြို့မှ ရပ်ကွက် ခြောက်ရပ်ကွက်အတွင်း ပြည်သူများ ရေဖူလုံစွာရရှိမည်ဖြစ်သည်။

ကန်အတွင်းလိုအပ်သော ရေများကို မုန်ရေထိန်းတမံ တူးမြောင်းမကြီးက လိုအပ်သလို ဖြည့်တင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ပွင့်ဖြူ ရေဘေးသင့် ဝန်ထမ်းများအား ထောက်ပံ့ ငွေပေးအပ်

**ပွင့်ဖြူ ဩဂုတ် ၁၁**

ဇူလိုင်လ နောက်ဆုံးပတ်ကနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းသဖြင့် မုန်းချောင်းရေမြင့်တက်မှုကြောင့် ပွင့်ဖြူမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများစွာ ရေကြီးနစ်မြုပ်မှုတွင် ပါဝင်ခံစားခဲ့ရသည်။

အဆိုပါ ဝန်ထမ်းများမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရုံးဌာနလုပ်ငန်းတာဝန်များထမ်းဆောင်နေရပြီး အနယ်နယ် အရပ်ရပ်မှ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများစွာ လာရောက်လှူဒါန်းခဲ့ကြသော်လည်း လုပ်ငန်းတာဝန်များထမ်းဆောင်နေ၍ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ကောင်းမွန်စွာမရရှိသည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေက ပွင့်ဖြူမြို့နယ် ရေဘေးသင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၂၅၀၀၀၀ နှင့် ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

# ညောင်တုန်း၌ ဆေးဝါးကုသမှုပေး

**ညောင်တုန်း ဩဂုတ် ၁၁**

ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေ ကျဆင်းစပြုနေပြီဖြစ်ပြီး လွန်ခဲ့သောရက်များက ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက် ကျော်လွန်ကာ ၂၅ ဒသမ ၉ ပေအထိ မြင့်တက်ခဲ့သော်လည်း ဩဂုတ် ၉ ရက်နေ့လယ်ပိုင်းတွင် ၂၅ ဒသမ ၃ ပေသို့ ကျဆင်းသွားပြီး ဆက်လက်ကျဆင်းသွားနိုင်ကြောင်း သိရသည်။

ယခုအခါ ညောင်တုန်းမြို့၌ ရေဘေးသင့်ပြည်သူများအား အနယ်နယ်အရပ်ရပ်မှ လာရောက်လှူဒါန်းသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ညောင်တုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာသက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ရေဘေးသင့်ကျေးရွာများသို့ လှည့်လည်၍ ဆေးဝါးများ ကုသပေးလျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း

**သရက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့တွင် ဧရာဝတီမြစ်ရေ တိုးလာမှုကြောင့် ရေပေါ်ကျွန်း၊ စမ်းအိုင်၊ အုတ်ဖို၊ သီးကုန်း၊ ဆင်သေ၊ မြင်ဘာ၊ ပြရေ၊ လက်ပံဆိပ်၊ ညောင်သာ၊ ရွှေဟင်္သာကျွန်း၊ ပိသာလိမ်း ကျေးရွာများနှင့် တောင်မင်းတည်း၊ ရုံးရပ်ကွက်များ ရေများဝင်ရောက်ခဲ့၍ ဒေသခံပြည်သူများ ရေဘေးသင့်ခဲ့ကြသည်။

ဩဂုတ် ၇ ရက်က တောင်မင်းတည်းရပ်ကွက်ရှိ စံပုံတင် ဘုန်းကြီးကျောင်း၌ ပျော်ဘွယ်မြို့နယ် အရန် မီးသတ်တပ်ဖွဲ့တပ်ခွဲမှူး အောင်ဇော်မိုးနှင့်ပျော်ဘွယ်မြို့ ပရဟိတအဖွဲ့ ခေါင်းဆောင် နေဦးနောင်တို့က ရေပေါ်ကျွန်း ကျေးရွာမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၀၈ စု၊ လူဦးရေ ၃၇၃ ဦးကို ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ရေသန့်၊ အဝတ်အစားမျိုးစုံ ငွေကျပ်သိန်း ၈၀ ကျော်ဖိုး လှူဒါန်းကြောင်းသိရသည်။

"ရေဘေးနှင့် ပတ်သက်ပြီး သတင်းစာ၊ ဂျာနယ်၊ ဖေ့စ်ဘုတ်ခ်တွေမှာတွေ့မြင်နေရတော့ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေနဲ့ လူငယ်ပရဟိတအဖွဲ့ရယ် ပူးပေါင်းပြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာက ရေဘေးသင့်ပြည်သူများကို လှူမယ်ဆိုပြီး အရောက်လာခဲ့တာပါ။ ကိုယ်တိုင်ကိုယ်ကျလှူဒါန်းရတဲ့အတွက် ကြည်နူးဝမ်းသာမိပါတယ်" ဟု ပျော်ဘွယ်အရန်မီးသတ်တပ်ခွဲမှူး အောင်ဇော်မိုးက ပြောသည်။

သရက်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပစ္စည်းများ၊ အလှူငွေများကို ရပ်နီးရပ်ဝေးမှ ပေးပို့လှူဒါန်းကြသည့် ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်ပရဟိတများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ သတင်းမီဒီယာများ၊ အထောက်အကူပြုအဖွဲ့များ၊ စည်ပင်သာယာရေး အဖွဲ့များ၊ က ပ စ (၁၂)၊ ခ လ ရ(၄၄) မှ အရာရှိ



အရာခံ အကြပ်တပ်သားများ၊ အမှတ် (၁၁) အကြီးစား စက်ရုံဝန်ထမ်းများက ကျွဲ၊ နွားများကို ရေဘေးလွတ်ရာ သယ်ဆောင်ပေးခဲ့ကြောင်း ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။ **ပေါက်ကလေး(သရက်)**

# လမ်းသစ်လမ်း လူကူးခုံးကျော်တံတားတည်ဆောက်ရာတွင် တံတားတိုင်ဆက် ကွန်ကရစ်တန်းများ တပ်ဆင်

**ရန်ကုန် ဩဂုတ် ၁၁**

လမ်းမတော်မြို့နယ် ကမ်းနားလမ်းနှင့် လမ်းသစ်လမ်းဆုံအနီး တည်ဆောက်နေသော လူကူးခုံးကျော်တံတားလုပ်ငန်းခွင်တွင် ဩဂုတ် ၉ ရက် ညပိုင်းက ကမ်းနားလမ်းမဟောင်းနှင့် မဟာဗန္ဓုလလမ်းများ ဖြတ်သန်းဆက်သွယ်သည့် တံတားတိုင် သုံးတိုင်အကြား ကွန်ကရစ်တန်းများ တပ်ဆင်လျက်ရှိသည်။ ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် အဆိုပါ လမ်းမကြီး နှစ်လမ်းဖြတ်ကွန်ကရစ်တန်းများ တပ်ဆင်ပြီးစီးသည်ကို မြင်တွေ့ရပြီး ကမ်းနားလမ်းမသစ်ဖြတ်အပိုင်းသာကျန်ရှိကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းမှ အဆိုပါ တံတားပေါ်သို့ တက်မည့်နေရာ၊ မဟာဗန္ဓုလမ်းဘေးနှစ်ဖက်သို့ အတက်-အဆင်းပြုလုပ် မည့် နေရာများတွင် အုတ်လှေကားခုံများ အကြမ်းထည်တည်ဆောက်ပြီးစီးသည်ကို မြင်တွေ့ရသည်။ ကမ်းနားဆိပ်ကမ်းမှ အတက်လှေကားအုတ်ခုံနှင့် မဟာဗန္ဓုလ ဘတ်စ်ကားယာဉ်ကြောဘက်ခြမ်းနေရာရှိ လှေကားအုတ်ခုံနေရာတို့တွင် စက်လှေကား တပ်ဆင်ရန် လျာထားဆောင်ရွက်နေသည်ကိုပါ မြင်တွေ့ရသည်။

အဆိုပါ တံတားသည် ကားလမ်းမကြီး သုံးလမ်းဖြတ်ကျော်သည့် အရှည်ပေ ၂၇၂ ပေ၊ လက်ရှိအနေအထားတွင် အရှည်ဆုံး လူကူးခုံးကျော်တံတားဖြစ်ပြီး သက်ဆိုင်ရာမှ သိန်းပေါင်း ၆၇၀၀ အကုန်အကျခံကာ တည်ဆောက်ထားသည်ဟု သိရသည်။

ယာဉ်အသွားအလာရှုပ်ထွေးမှုရှိသော နှစ်လမ်းမောင်း ကမ်းနားလမ်းမဟောင်းပေါ်တွင် လူကူးမျဉ်းကျားပေါ်မှ လမ်းဖြတ်ကူးရာတွင်ပင် အခက်အခဲများရှိနေရာ အဆိုပါ လူကူးခုံးကျော်တံတားတည်ဆောက်ပြီးစီး၍ အသုံးပြုခွင့်ရလာခြင်းတွင် နေ့စဉ် ကမ်းနားလမ်းမသစ်-လမ်းမဟောင်း၊ မဟာဗန္ဓုလလမ်းတို့ကို ဖြတ်သန်းနေရသော ရန်ကုန်တစ်ဖက်ကမ်းမှ အလုပ်လာဆင်းသူများ အပါအဝင် လမ်းဖြတ်ကူးသူ အားလုံးအတွက် အမှန်တကယ်ယာဉ်အန္တရာယ်ဘေးကင်းစေမည့် တံတားဖြစ်သည်ဟု ပြောဆိုနေကြသည်။



သက်ကြီးရွယ်အိုများအတွက် လွယ်လင့်တကူ အသုံးပြုနိုင်ရန် စက်လှေကားပါ တပ်ဆင်ပေးထားမည်ဖြစ်ရာ ပိုမို၍အဆင်ပြေ အသုံးဝင်သဖြင့် စည်းကမ်းတကျ လူကူးခုံးကျော်တံတားအသုံးပြုဖြတ်သန်းရန် လိုအပ်လာသည်။

လမ်းမတော်မြို့နယ်အတွင်း ဒုတိယမြောက်ဖြစ်မည့် အဆိုပါ လူကူးခုံးကျော်တံတားသည် လမ်းဖြတ်ကူးသည့် ခြေကျင်ခရီးသွားများသာမက ယာဉ်မောင်းများအတွက်ပါ ယာဉ်အန္တရာယ်လျော့ပါးရေးကို အထောက်အကူဖြစ်စေသည်ဟု ယာဉ်မောင်းတစ်ဦးက ဆိုသည်။

**ခင်ဆိုင်**

---

**ဩဂုတ် ၉ ရက်က သဲကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကြက်ခြေနီအရေးပေါ် အသက်ကယ်နည်း သင်တန်းဆင်းပွဲကို မြို့နယ်ထွေ/အုပ်ရုံး၌ ကျင်းပရာ ပထမဆုရရှိသူတစ်ဦးအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝေ ဆုချီးမြှင့်စဉ်။**

(မြို့နယ် ပြန်/ဆက်)



---

# စဉ့်ကိုင်မြို့နယ် လျှပ်စစ်မီးလင်းရေး သမဝါယမချေးငွေပေးအပ်

**စဉ့်ကိုင် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေးအတွက် လျှပ်စစ်မီးလင်းရေးသမဝါယမ ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက်က ညောင်ဝန်ကုန်းကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌနေအိမ်၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့ကုန်းကျေးရွာနှင့် ညောင်ဝန်ကုန်းကျေးရွာ မီးလင်းရေးကော်မတီထံသို့ သမဝါယမချေးငွေကျပ်သိန်း ၂၅၀ နှင့် လင်းဇင်းကျေးရွာမီးလင်းရေးကော်မတီထံသို့ သမဝါယမချေးငွေကျပ်သိန်း ၁၅၀ ပေးအပ်ခဲ့ကြသည်။

စဉ့်ကိုင်မြို့နယ် မြို့ဝန်ကုန်းကျေးရွာနှင့်ညောင်ဝန်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ငွေကျပ် ၅၁၅ သိန်း ကုန်ကျမည်ဖြစ်ရာ ကျေးရွာပြည်သူများက ၂၆၅ သိန်း ထည့်ဝင်၍လည်းကောင်း၊ လင်းဇင်းကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ငွေကျပ်သိန်း ၃၀၀ ရှစ်သောင်းကုန်ကျမည်ဖြစ်ရာ ကျေးရွာပြည်သူများက ငွေကျပ် သိန်း ၁၅၀ ရှစ်သောင်းထည့်ဝင်၍ လည်းကောင်း ကျေးရွာမီးလင်းရေး ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

---

# ရေဝင်နစ်မြုပ်လယ်မြေများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး ထွန်စက်ကြီးများဖြင့် ထွန်ယက်ပေးမည်

**အင်္ဂပူ ဩဂုတ် ၁၁**

အင်္ဂပူမြို့နယ်တွင် ဧရာဝတီမြစ်ရေနှင့်ငဝန်မြစ်ရေများ ဝင်ရောက်မှုကြောင့် ကျေးရွာအုပ်စု ၆၂ စုရှိ လယ်မြေဧက ၅၃၆၀၈ ဧကရေဝင်နစ်မြုပ်လျက်ရှိပြီး ၄၁၂၀၂ ဧက ထိခိုက်မှုဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ထိခိုက်မှုဖြစ်သော လယ်မြေများအချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် အင်္ဂပူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်းမှ ထွန်စက်များဖြင့် ထွန်ယက်ပေးရန်အတွက် ကျေးရွာများသို့ အသင့်ရောက်ရှိနေရာချထားပြီး ရေဝင်ပျက်စီးသွားသော လက်တွန်းထွန်စက်၊ ရေစုပ်စက်များကိုလည်း ကျေးရွာအရောက်သွားရောက်ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(အင်္ဂပူ)**

---



# ခရီးသည်တင်ယာဉ်ဘရိတ်ပေါက် တိမ်းမှောက်၊ တစ်ဦးသေဆုံး ၁၁ ဦး ဒဏ်ရာရရှိ

**ဂန့်ဂေါ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ဂန့်ဂေါဂေါက်ကွင်းအနီး ပုလဲ-ဂန့်ဂေါမော်တော်ကားလမ်းတွင် ခရီးသည်တင်ယာဉ်တစ်စီးဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ခရီးသည်အမျိုးသားတစ်ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိသော ဖြစ်ရပ်တစ်ခု ဩဂုတ် ၁၀ ရက် နံနက် ၄ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မုံရွာမြို့နယ် ကြည်ကုန်းကျေးရွာနေ ဦးအောင်ကိုသန်း (၃၆ နှစ်) မောင်းနှင်သော ဟီးနိုးခြောက်ဘီးယာဉ်သည် မုံရွာမြို့ ရွှေပြည်သာကားဂိတ်မှခရီးသည် ၁၉ ဦးနှင့်ကုန်ပစ္စည်းများ တင်ဆောင်လျက် ပုလဲ-ဂန့်ဂေါလမ်းအတိုင်း ကလေးမြို့သို့မောင်းနှင်လာစဉ် ဂန့်ဂေါဂေါက်ကွင်းအနီးအရောက်တွင် ကားဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းဝဲဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ခရီးသည် ၁၉ ဦးအနက် ခရီးသည်အမျိုးသားတစ်ဦးမှာ အခင်းဖြစ်နေရာမှာပင် သေဆုံးခဲ့ပြီး ခရီးသည်အမျိုးသားနှစ်ဦးနှင့်ခရီးသည်အမျိုးသမီးကိုး ဦးတို့သည် ဒဏ်ရာများရရှိခဲ့၍ ဂန့်ဂေါဆေးရုံသို့ ပို့ဆောင်ကာအတွင်းလူနာများအဖြစ် ဆေးဝါးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်ရပ်တွင် ဂန့်ဂေါမြို့မရဲစခန်းမှ ခေတ္တရဲစခန်းမှူးရဲအုပ်ထွန်းသန်းလွင်နှင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးတို့က အခင်းဖြစ်ပွားရာအရပ်သို့ရောက်ရှိကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်းနှင့် ယင်းဖြစ်ရပ်ကို ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

---

# အင်းတော်ကြီးမြို့နယ် လက်ပံကုန်းအနီးအင်းစပ်တွင် လူတစ်ဦးရေနစ်သေဆုံး

**အင်းတော် ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လက်ပံကုန်းရွာအနီး အင်းစပ်၌ လူတစ်ဦး ရေနစ်သေဆုံးနေကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက်က အင်းတော်ရဲစခန်းမှ ဒုရဲအုပ်ဝဏ္ဏဆွေသည် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် အင်းရွာနှင့်လက်ပံကုန်းရွာကြား အင်းတော်အင်းအတွင်းစီးဆင်းနေသော အင်းတော်ချောင်းနှင့်အင်းတော်ဆုံရာ ချောင်းဝအတွင်း လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ လက်ပံကုန်းကျေးရွာနေ မဆောင်းနှင်းအေးဖြစ်ကြောင်း သိရပြီး ခန္ဓာကိုယ်ပြင်ပတွင် ဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရသည်။ ၎င်းမှာ ဩဂုတ် ၆ ရက် ညနေ ၅ နာရီကျော်ခန့်က နေအိမ်မှ ထွက်ခွာသွားကာ အင်းတော်ချောင်းအတွင်း၌ ၎င်း၏သူငယ်ချင်းများနှင့်ရေချိုးသွားရာမှ ရေနစ်သေဆုံးကြောင်း သိရ၍ မဆောင်းနှင်းအေးသေဆုံးရခြင်းသည် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးသိရှိနိုင်ရန် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကမ်းရိုးတန်းသွားရေယာဉ်များတွင် ဆက်သွယ်ရေးစက်များတပ်ဆင် အသုံးပြုသင့်

**ကော့သောင်း ဩဂုတ် ၁၁**

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် ကမ်းရိုးတန်းသွားရေယာဉ်များတွင် ဆက်သွယ်ရေးစက်များ တပ်ဆင်အသုံးပြုကြရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါညွှန်ကြားချက်အရ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မြန်မာ့ကမ်းရိုးတန်းသွား ပုဂ္ဂလိကပိုင် ငါးဖမ်း၊ ငါးသယ်၊ ကုန်တင်၊ ဆီတင်၊ ခရီးသည်တင်ရေယာဉ်များတွင် VHF (RT)နှင့် MF/HF(RT)ဆက်သွယ်ရေးစက်များကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက် နောက်ဆုံးထားတပ်ဆင်အသုံးပြုကြရန်နှင့် တပ်ဆင်ထားခြင်းမရှိသည့် ရေယာဉ်များအား L.S.A Safety Equipment Certificate များအား သက်တမ်းတိုးမြှင့်ဆောင်ရွက်ပေးခြင်း ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညွှန်ကြားချက်ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ ရေယာဉ်များတွင် ဆက်သွယ်ရေး စက်တပ်ဆင်သုံးစွဲခြင်းသည် လှိုင်းလေထန်သည့် ပင်လယ်ပြင်အတွင်း လုပ်ကိုင်ရသည့်အတွက် ပင်လယ်အတွင်း ဘေးအန္တရာယ်ကြုံလာသည့်အချိန် အရေးပေါ်ဆက်သွယ်ပြောဆိုအကူအညီတောင်းရန် လွန်စွာအသုံးဝင်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ရေးစက် အသုံးပြုရသည့် လေ့အမျိုးအစားရှိသကဲ့သို့ မလိုအပ်၍ အသုံးမပြုသော လှေအမျိုးအစားများလည်း ရှိကြောင်း၊ ရေယာဉ်များ L.S.A Safety Equipment Certificate လိုင်စင်သက်တမ်းတိုးမည့် ရာသီနီးကပ်ချိန် ထုတ်ပြန်သည့် ညွှန်ကြားချက်ကြောင့် ရေယာဉ်လိုင်စင် သက်တမ်းတိုးသည့်လုပ်ငန်းကဏ္ဍတွင် မလိုလား အပ်သည့် ကြန့်ကြာမှုများမဖြစ်ပေါ်ရေး ဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးစေလိုသည့်ဆန္ဒရှိကြောင်း ကမ်းရိုးတန်းသွားရေယာဉ်လုပ်ငန်းလုပ်ကိုင်ကြသည့် လုပ်ငန်းရှင်တချို့ထံမှတစ်ဆင့် ကြားသိရသည်။

**ကျော်စိုး(ပြန်/ဆက်)**



# ရေဘေးကယ်ဆယ်ရေးစခန်းသို့ ထောက်ပံ့ပစ္စည်းများပေးအပ်



**မြန်အောင် ဩဂုတ် ၁၁**

မြန်အောင်မြို့နယ် ရွှေကျင်အထက ရေဘေးသင့်ကယ်ဆယ်ရေးစခန်းသို့ ဩဂုတ် ၉ ရက်က ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး လာရောက်၍ ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး နေထိုင်စားသောက်ရေး အဆင်ပြေမှု ရှိ မရှိ ကြည့်ရှု၍ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အထက ရွှေကျင်ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော မဲခင်ချောင်အုပ်စု နန်းတော်ကျွန်း ကျေးရွာမှ လေဆင်နှာမောင်းတိုက်ခတ်ခြင်းခံရသော အိမ်ထောင်စုဝင်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းကထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများကို တစ်ပါတည်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဧရာဝတီမြစ်လယ်ရှိ ရေကြီးနစ်မြုပ်နေသည့် ပဲတခွဲအုပ်စု လန်ဒါကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ပဲတခွဲအုပ်စုနှင့် မဲခင်ချောင်အုပ်စုတို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲ စသည့် စားနပ်ရိက္ခာများနှင့် ရေသန့်ဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဩဂုတ် ၁၀ ရက်က စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း (Myanmar Oil and Gas Services Society-MOGSS ) မှ ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ကူညီရန်အတွက် အလှူငွေကျပ် သိန်း ၁၅၀ နှင့် အမေရိကန်ဒေါ်လာ ၄၀၀ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် အလှူငွေများကို MOGSS အသင်းကိုယ်စား ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများက ရေဘေးသင့်ဒေသရှိပြည်သူများသို့ အလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ တိုက်ရိုက်လှူဒါန်းလျက်ရှိပြီး ယနေ့အထိ စွမ်းအင်ဝန်ကြီးဌာနနှင့် ကုမ္ပဏီအသင်းအဖွဲ့ ၃၉ ခုမှ ယခုလှူဒါန်းမှုအပါအဝင် စုစုပေါင်း မြန်မာငွေကျပ် ၃၈၅၃၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၄၀၀ လှူဒါန်းခဲ့ပြီးဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရေကြီးရေလျှံစဉ် ကာလအတွင်း ဌာနပိုင် ရေယာဉ်များဖြင့် ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းကျေးရွာ၊ မြင်းခြံစုကျေးရွာ၊ ပေါက်ကုန်းရွာနှင့် ရေနံချောင်းမြို့နယ် သမ္ဘာတင်ကျေးရွာ၊ မိန်းမလှကျွန်း၊ မာန်ပြေကျွန်းတို့မှ လူဦးရေ ၂၄၆ ဦး၊ ကျွဲနွားကောင်ရေ ၄၈၆ ကောင်နှင့် ဝက်တစ်ကောင်တို့ကို ရေဘေးကင်းလွတ်ရာ ရေနံချောင်းမြို့နယ် ညောင်လှဆိပ်ကမ်းနှင့် ညောင်ပင်သာရွာတို့သို့ ပို့ဆောင်ကယ်ဆယ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# ဟသ်ာတမြို့နယ်အတွင်း ရေကာတာများ ကွံ့ခိုင်မှုစစ်ဆေး

**ဟသ်ာတ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် စစ်ကုန်းတိုက်နယ်အတွင်းရှိ ရေဘေးသင့်ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့လှူဒါန်းပွဲနှင့် တာတမံများကြံ့ခိုင်မှုများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ ဩဂုတ်ပထမပတ်က စစ်ကုန်းအုပ်စု စစ်ကုန်းအလကကျောင်းနှင့် ဝိဇ္ဇာလင်္ကာရကျောင်းတို့တွင် ရေဘေးသင့်ပြောင်းရွှေ့အိမ်ထောင်စုများကိုတွေ့ဆုံ၍ အားပေးစကားများပြောကြားခဲ့ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းခဲ့သည်ဟု သိရသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီ-ဟသ်ာတတာနှင့် ဇလွန်မြို့နယ် ဝါသလတာများအား တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူတို့က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍တာများကို ကန်သင်းဆင့်ခြင်း၊ သဲအိတ်ဖို့ခြင်း၊ ရေခွေများခွေခြင်း လုပ်ငန်းများလုပ်ကိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

## သတင်းတိုများ

# အခြေခံပညာမူလတန်း(လွန်) ကျောင်းဖွင့်

အခြေခံပညာမူလတန်း(လွန်)ကျောင်းဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပွဲဆည်အုပ်စု ပွဲဆည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၉ ရက်က ကျင်းပကြောင်း သိရသည်။

ယင်းပွဲဆည်ရွာတွင် ယခင်က အခြေခံပညာအလယ်တန်းအဆင့် ပညာရေးကို ရွာနှင့်သုံးမိုင်ခန့်ဝေးသော မြို့လှအထကသို့ သွားရောက်ပညာသင်ကြားရသည်ဖြစ်ပြီး ကျောင်းသွားရာလမ်းတွင် ချောင်းနှစ်ချောင်းဖြတ်ကာ သွားရသောကြောင့် မိုးတွင်းကာလတွင် ကျောင်းသား မိဘများ စိုးရိမ်ပူပင်ခဲ့ရသည်။ ယခုအခါ မိမိတို့ရပ်ကွက်တွင် အခြေခံပညာအလယ်တန်းဆင့် ပညာရေးကို သင်ကြားနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်ကြကြောင်း သိရသည်။

**အတ်ကလေး (ရမည်းသင်း)**

# အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်း

ဒေသခံတိုင်းရင်းသူလေးများ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေးဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းပညာသင်တန်းကျောင်း၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၂၃/၁၅) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၄/၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်လပထမပတ်က ဒေါ့ဖုန်းယန်မြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးမောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အမှာစကားပြောကြားပြီး အဆင့်မြင့်စက်ချုပ်သင်တန်းထူးချွန်ဆုကို အမှတ်(၁)နည်းဗျူဟာကွပ်ကဲမှုအဖွဲ့မှ နည်းဗျူဟာမှူး ဗိုလ်မှူးကြီး မိုးမင်းသိန်းနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဘုတ်ဆည်အတွင်း သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တီလုံကျေးရွာရေဘုတ်ဆည်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ PARMI GROUP OF ENERGY COMPANIES နှင့် သစ်တောဦးစီးဌာနတို့မှ ပူးပေါင်း၍ ရေဘုတ်ဆည်ရေဝေရေလဲနှင့် သဘာဝပတ်ဝန်းကျင်အထောက်အကူပြုသစ်ပင်စိုက်ပွဲကို ဩဂုတ် ၉ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါရမီမှဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး ဒေသခံပြည်သူ ၆၀၀ ခန့် တက်ရောက်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သီးပွံနည်းကျပေါင်းဖြင့် ပျိုးထောင်ခြင်း သရုပ်ပြ

၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးသီးပွံနည်းကျပေါင်းဖြင့် ပျိုးထောင်ခြင်း တောင်သူ နည်းပညာပေးသရုပ်ပြသခြင်းကို ကြာအင်းဆိပ်ကြီးမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု ကမော့ဝမ်းကျေးရွာ၌ ဩဂုတ် ၉ ရက်က တောင်သူ ဦးရင်ကြည် ကွင်းအမှတ် (၅၂၂/က) ဦးပိုင်အမှတ်-၄ ၌ ကျင်းပသည်။

ယင်းသရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်လွင်က သီးပွံနည်းကျပေါင်းဖြင့် ပျိုးထောင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူ ၁၅၀ အား သီးပွံနည်းကျပေါင်းဖြင့် ပျိုးထောင်ခြင်းကို လက်တွေ့သရုပ်ပြနည်းပညာပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

# အမ်းမြို့နယ် ရေဘေးသင့်ကျေးရွာများအတွင်း ရွှံ့နွံများသန့်ရှင်းရေးဆောင်ရွက်ပေး

**အမ်း ဩဂုတ် ၁၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း ဇူလိုင်လကုန်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပွားရာ ဒါးလက်ကျေးရွာအုပ်စုနှင့် ကဇုကိုင်းကျေးရွာအုပ်စုကျေးရွာများအတွင်း ဒါးလက်ချောင်းရေကျဆင်းပြီး အခြေအနေတည်ငြိမ်နေပြီဖြစ်သဖြင့် ရေဘေးသင့်ကျေးရွာများအတွင်း ရွှံ့မြေများနှစ်ပေခွဲခန့် တင်ကျန်လျက်ရှိသဖြင့် သွားလာရေး ခက်ခဲလျက်ရှိသည်။ အဆိုပါ တင်ကျန်နေသော ရွှံ့မြေများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ခြင်းကို အမ်းမြို့နယ်အုပ်ချုပ်ရေးမှူးက ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဝန်ထမ်းများက ကျေးရွာချင်းဆက်လမ်းကြောင်းတစ်လျှောက် မြေတူးစက်ဖြင့် လမ်းကြောရှင်းလင်းပေးခြင်း၊ ကျေးရွာအတွင်း ရွှံ့မြေများကို ဖယ်ရှားရှင်းလင်းခြင်းကို နှစ်ရက်ကြာ စုပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာပြည်သူများသွားလာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အမ်းမြို့နယ်အတွင်း ဒါးလက်ချောင်းရေ မြင့်တက်ကာ ချောင်းရေ တိုက်စားမှုကြောင့် ဒါးလက်ချောင်းတံတားမှာ အလယ်တိုင်တစ်ခုပြိုပျက်ပြီး တံတားကိုယ်ထည်သံပေါင်မှာ ကွေ့ကောက်သွားသဖြင့် ကြံ့ခိုင်မှုအားနည်းချက်ကြောင့် ယာယီပိတ်ထားဆဲဖြစ်သည်။

အဆိုပါတံတားမှာ ရန်ကုန်-စစ်တွေကားလမ်းမကြီးပေါ် တည်ရှိသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးစီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ ဩဂုတ် ၆ ရက်က ဖက်ရေယာဉ်နှစ်စီးဖြင့် ကုန်တင်ကားများ၊ ခရီးသွားအမြန်ယာဉ်များ ပုံမှန်ပြေးဆွဲသွားလာနေပြီ ဖြစ်ကြောင်း သိရသည်။

**သန်းမောင်(အမ်း)**

# ကံမမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ကံမ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်ခြင်းခံရသော မြို့ပေါ် ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား အနယ်နယ် အရပ်ရပ်မှ စေတနာရှင်အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိသည်။ ဩဂုတ် ၁၀ ရက်က MRTV-4 နွေးထွေးသောကမ်းလက်များအဖွဲ့နှင့် မြို့နယ်မှအလှူရှင်များက ငွေကျပ် ၁၈၄ သိန်းဖိုးရှိ ဆန်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို လှူဒါန်းခဲ့သည်။



ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကြာဖြူပွင့် ပရဟိတလူငယ်အသင်းမှလည်း ငွေကျပ် ၁၀၅ သိန်းဖိုးရှိဆန်အိတ်၁၀၀၊ ငါးသေတ္တာ ၂၅၀၀၊ ခေါက်ဆွဲခြောက်များ၊ ရေသန့်ဘူးများနှင့် အဝတ်အထည်များအစရှိသည့် လိုအပ်သောအသုံးအဆောင်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများလက်ဝယ်အရောက် ကူညီထောက်ပံ့ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်ပြီးစီး

**ကန့်ဘလူ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇူလိုင်လလယ်နောက်ပိုင်း မိုးများသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် လမ်းတံတားများ ရေတိုက်စားခဲ့၍ ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် ကန့်ဘလူမြို့နယ် လမ်းဦးစီးဌာနက ယင်းပျက်စီးသွားသော လမ်းတံတားများကို ဒေသခံပြည်သူများ လွယ်ကူစွာ သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ရွှေဘို-မြစ်ကြီးနား ကားလမ်း၊ စံပါယ်နံ့သာ- ကန့်ဘလူ- ကျွန်းလှလမ်း၊ မလယ်- ယမနေ -ဇီးကုန်း- ကာဘိုးလမ်းတို့တွင် တံတားနှစ်စင်း ရေကျော်တိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့မှုနှင့် တံတား ၁၀ စင်း၏ ချဉ်းကပ်မြေသား၊ တာပေါင်များ ရေတိုက်စားပျက်စီးခဲ့၍ ၎င်းတို့ကို ပြုပြင်ဆောင်ရွက် ပြီးစီးကြောင်း မြို့နယ်လမ်းဦးစီးဌာန AE ဦးရဲထွန်းအောင်ထံမှ သိရသည်။

ထို့ပြင် မိုးအဆက်မပြတ် ရွာသွန်းရက်များအတွင်း ယာဉ်များသွားလာမှုများပြားသော ရွှေဘို-မြစ်ကြီးနားကားလမ်းတွင် ယာဉ်များတိမ်းရှောင်ရာမှ လမ်းပခုံးမြေသားနိမ့်ကျွံနေသော ဇင်းရွာနှင့်ပန်းကုန်းသာအပိုင်းများတွင်လည်း အမာခံလမ်းပခုံးသားများ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေဘေးသင့်ဒေသများသို့ အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပို့ဆောင်လှူဒါန်း

**ရေတာရှည် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့နေ ပရဟိတအလှူရှင်များက ရေဘေးဒုက္ခခံစားရသည့်ပြည်သူများကို ဩဂုတ် ၁၀ ရက်က စေတနာရှင်များ လှူဒါန်းသည့် အလှူငွေနှင့် စား သောက်ကုန်ပစ္စည်း ငွေကျပ် ၁၀၀ ကျော်ကို ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်သို့ လှူဒါန်းရန် သွားရောက်ခဲ့ကြောင်း သိရသည်။

ယခုဩဂုတ်လအတွင်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သို့ ဆွာမြို့မပရဟိတအဖွဲ့က ဆန်နှင့် စားသောက်ကုန်ပစ္စည်း မျိုးစုံငွေကျပ် ၄၅ သိန်း ကျော်ကို လည်းကောင်း၊ ရေတာရှည် မြို့မပရဟိတအဖွဲ့မှ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်များသို့ အလှူငွေကျပ်သိန်း ၇၀ နှင့် ဆန်အိတ်၊ အဝတ်အထည်၊ စားသောက်ကုန်မျိုးစုံလိုက် ထရပ်ယာဉ် ၁၀ စီးဖြင့် ဩဂုတ် ၁၀ ရက်အထိ သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**




# နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာမြတ်မုနိရုပ်ရှင်တော်ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်း အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာနာယကဆရာတော်ဘဒ္ဒန္တသာသနာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည်ကျေးရွာ ခမည်းတော် ဦးညဏ်- မယ်တော် ဒေါ်ဖီတို့မှ ၁၂၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ၁၂၉၅ ခုနှစ်တွင် စစ်ကိုင်းမြို့နယ် ကျောက်ဆည်ကျေးရွာ၊ ရွာရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိပြီး ၁၃၀၄ ခုနှစ် ပြာသိုလဆန်း ၁၁ ရက်၊ စစ်ကိုင်းမြို့နယ်၊ ကျောင်းသစ်ကျောင်း ခဏ္ဍသိမ်၌ စစ်ကိုင်းတောင်ရိုးရတနာဘုံစံကျောင်းတည် တတိယမြတောင်ဆရာတော် ဘဒ္ဒန္တဝိစာရာဘိဝံသကိုဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းမြို့၊ ကျောက်ဆည်ကျေးရွာ ကျောင်းသစ်ကျောင်းဆရာတော်၊ မြတောင်ကျောင်းတိုက်ဆရာတော်ကြီးနှင့် နာယကဆရာတော်များ၊ စစ်ကိုင်းမြို့ မြတောင်ချောင် ဆရာတော်ကြီးနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက်၊ ရွှေရေးဆောင်ကျောင်းတိုက်၊ ဆီးဘန်နီကျောင်းတိုက်၊ မြင်းဝန်မင်းကြီးကျောင်းတိုက်ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို ဆည်းပူးသင်ယူခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် စာသင်သားများအား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့ခြင်း၊ ကစ္စာယနသာရပကာသနီ၊ သဒ္ဒတ္ထဘေဒစိန္တာပကာသနီကျမ်းများကို ရေးသားပြုစုခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ကျောက်စာမူနှင့်တိုက်ဆိုင်ခြင်း၊ မူလဝိသောဓက၊ ပဋိဝိသောဓက၊ ပါဠိတော်အဋ္ဌကထာဋီကာ နောက်ဆုံးပြင်ဆင်တည်းဖြတ်ခြင်း ဩသာနသော ဓေယျပတ္တပါဠကအဖြစ် ဆဋ္ဌသင်္ဂီထိကာရကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ ၁၉၈၀ ပြည့် ပထမအကြိမ် သံဃာ့သမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ တိုင်းဒေသကြီး /မြို့နယ် သံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်မှစ၍ ပဉ္စမအကြိမ်ထိ မန္တလေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မဟာမြတ်မုနိရုပ်ရှင်တော်ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း၊ မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်း၊ ချမ်းသာကြီးဆန်လှူအသင်း၊ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ဆဋ္ဌမအကြိမ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း၊ သာသနာပြုတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဝုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယဂုဏ် ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၃၅၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ၊ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၆၀ ပြည့်နှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၆၅ (၂၀၀၄ ခုနှစ်)တွင် အဘိဓဇမဟာရဋ္ဌ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၆၉ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါအရ ၁၃၇၇ ခုနှစ် ဒုတိယဝါဆို လပြည့်ကျော် ၆ ရက် (၆-၈-၂၀၁၅) ကြာသပတေးနေ့ ၈ နာရီ မိနစ် ၂၀တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# ရေဘေးသင့်ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ချောက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်လာ၍ ရပ်ကွက်၊ ကျေးရွာများသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ပြီး ရပ်ကွက်နှင့်ကျေးရွာနေပြည်သူများသည် ယာယီစခန်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ရေဘေးသင့်ပြည်သူများနေထိုင်ရာ ယာယီစခန်းများသို့ ချောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဘေးသင့်အခြေခံပညာကျောင်းများသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်းလုံး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသော သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ စာသင်ကျောင်းပေါင်း ၃၀၆၂ ကျောင်းကို ယာယီကျောင်းပိတ်ခဲ့ရပါသည်။ ဩဂုတ် ၈ ရက်အထိ စာသင်ကျောင်း ၅၆၉ ကျောင်းကိုသာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၄၉၃ ကျောင်းကို ဆက်လက်ပိတ်ထားရဆဲဖြစ်ပါသည်။ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခဲ့ရ၍ ပိတ်ထားခဲ့ရသည့်ကျောင်း ၆၆ ကျောင်းရှိပါသည်။ ကျောင်းများ၊ ကျောင်းနံရံအုတ်တံတိုင်းများ ပြိုကျပျက်စီးခြင်း၊ ကျောင်းသုံး ပရိဘောဂများ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကျောင်းအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း၊
(၂) ပျက်စီးသွားသော အဆောက်အအုံများအား ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊
(၃) ရေနှင့်မိလ္လာစနစ်ပြုပြင်ထိန်းသိမ်းခြင်း၊
(၄) ရေကောင်းရေသန့်ရရှိရေး၊ ရေတွင်းတူးခြင်းနှင့် ရေသန့်စနစ်တည်ဆောက်ခြင်း၊
(၅) ကျောင်းသုံးပရိဘောဂများဖြည့်တင်းခြင်း၊
(၆) ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း၊
(၇) ကျောင်းသားကျောင်းသူများအား အာဟာရဖြည့်တင်းကျွေးမွေးခြင်း၊

သို့ဖြစ်ပါ၍ အထက်ပါလုပ်ငန်းများအတွက် ပစ္စည်းများ၊ အလှူငွေများကို စေတနာရှင်၊ အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက -

(၁) ညွှန်ကြားရေးမှူး(စီမံ) အခြေခံပညာဦးစီးဌာန(ရုံးချုပ်) ၀၉-၅၄၀၆၀၃၃/ ရုံးဖုန်း-၀၆၇-၄၀၇၃၈၉
(၂) ညွှန်ကြားရေးမှူး(ပညာ) အခြေခံပညာဦးစီးဌာန (ရုံးချုပ်) ၀၉-၅၆၆၁၁၄၈/ ရုံးဖုန်း-၀၆၇-၄၀၇၆၉
(၃) ကချင်ပြည်နယ် ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၂၅၀၀၅၃၈၆/ ရုံးဖုန်း-၀၇၄၂၂၄၅၆
(၄) ကယားပြည်နယ် ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၂၅၆၁၄၀၆၁၉/ ရုံးဖုန်း-၀၈၃-၂၁၀၂၉
(၅) ကရင်ပြည်နယ် ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၉၅၈၃၉၂၁ ရုံးဖုန်း-၀၅၈-၂၁၁၃၃
(၆) ချင်းပြည်နယ် ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၂၀၂၃၅၉၁/ ရုံးဖုန်း-၀၇၀-၂၁၀၄၁
(၇) စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၀၂၆၈၂၁၁၃/ ရုံးဖုန်း-၀၇၁၂၂၉၈၉
(၈) တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၈၇၆၁၈၂၄/ ရုံးဖုန်း-၀၅၉-၂၃၅၅၁
(၉) ပဲခူး(အရှေ့)တိုင်းဒေသကြီး ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၅၈၀၂၅၂၄၇/ ရုံးဖုန်း-၀၅၂-၂၁၁၉၁
(၁၀) ပဲခူး(အနောက်)တိုင်းဒေသကြီး ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၂၃၆၆၅၀၃၀/ ရုံးဖုန်း-၀၅၃-၂၅၇၈၁
(၁၁) မကွေးတိုင်းဒေသကြီး ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၂၅၆၂၆၆၇၁၄/ ရုံးဖုန်း-၀၆၃-၂၅၀၅၆
(၁၂) မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၂၀၀၃၂၃၆/ ရုံးဖုန်း-၀၂-၃၉၁၇၀
(၁၃) မွန်ပြည်နယ် ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၅၃၂၂၈၆၀/ ရုံးဖုန်း-၀၅၇-၂၂၉၁၀
(၁၄) ရခိုင်ပြည်နယ် ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၈၅၂၄၂၂၀/ ရုံးဖုန်း-၀၄၃-၂၁၀၅၆
(၁၅) ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၅၅၀၀၆၃၈/ ရုံးဖုန်း-၀၁-၂၁၂၉၆၉
(၁၆) ရှမ်း(တောင်)ပြည်နယ် ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၅၂၁၃၅၅၅/ ရုံးဖုန်း-၀၈၁-၂၁၂၁၀၂
(၁၇) ရှမ်း(မြောက်)ပြည်နယ် ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၃၀၁၅၀၉၆/ ရုံးဖုန်း-၀၈၂-၂၃၆၈၀
(၁၈) ရှမ်း(ရှေ့)ပြည်နယ် ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၀၂၅၇၁၅၉၆ / ရုံးဖုန်း-၀၈၄-၂၁၄၁၁
(၁၉) ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၈၅၃၂၂၉၆/ ရုံးဖုန်း-၀၄၂-၂၅၁၁၉
(၂၀) နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၀၂၅၁၃၅၄၉/ ရုံးဖုန်း-၀၆၇-၂၅၅၆၃

တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။ (လုပ်ငန်းတစ်ခုချင်းအလိုက် ကုန်ကျငွေစာရင်းများကို ဆက်လက်ထည့်သွင်းဖော်ပြသွားပါမည်။)

**(ပညာရေးဝန်ကြီးဌာန)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူခံဆောင်ရွက်

**မူဆယ် ဩဂုတ် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တောင်ပေါ်ဒေသ မူဆယ်မြို့နယ် မိုင်းယု(၁၀၅) မိုင် ကျေးရွာ ပါရမီလူမှုကူညီရေးအသင်းမှ ပဓာနနာယက ဘဒ္ဒန္တကေသရ အရှင်သူမြတ်နှင့် အသင်းဥက္ကဋ္ဌ ဦးကျော်သန်းတို့က ဦးဆောင်၍ ပါရမီလူမှုကူညီရေးအသင်းသူ အသင်းသားများသည် သဘာဝဘေးအန္တရာယ် ရေဘေးသင့်ပြည်သူများအတွက် အမှန်တကယ်လိုအပ်ပြီး ဒုက္ခရောက်နေသော ပြည်သူများကို လှူဒါန်းပေးရန် ဩဂုတ်ပထမပတ်မှစတင်၍ အလှူခံဌာနကို ကုန်သွယ်ရေးဇုန်ကားကွင်းရှေ့၌ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အလှူခံဌာနသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်နီးရပ်ဝေးမှစေတနာရှင်များ၊ ဒေသခံပြည်သူများက သဒ္ဓါတရားထက်သန်စွာဖြင့် နေ့စဉ်လာရောက် လှူဒါန်းလျက်ရှိရာ ရေဘေးသင့်ပြည်သူများကို ပရဟိတစိတ်ဓာတ်ဖြင့် လူသားချင်းစာနာထောက်ထား၍ လူမှုရေးအသင်းအနေနဲ့ ပထမဆုံးအကြိမ် ကလေးမြို့သို့ မိမိတို့ကိုယ်တိုင်သွားရောက် လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **သန့်ဇင်**



## ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**သာပေါင်း ဩဂုတ် ၁၁**

သာပေါင်းမြို့ အထက ခန်းမဆောင်၌ ကျင်းပသော ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက်က သာပေါင်း အထကကျောင်းသားကျောင်းသူလေးများ၏ We are the world သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေဖွင့်လှစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူထက်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကြီးကြပ်ရေးမှူး ဦးစိုးမြင့်က ကျောင်းပြင်ပ မူလတန်းပညာရေးအကြောင်းရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းတင်က သင်တန်းကိစ္စ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ထွေ/အုပ်ဒုတိယဦးစီးမှူးက အခြေစိုက်စခန်းကြီးကြပ်ရေးမှူး ကော်မတီဥက္ကဋ္ဌများကို တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့သည်။ တိုင်းဒေသကြီး ကြီးကြပ်ရေးမှူးဆရာကြီး ဦးရဲဖေက ကျောင်းပြင်ပ မူလတန်းပညာရေး သင်တန်းလုပ်ငန်းများ မှာကြားပြီး စွမ်းဆောင်ရည်အကောင်းဆုံးဆုများ ချီးမြှင့်ခြင်း၊ ထူးချွန်သော သင်တန်း သား/သင်တန်းသူများနှင့် အလယ်တန်းဆင့် ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ခြင်းနှင့် NFPE ကလေးများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

**မျိုးဇော်ဦး(ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေဂီတပွဲတော် မန္တလေး၌ ကျင်းပမည်

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးမှဦးဆောင်၍ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေဂီတပွဲတော် ဖျော်ဖြေပွဲကို ဩဂုတ် ၂၃ ရက်ညနေ ၆ နာရီမှ ၁၀ နာရီအထိ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေဂီတပွဲတော်တွင် ရုပ်ရှင်၊ ဂီတနယ်ပယ်များမှ အနုပညာရှင်များ ပူးပေါင်းပါဝင်ကာ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ရာ ဂီတပွဲတော် ဖျော်ဖြေပွဲလက်မှတ်များကို ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၂၀၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀ တို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးနှင့် မင်္ဂလာမန္တလေးတို့၌ ဝယ်ယူလှူဒါန်းအားပေးနိုင်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေဂီတပွဲတော် ဖျော်ဖြေပွဲမှရရှိသည့် ရန်ပုံငွေများကို ရေဘေးသင့်ပြည်သူများ ရေကျသွားပြီးချိန်၌ မူလအခြေအနေ ရောက်ရှိရန် ပြန်လည်ထူထောင်ပေးရန် အများစုပေါင်းဆန္ဒနဲ့ လှူဒါန်းဆောင်ရွက်မည်ဖြစ်ကြောင်း ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက Cycle City ၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲ၌ တိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌ ဒေါက်တာလှခိုင်က ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**


ဗိုက်ခြောလစ်/လေဖိအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးကုဏ္ဍသိုလ်အနီး
09 420035 882, 09 73199 410
09 420035 884, 09 73199 257

ကောင်းမှုပြည့်စုံ စိတ်ညစ်ပယ်ချိုး စိတ်မဆိုး ရောက်ရှိနိုင်ဖို့ရှာ
သဘောရှက် နှင့်
နှင်းဆီစက်
☎01-8500355 တောင်ဥက္ကလာမြင်သာဈေးအနီး

USA Emigration Free Seminar
14.8.2015 (Friday) 2:00 PM
No. 1 Emigration Company
Get USA Green Card within 1 to 2.5 Years
USA တွင် အလုပ်ဖြင့် အခြေချခြင်း (EB-3)
USA တွင် ရင်းနှီးမြှုပ်နှံ အခြေချခြင်း (EB-5)
Next Seminars
21st Aug 2015
28th Aug 2015
Register to : 09 261 110 552, 09 263 733 708
အပတ်စဉ် Seminar များကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် Seminar ပြုလုပ်မည့်အချိန်များကို www.facebook.com/misamomm တွင်ဝင်ရောက်ကြည့်ရှု၍ Register ပြုလုပ်ကာ တက်ရောက်ဆွေးနွေးနိုင်ပါသည်။
MORE THAN 30,000 PEOPLE HAVE GOT USA Green Card
misamo Misamo Emigration Corp
World Wide Company (Misamo Website Since 2003)
Room (1004), 10th Floor, Diamond Condo Tower (A), Kamayut Township, Yangon.
E-mail : misamo@misamomm.com Website : www.misamomm.com, www.facebook.com/misamomm

FAME Biogurt®
Probiotic supplement
ဒိန်ချဉ်ဆေး
TMR 011383 (0615)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Vomigin®
Natural antiemetic tablet
ချင်းသောက်ဆေး
TMR 009058 (0714)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှုစွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆထက(စာနယ်ဇင်း) ၀၁၇/၀၃၁၅
ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၉၉၄

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌**
**၂၀၁၂ ခုနှစ် ဇာရီမှုအမှတ်-၉၄**

ဦးသိန်းလွင် **နှင့်**
၁။ ဒေါ်သန်းသန်းအေး
၂။ မချိုမာ
၃။ မစန္ဒာကျော်
၄။ ဦးတင်ဝင်း
၅။ ဦးဝင်းနိုင်
၆။ ဦးညီညီနိုင်
၇။ ဦးမျိုးမင်းအောင်

**တရားနိုင်** **တရားရှုံးများ**

၂၀၁၁ခုနှစ် တရားမမှုအမှတ် ၁၀၉၁ တွင် စရိတ်များအပါအဝင်ငွေ ၇၆၄၂၃၀၈၄/- အတွက် ဒီကရီအတည်ဇာရီပြုရာ စာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၅ခုနှစ် စက်တင်ဘာ ၁ရက်(မြန်မာသက္ကရာဇ် ၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အချင်းဖြစ်ပစ္စည်းတည်ရှိရာအရပ်မှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့လေလံတင်ရောင်း၍ ၄င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါတရားရှုံး၏ ပစ္စည်းကိုရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၄င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန်ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကိုလက်ခံမည်မဟုတ်သည်သာမက ၄င်းတို့သို့ တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍အတည့်အလင်းမရရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ရောင်းချရန် နောက်ထပ်စည်းကမ်းအချက်များမှာ အောက်၌ဖော်ပြထားသည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ မြေကွက်အမှတ်(၄၈၆)၊ အလျားပေ၄၀×အနံ ပေ၆၀၊ ဧရိယာ စတုရန်းပေ ၂၄၀၀၊ သုမာလာ ၈လမ်း၊ (၂)ရပ်ကွက်တွင်ရှိသော ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။ **ကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀၀။**

**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မစကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

**တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်၍ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၄င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၄င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၄င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည်ပြင်၊အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၄င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကိုရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၄င်း၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၄င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင်၊အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၄င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာတင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်R/160 Nissan condo CM 87 FW,Truck with Crane (4×2)ယာဉ်လက်ဝယ်ရှိသူ ဦးကရပ္ပယား၁၂/မဂတ(နိုင်)၀၈၀၂၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ရန်ကုန်မြို့**

---

**ဖခင် အမည်မှန်**

ပျော်ဘွယ်မြို့နယ်၊ ပေပင်ရှည်အုပ်စု၊ရွာသစ်(တ)ကျေးရွာနေ မပန်းအိခိုင်၊ မောင်မင်းထက်အောင်၊ မစန်းအိခိုင် တို့၏ ဖခင်အမည်မှန်မှာ ဦးရွှေဆိုင်း ၉/ပဘန(နိုင်) ၀၆၆၂၃၂ဖြစ်ပါကြောင်း။ **ဦးရွှေဆိုင်း ၉/ပဘန(နိုင်)၀၆၆၂၃၂**

---

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်စုစုဝင်း**
**B.Sc.(Hon s:) (Botany)**
**အသက်(၅၄)နှစ်**

၂-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၁၉ နေ ဒေါ်စုစုဝင်း၏နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသူငယ်ချင်းများ၊ သုခကမ္ဘာဆေးရုံမှ တာဝန်ကျ ဆရာဝန်၊ ဆရာမများ၊ ကျော်သူ အခမဲ့နာရေးကူညီမှုအသင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၁)
## တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၄) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပူတာအိုခရိုင်နှင့် မိုးညှင်းခရိုင်အတွင်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သဲကျောက် ၆"~၉" ကျောက်လုံးကြီးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာစတင်ယူနိုင်သည့်ရက်** | - | ၁၃-၈-၂၀၁၅ ရက် |
| **တင်ဒါတင်သွင်းရမည့်ရက်၊** | - | ၂၇-၈-၂၀၁၅ ရက် |
| **အချိန်** | | နံနက် ၁၀း၀၀နာရီ |
| **တင်ဒါဖွင့်မည့်ရက်၊** | - | ၂၇-၈-၂၀၁၅ ရက် |
| **အချိန်** | | နံနက် ၁၁း၀၀နာရီ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့ |

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁)**
ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၇၃၁၃၀၇၃၁၊ ၀၉-၂၅၃၇၈၈၂၀၀

---

## ဦးတင်မောင်အေးနှင့် အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ အမှတ်(FF-၁၆၄/၁၆၉)နေ ဒေါ်သောင်းသောင်းဦး (ဘ)ဦးညွှန့်ဝေ ၇/ညလပ(နိုင်) ၀၈၄၄၉၈ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သောင်းသောင်းဦးနှင့်မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ အမှတ်(FF-၁၆၄/၁၆၉)နေ ဦးတင်မောင်အေး (ဘ) ဦးထွန်းအေး ၇/ညလပ(နိုင်)၀၁၄၇၇၃တို့သည် ၁၉၈၅ ခုနှစ်က အတူပေါင်းသင်းနေထိုင်ခဲ့ကြရာ သား/သမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်လာခဲ့ရာ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်ကြသဖြင့် ဆက်လက်ပေါင်းသင်းနေထိုင်ရန်ဆန္ဒမရှိတော့သောကြောင့် ၂၄-၇-၂၀၁၅ ရက်တွင် ပြင်ဦးလွင်မြို့နယ် တရားရုံးတော်၌ နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲသည့် ကတိစာချုပ်အမှတ်(၆၄၁/၂၀၁၅)ဖြင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ အဆိုပါသားသမီးနှစ်ဦးကိုလည်း မိခင်ဖြစ်သူ ဒေါ်သောင်းသောင်းဦးမှ ရာသက်ပန် ထိန်းသိမ်းစောင့်ရှောက်သွားရန် နှစ်ဦးစလုံး သဘောတူလက်ခံပြီးဖြစ်ပါသည်။ လင်မယားနှစ်ဦးပိုင်ပစ္စည်းနှင့်ပတ်သက်၍လည်း တရားရုံးတွင် မကွာရှင်းမီကတည်းက နှစ်ဦးသဘောတူ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ဦးတင်မောင်အေးအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သောင်းသောင်းဦး၏ လူမှုရေး၊ စီးပွားရေးနှင့် လွတ်လပ်ခွင့် တစ်စုံတစ်ရာကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း လုံးဝမပြုလုပ်ရန်နှင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊လူမှုရေး ကိစ္စအဝဝတို့တွင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ မည်သည့်အကြောင်းအရာနှင့်မျှ ပတ်သက်ဆက်နွယ်ခြင်း လုံးဝမရှိတော့ပါကြောင်း ဦးတင်မောင်အေးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်သောင်းသောင်းဦး**
**၇/ညလပ(နိုင်)၀၈၄၄၉၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းဇာခြည်လှိုင်LL.B**
**DL.101(WIPO)(Switzerland)(GENEVA)**
**တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဖြူနှင်းသန့် LL.B**
**DL.101(WIPO)(Switzerland)(GENEVA)**
**အထက်တန်းရှေ့နေ**
**ဒေါ်ခင်သူဇာဦး LL.B**
**အထက်တန်းရှေ့နေ**

---

**ဖခင် အမည်မှန်**

တောင်ငူမြို့၊ ၁၃/၁၈၆ ဦးမှန်းလမ်းနေ မနှင်းနှင်းဝေ၊ မောင်မင်းမင်းတင့်၊ အထက(၂) နဝမတန်း(င)မှ မခိုင်မာဆန်းတို့၏ ဖခင်အမည်မှန် ဦးအောင်ဆန်းဝင်းဇော် ၇/တငန(နိုင်)၀၅၅၄၈၃ ဖြစ်ပါသည်။
**ဦးအောင်ဆန်းဝင်းဇော် ၇/တငန(နိုင်)၀၅၅၄၈၃**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/9807 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

## ထားဝယ်အသင်း

**ဦးကျော်မြင့်(ထားဝယ်)**
**အသင်းဝင်အမှတ် (၃၁၆၁)**
**ထားဝယ်အသင်းနာယက**
**အသက်(၆၉)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တောင်သုံးလုံးကျေးရွာနေ (ဦးအောင်လှိုင်-ဒေါ်လှရွှေ)တို့၏သား၊ (ဦးကြီးအောင်-ဒေါ်အင်ကြူ) တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၂၅၁ နေ ဒေါ်ကြူကြူဝင်း၏ ခင်ပွန်းသည် ၁၀-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(အသင်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့၊ ထားဝယ်အသင်း**

---

## သွေးသည် အသက်

---

## သိပ္ပံကျော်ဦးကျော်မြင့်(ထားဝယ်)

**နာယက (ထားဝယ်အသင်း)**
**အသင်းဝင်အမှတ်-၃၁၆၁**
**ABM ကျောင်းသားဟောင်း**
**အသက် (၆၉)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တောင်သုံးလုံးကျေးရွာနေ (ဦးတိုးပွား-ဒေါ်သံပြေ)တို့၏ မြေး၊ (ဦးအောင်လှိုင်-ဒေါ်လှရွှေ) တို့၏သား၊(ဦးကြီးအောင်-ဒေါ်အင်ကြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၂၅၁နေ ဒေါ်ကြူကြူဝင်း(သူနာပြုတက္ကသိုလ်၊ ဌာနမှူး၊ ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်စုစုကျော် (သိပ္ပံကျော်၊ မိတ္တူ)၊ ကိုရဲထွတ်ကျော်-မသန္တာအေး၊ (ကိုသီဟကျော်)တို့၏ ဖခင်ကြီး၊ မဝင်းသက်စုကျော် (Grade- 2B၊ အထက-၂၊ လသာ)၏ ဘိုးဘိုးကြီးသည် ၁၀-၈-၂၀၁၅ရက် နံနက် ၈နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းဆွေ**
**ပါမောက္ခချုပ် (ငြိမ်း)**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**အသက်(၇၀)**

ဦးသန်းဆွေ ပါမောက္ခချုပ်(ငြိမ်း)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်သည် ၉-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။ **ဒေါက်တာသန်းညွှန့်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**PD 1st Batch ကျောင်းသူ ကျောင်းသားဟောင်းများ**

---

## လွမ်းဆွတ်သတိရခြင်း

**ဗိုလ်မှူးကျော်ညွှန့် (ငြိမ်း) O.T.S (40)**
**(၁၂-၈-၂၀၀၉)မှ (၁၂-၈-၂၀၁၅) ၆ နှစ်ပြည့်**
**ဗိုလ်ကြီးအောင်ကျော်ဦး တေဇ (၂၁)**
**(၆-၂-၂၀၀၀)မှ (၆-၂-၂၀၁၅) ၁၅ နှစ် ၆ လပြည့်**

ဘဝတစ်ကွေ့မှာ ခဏတွေ့ရပြီး အစောဆုံးထွက်ခွာသွားကြသော ခင်ပွန်းနှင့် သားကြီးအတွက် ရည်စူး၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ပေးလျက်ရှိပါတယ်။
မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ယူနိုင်ပါစေ-

| | | |
|---|---|---|
| **ချစ်ဇနီး** | - | **ဒေါ်ဟန်နွယ်မြင့်** |
| **သမီး** | - | **ဗိုလ်မှူးတင်အောင်ထွန်း (ငြိမ်း) ဒေါ်ပပကျော် (မန်နေဂျာ) မြန်မာ့စီးပွားရေးဘဏ်** |
| **သားငယ်** | - | **မောင်သူရကျော်-မဇင်ဝါဝါတင် (ခေတ္တ-စင်ကာပူ)** |
| **ချစ်မြေးများ** | - | **သားသားကြီး၊ မီးမီးလေး၊ သားသားလေး** |

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး**
**ဦးအေးဖေ**
**ကြည်း-၆၄၈၅၊ ဗိုလ်သင်တန်းအမှတ်စဉ်(၈)၊ သံအမတ်ကြီး(ငြိမ်း)**
**အသက် (၈၇)နှစ်**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ-ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်တို့၏အစ်ကို ဦးအေးဖေသည် ၉-၈-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အနုပညာဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**

---

## ဒေါ်ညွှန့်ညွှန့်ရီ(ခ)KITTY TIN

**ကထိက(ငြိမ်း)စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် ၁၂၀၄၊ ရွှေဟင်္သာတာဝါ(A)နေ (ဦးထွန်းတင်-ဒေါ်နှင်းမြ)တို့၏သမီး၊ ဦးစန်းမောင်(Bunny)၊ ဦးဝင်းဦး(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရေဖြူမြို့နယ်)-ဒေါ်ခိုင်စုဝင်း(JENNY WIN Oo)တို့၏မိခင်၊ အောင်ဆင့်ဦး၊ မေဝင်းဦး၊ ဒိုင်ယာနာဝင်းဦး၊ အဒ်ဒီဝင်းဦးတို့၏အဘွားသည် ၁၀-၈-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၁နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြင့်မြင့်ဦး(ခ)ဒေါ်ပေါက်စ

**(ဘောက်ထော်)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၄)လမ်း၊ တိုက် ၃၀၁/ခ (ပထမထပ်)နေ(ဦးရှင်း-ဒေါ်တင်ဥ)တို့၏သမီး၊ (ဦးဘအောင်-ဒေါ်တင့်)တို့၏ချွေးမ၊ (ဦးအုန်းလွင်)၏ဇနီး၊ (ဦးကိုကိုဦး)-ဒေါ်မြင့်မြင့်လွင်၊ ဦးကြည်လွင်(TMW Enterprise)-ဒေါ်သဥ္ဇာတင် (သီရိမဥ္ဇူအုပ်စု)၊ ဦးစန်းလွင်-ဒေါ်ချိုချိုသန်း(Shining Star)၊ ဦးမြင့်စိုး-ဒေါ်မျိုးမျိုးလွင်၊ ဦးကျော်မြင့်လွင်(Thai Air Ways)-ဒေါ်စိမ်းလဲ့ထွေး၊ ဦးအာကာအေးမြတ်စိုး-ဒေါ်နီနီလွင် (AUSTRALIA)၊ ဦးကျော်မင်းလွင်(UNWFP)တို့၏ မိခင်သည် ၁၀-၈-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၆း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တောင်ဥက္ကလာပနေအိမ်မှ မွန်းလွဲ ၁း၃၀နာရီနှင့် ဘောက်ထော်ဓမ္မာရုံမှ မွန်းလွဲ ၁း၁၅နာရီတွင် ကားများထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြင့်မြင့်ဦး(ခ)ဒေါ်ပေါက်စ

**(ဘောက်ထော်)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၄လမ်း၊ တိုက်(၃၀၁/ခ) (ပထမထပ်)နေ (ဦးရှင်း-ဒေါ်တင်ဥ)တို့၏သမီး၊ (ဦးဘအောင်-ဒေါ်တင့်)တို့၏ချွေးမ၊ (ဦးအုန်းလွင်)၏ဇနီး၊ မသက်နန္ဒာကို(WYTU B.Tech 2nd Year)၊ မသင်းအိန္ဒြာဖြိုး (MIG Co.,Ltd)၊ မောင်အောင်နေဇော်ကို၊ မအေးချမ်းပို၊Thomas Samuels၊ မောင်လင်းဆက်ဝေယံ၊Alexander Samuels ၊မသွန်းနေခြည်၊ မောင်လင်းမြင့်မိုရ်၊ ထက်၊ မခင်ပြည့်စုံတို့၏ ဘွားဘွားကြီးသည် ၁၀-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၆း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၅ရက်(ဗုဒ္ဓဟူး နေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(တောင်ဥက္ကလာပနေအိမ်မှ မွန်းလွဲ ၁း၃၀နာရီနှင့် ဘောက်ထော်ဓမ္မာရုံမှ ကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြင့်မြင့်ဦး(ခ)ဒေါ်ပေါက်စ

**(ဘောက်ထော်)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၄လမ်း၊ တိုက်(၃၀၁/ခ) (ပထမထပ်)နေ (ဦးရှင်း-ဒေါ်တင်ဥ)တို့၏သမီး၊ (ဦးဘအောင်-ဒေါ်တင့်)တို့၏ချွေးမ၊ (ဦးအုန်းလွင်)၏ဇနီး၊ ဦးမောင်မောင်မြင့်-ဒေါ်အေးအေးဆွေ၊ (ဦးတင်မောင်နိုင်)-ဒေါ်ဘေဘီမြိုင်၊ (ဦးမောင်မောင်ကြီး)-ဒေါ်ခင်သီတာသန်း၊ ဦးဘိုနီ-(ဒေါ်ငယ်)၊ ဦးခင်မောင်ကြည်-ဒေါ်ခင်ခင်ငြိမ်း၊ ဦးသိန်းဇံ၊ Mr. Kotani Seiki-ဒေါ်လှလှသန်းတို့၏ အစ်မကြီးသည် ၁၀-၈-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၆း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(တောင်ဥက္ကလာပနေအိမ်မှ မွန်းလွဲ ၁း၃၀နာရီနှင့် ဘောက်ထော်ဓမ္မာရုံမှ ကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများကို ပြည်ဝင်ဗီဇာ နှစ်ပတ်အကြာ အပြန်အလှန်ကင်းလွတ်ခွင့်ပြု



**ရန်ကုန် ဩဂုတ် ၁၁**

မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများကို ပြည်ဝင်ဗီဇာ နှစ်ပတ်အကြာ အပြန်အလှန်ကင်းလွတ်ခွင့်ပြုပေးနေပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (လေဆိပ်တာဝန်ခံအရာရှိ) ဦးမောင်မောင်က ပြောသည်။

"အခုလို နှစ်ပတ်ကြာ ဗီဇာကင်းလွတ်ခွင့်ပြုလိုက်တဲ့အတွက် လေ့လာရေးခရီးနဲ့ ဈေးဝယ်ထွက်မယ့်သူတွေအတွက် အဆင်ပြေမယ်ထင်ပါတယ်။ ဗီဇာကင်းလွတ်ခွင့် ပေးလိုက်တဲ့အတွက် နှစ်နိုင်ငံခရီးသွားလာရေးလုပ်ငန်းတွေလည်း တိုးတက်လာနိုင်တယ်။ နှစ်ပတ်ကျော်နေမယ့်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❋

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် ဩဂုတ် ၁၁**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ကြေညာထားသည်။

**(မြန်မာ့အလင်း)**

## မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်း လူငယ်မျိုးဆက်သစ်အများစုဖြင့် ပြန်လည်ဖွဲ့စည်း

**သတင်း-မောင်စိန်လွင်**
**(မြန်မာ့အလင်း)**

ရန်ကုန် ဩဂုတ် ၁၁

**ယခုဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ခြေစမ်းပွဲများ စတင်ယှဉ်ပြိုင်နိုင်ရန်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းကြီး၏ ဆန်ခါတင်ကစားသမားစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။**

ယနေ့ ထုတ်ပြန်လိုက်သည့် ပဏာမ မြန်မာ့လက်ရွေးစင်အမျိုးသား ဘောလုံးအသင်းကြီးတွင် အဓိကပါဝင်လာသည့် ကစားသမားအများစုမှာ ပြီးခဲ့သည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ခဲ့သည့် မြန်မာယူ-၂၀အသင်းမှ ကစားသမားအများစုနှင့် စင်ကာပူတွင် ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၂၃ အသင်းမှ အားကစားသမားအများစုကို ပြန်လည်ရွေးချယ်ထားပြီး ယခင်လက်ရွေးစင်အသင်းဟောင်းမှ ကစားသမားအနည်းငယ်သာ ထပ်မံရွေးချယ်ထားကြောင်း သိရသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ❀



ပဏာမမြန်မာ့အမျိုးသားအသင်းတွင် ရွေးချယ်ထားသည့် အောင်သူ၏ ကစားဟန်။

## တိမ်းမှောက်မှုဖြစ်ပွားခဲ့သည့် ရွှေလီဦးမော်တော်ယာဉ်ဖြင့် လိုက်ပါစီးနင်းခဲ့သည့် ခရီးသည်များ၏ စကားသံများ

*စာမျက်နှာ-၁၁*

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၁၁**

ဩဂုတ် ၁၁ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၆ မိနစ် ၂၆ စက္ကန့်အချိန်တိုင်းထွာချက်အရ ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် ၁၂၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တောင်ငူမြို့၏ တောင်-အနောက်တောင်ဘက် ၂၂ မိုင် ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း သိရသည်။

**(သတင်းစဉ်)**






mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

